# မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၃၃၅)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

**Myanma Alinn Daily**


၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်

၂၀၁၆ ခုနှစ်၊ စက်တင်ဘာ ၅ ရက်၊ သောကြာနေ့။


**ဒါန၌ တော်မင်္ဂလ မုတ္တမံ**

**စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းသည် မြတ်သောမင်္ဂလာ မည်၏။**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျာမနီနိုင်ငံသမ္မတ မစ္စတာ ဂျိုဝါချင်ဂေါက်ခ်တို့ တွေ့ဆုံ



**ဘာလင်  စက်တင်ဘာ  ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျာမနီနိုင်ငံသမ္မတ မစ္စတာ ဂျိုဝါချင်ဂေါက်ခ်တို့သည် စက်တင်ဘာ ၄ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ ဂျာမနီသမ္မတအိမ်တော်၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျာမနီနိုင်ငံသမ္မတအိမ်တော်သို့ အထူးယာဉ်တန်းဖြင့် ရောက်ရှိလာရာ ဂျာမနီနိုင်ငံသမ္မတက ရင်းနှီးခင်မင်စွာ ခရီးဦးကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နှစ်နိုင်ငံသမ္မတတို့သည် သမ္မတအိမ်တော်ရှေ့တွင် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျာမနီနိုင်ငံသမ္မတအိမ်တော်ရှိ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးရဲထွဋ်၊ ဦးစိုးသိန်း၊ ဦးအုန်းမြင့်၊ ဦးညဏ်ထွန်းအောင်၊ ဦးခင်မောင်စိုးနှင့် *စာမျက်နှာ ၃ ကော်လံ ၁* ✳

# တောင်သူများအတွက် ဆန်သိုလှောင်ရုံအာမခံစနစ် ရွှေ့ပြေးစီမံချက် နိုဝင်ဘာ၌ စတင်မည်



ပြည်တွင်းရှိ ဆန်လုပ်ငန်းတစ်ခုမှ ဆန်အိတ်များသိုလှောင်ထားရှိသည့် စနစ်တစ်ခုကို မြင်တွေ့ရစဉ်။

**သတင်း-သွန်းဝသန်**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန်  စက်တင်ဘာ  ၄**

တောင်သူများအတွက် သီးနှံထွက်ရှိချိန်တွင် ငွေကြေးလိုအပ်ချက်ကြောင့် ဈေးနှိမ်ခံရသော်လည်း ရရှိသမျှဈေးနှုန်းနှင့် ထုတ်ရောင်းနေရသည့် အခက်အခဲများအပေါ် အကူအညီများပေးမည့် ဆန်သိုလှောင်ရုံ အာမခံစနစ်ကို စတင်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သိရှိရသည်။

"ဈေးကျတဲ့အချိန်မှာ ကုန်စည်ကို ချက်ချင်းထုတ်ရောင်းဖို့ *စာမျက်နှာ ၈ ကော်လံ ၆* ■


**ယနေ့ မာတိကာ**

**ယူကရိန်းအား ထောက်ပံ့ကူညီသွားရန် အမေရိကန်နှင့်ဗြိတိန် ပူးတွဲကြေညာချက်ထုတ်ပြန်** စာမျက်နှာ » ၄

**ဒေသခံပြည်သူများအား နေရောင်ခြည်သုံး ဆိုလာမီးအိမ်များ ပေးအပ်** စာမျက်နှာ » ၁၁








## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# e-Government အသင့်ဖြစ်ရေးကြိုးပမ်း

မျက်မှောက်ခေတ်သည် အိုင်တီခေတ်ဖြစ်ပါသည်။ နေရာတိုင်းတွင် အိုင်တီနည်းပညာကိုအသုံးချလာကြသည်။ လူနည်းစုမှသည် လူများစု အိုင်တီကိုသုံးစွဲနိုင်သည့် ခေတ်တစ်ခေတ်ဆီသို့ ဦးတည်ရွေ့လျားနေပြီဖြစ်သည်။ ထိုအရွေ့အတွင်း အားလုံးလိုက်ပါနိုင်အောင်ကြိုးပမ်းနေကြပြီဖြစ်သည်။ လုပ်ငန်းကြီးငယ်တိုင်းတွင် အိုင်တီနည်းပညာကိုအသုံးချလာကြသည်။ အိုင်တီနည်းပညာကို အသုံးချလာနိုင်သည်နှင့်အမျှ လုပ်ငန်းများဆောင်ရွက်ရာတွင် လျင်မြန်စေပြီး အဆင်ပြေချောမွေ့လာမည်ဖြစ်သည်။

ဤအခြေအနေတွင် အစိုးရတိုင်းက ဆိုင်ရာဆိုင်ရာလုပ်ငန်းများနှင့် ထိတွေ့ဆက်ဆံလုပ်ကိုင်ရာတွင် လုပ်ငန်းများလျင်မြန်သွက်လက်ပြီး အဆင်ပြေစွာဆောင်ရွက်နိုင်ရေး e-Government ထူထောင်လုပ်ကိုင်ရန် စဉ်းစားလာကြသည်။ လူတို့၏ အိုင်တီနည်းပညာသုံးစွဲမှု တိုးတက်လာသည်နှင့်အမျှ e-Government သည် မလုပ်မဖြစ်တော့သည့် အနေအထားသို့ပင်ရောက်ရှိလာပြီဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံအတော်များများက e-Government ကို အကောင်အထည်ဖော်ဆောင်ရွက်နေကြပြီဖြစ်ပါသည်။ e-Government ဆောင်ရွက်ရာတွင် အီလက်ထရွန်နစ်ကိရိယာများကို အသုံးပြုကာ အစိုးရယန္တရားတစ်ခုလုံးကို လည်ပတ်အောင်ဆောင်ရွက်ခြင်းပင်ဖြစ်ပါသည်။ e-Government ထူထောင်ရာတွင် အဓိကအားဖြင့် ဌာနတိုင်းတွင်ပြည့်စုံသော ကွန်ပျူတာစနစ်များ၊ ကျွမ်းကျင်ဝန်ထမ်းများ၊ ဌာနတိုင်းဝက်ဘ်ဆိုက်များ၊ ကောင်းမွန်လုံလောက်သော အင်တာနက်ဆက်ကြောင်းများ စသည်ဖြင့် အသင့်ဖြစ်နေရမည်ဖြစ်ပါသည်။

ကုလသမဂ္ဂအဖွဲ့ကြီးမှထုတ်ပြန်ခဲ့သော အစီရင်ခံစာအရ အာရှတိုက်တွင် စင်ကာပူ၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့သည် e-Government အသင့်ဖြစ်နေသော နိုင်ငံများဖြစ်ကြောင်းသိရသည်။ ယင်းနိုင်ငံများအနက် စင်ကာပူနိုင်ငံသည် အာရှတိုက်တွင် ဝက်ဘ်ဆိုက်အခြေခံ အစိုးရယန္တရားစနစ် အပြည့်စုံဆုံး နိုင်ငံတစ်နိုင်ငံပင်ဖြစ်ကြောင်း သိရသည်။

ယခုအခါ ကျွန်ုပ်တို့မြန်မာနိုင်ငံတွင်လည်း ပြည်ထောင်စုအစိုးရ၏ e-Government စီမံကိန်းကို အကောင်အထည်ဖော်နိုင်ရန် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ကွန်ပျူတာပညာရှင်များအသင်း၊ လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများပူးပေါင်း၍ ဒေသတွင်း e-Government ကော်မတီများဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ ပြည့်စုံကောင်းမွန်သော e-Government စီမံကိန်းကို ၂၀၁၅ ခုနှစ်မတိုင်မီ အပြီးဆောင်ရွက်သွားရန် ကြိုးပမ်းဆောင်ရွက်နေကြသည်။

အမှန်စင်စစ် e-Government ထူထောင်လုပ်ကိုင်နိုင်ခြင်းသည် ပြည်တွင်းရှိဌာနအချင်းချင်း၊ လုပ်ငန်းများ၊ ကုမ္ပဏီများနှင့်သာ အပြန်အလှန်ချိတ်ဆက်အသုံးပြု၍ အကျိုးရှိသည်မဟုတ်ဘဲ ပြည်ပနိုင်ငံများအထိ အပြန်အလှန်ချိတ်ဆက်ပြီး အကျိုးဖြစ်ထွန်းမှုများရရှိလာမည်ဖြစ်ပါသည်။ နိုင်ငံတကာနှင့်ဆက်ဆံထိတွေ့ရသောလုပ်ငန်းများ အဆင်ပြေချောမွေ့လာမည်ဖြစ်ပါသည်။

ယခုအခါ ဌာနဆိုင်ရာအများစုတွင် ဝက်ဘ်ဆိုက်များ ထူထောင်ထားပြီးဖြစ်သော်လည်း ထိုဝက်ဘ်ဆိုက်ကို အသုံးပြုမှု အားနည်းလျက်ရှိပါသည်။ ဝက်ဘ်ဆိုက်များအတွင်း ဌာနအချင်းချင်း အပြန်အလှန်ချိတ်ဆက် အသုံးပြုမှု၊ သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ပေးမှု၊ ပြည်သူများကဝက်ဘ်ဆိုက်များအတွင်း ဝင်ရောက်ကြည့်ရှုမှု အားနည်းနေသည်ကိုတွေ့ရသည်။ အပြန်အလှန်ချိတ်ဆက်အသုံးပြုမှု အားကောင်းလာမှသာလျှင် e-Government ထူထောင်မှုသည်လည်း ပိုမိုအသက်ဝင်လာပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် လျင်မြန်တိုးတက်မှုကိုရရှိစေမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

# ပွင့်ဖြူမြို့နယ်၌ အုတ်ဖုတ်ရန်မြေတူးရာမှ ရှေးဟောင်းပစ္စည်းများတူးဖော်တွေ့ရှိ



**နေပြည်တော် စက်တင်ဘာ ၄**

၂၀၁၄ ခုနှစ် ဇွန် ၂၃ ရက်နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဥယျာဉ်ကျစ်ကျေးရွာအုပ်စု မင်းရွာကျေးရွာတောင်ဘက် ပေ ၃၀၀ ခန့်အကွာရှိ ကိုမောင်မောင်အေး မိသားစုပိုင်ခြံဝင်းအတွင်း အုတ်ဖုတ်ရန်မြေတူးရာမှ ရှေးဟောင်းပစ္စည်းများ တူးဖော်တွေ့ရှိခဲ့သည်။ အဆိုပါ ရှေးဟောင်းပစ္စည်းများကို ၄င်းတို့မိသားစုမှမိမိတို့ သဘောဆန္ဒအလျောက် နေပြည်တော် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနသို့ စက်တင်ဘာ ၃ ရက် မွန်းလွဲပိုင်းက အပ်နှံခဲ့ကြောင်းသိရသည်။ ရှေးဟောင်းပစ္စည်းများဖြစ်သော ကြေးထိုင်တော်မူ ဘုရားဆင်းတုအမြင့် ၃ ဒသမ ၆ လက်မ သုံး ဆူ၊ ကြေးထိုင်တော်မူဘုရားဆင်းတု အမြင့် ၃ ဒသမ ၇ လက်မတစ်စုံ၊ ကြေးသပိတ်ပိုက်လေးဆူတန်းဆင်းတုတော် အမြင့် ၄ လက်မတစ်စုံ၊ ကျောင်းဆောင်အမြင့် ၆ ဒသမ ၁ လက်မ တစ်ဆောင်၊ နဂါးရုံ ဘုရား ဆင်းတု (တံကဲအမြင့်ပါ) ၄ ဒသမ ၈ လက်မတစ်ဆူ၊ မတ်တပ်ရပ်ဆင်းတု (ပလ္လင်ခုံပါ) အမြင့် ၆ ဒသမ ၈ လက်မ တစ်ဆူ၊ မတ်တပ်ရပ်ဆင်းတု (ပလ္လင်ခုံ မပါ) အမြင့် ၄ ဒသမ ၉ လက်မ တစ်ဆူ၊ တံကဲပြား အမြင့် ၅ လက်မတစ်ခု၊ တံကဲပြား ၅ ဒသမ ၃ လက်မတစ်ခု၊ ပန်းလျှုပုံရုပ်တုအမြင့် ၄ ဒသမ ၆ လက်မ တစ်ခု၊ ပန်းလျှုပုံရုပ်တုအမြင့် ၄ ဒသမ ၅ လက်မ တစ်ခု၊ ပန်းလျှု ပုံကြေးရုပ်တုနှစ်ခုတွဲ အမြင့် ၃ ဒသမ ၉ လက်မတစ်ခု၊ မြေဇွန်းအရှည် ၉ ဒသမ ၅ လက်မ တစ်ချောင်း၊ လင်းကွင်းတစ်စုံ၊ အချင်းနှစ်လက်မတစ်ခြမ်း၊ ၂ ဒသမ ၂လက်မ တစ်ခြမ်း၊ အိုးအမြင့် ၂ ဒသမ ၂ လက်မ၊ အချင်း ၁ ဒသမ ၂လက်မ တစ်လုံး၊ မြေအိုး အမြင့် ၅ ဒသမ ၇ လက်မ၊ အချင်း ၃ ဒသမ ၇ လက်မ တစ်လုံး၊ ကြေးခြူ ခုနစ်လုံး၊ အုတ်ခဲ ၁၃×၂×၆ ဒသမ ၅ လက်မနှစ်ချပ်တို့ကို တူး၊ ရှေး၊ ကမ္ဘည်းကျောက်စာဌာနခွဲညွှန်ကြားရေးမှူး ဒေါ်စိုးစိုးဝင်းထံသို့ လှူဒါန်းအပ်နှံခဲ့ကြောင်းသိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**




# စစ်တွေမြို့ ဖွံ့ဖြိုးတိုးတက်ရေး မဏိပူရလမ်း ကွန်ကရစ်ခင်း

**စစ်တွေ စက်တင်ဘာ ၄**

ရခိုင်ပြည်နယ် စစ်တွေမြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အစိုးရမှ ငွေကျပ်သိန်းပေါင်း ၇၈၀၀ ကျော် ၇၈၄၈ ဒသမ ၄၃ သိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုပေးခဲ့ပြီး ရပ်ကွက်များအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဩဂုတ် စတုတ္ထပတ်မှစ၍ဆောင်ရွက်ကြရာ ကသဲရပ်ကွက်ရှိ မဏိပူရလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို စက်တင်ဘာ ၃ ရက်က ကုန်သည်လမ်းဘက်ခြမ်းမှ စတင်၍ ဆောင်ရွက်ခဲ့သည်။

အဆိုပါလမ်းမှာ ကုန်သည်လမ်းနှင့် မေယုလမ်းကို တောင်နှင့်မြောက် ဆက်သွယ်ထားသည့် အဓိကလမ်းဖြစ်၍ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၆၃၀ ဖြင့် ကသဲရပ်ကွက်အတွင်း လမ်းပိုင်းအရှည်ပေ၁၁၀၀ကို အကျယ် ၁၂ ပေ၊ ထု ၈လက်မ သံကူကွန်ကရစ်ခင်းခြင်းဖြစ်သည်။ လမ်းပြီးပါက ကသဲရပ်ကွက်၊ ညောဝတီရပ်ကွက်၊ စက်ရုံစုရပ်ကွက်နှင့် ကုန်တန်းရွာသစ်ရပ်ကွက်များရှိ အများပြည်သူများ၊ ကျောင်းသားကျောင်းသူများ သွားလာမှုလွယ်ကူချောမွေ့မည်ဖြစ်ပြီး စစ်တွေမြို့အတွင်း အဘက်ဘက်မှ လက်လှမ်းမီ၍ ကုန်စည်စီးဆင်းမှု မြန်ဆန်လာမည်ဖြစ်သဖြင့် အများပြည်သူများ ကျေးဇူးတင်လျက်ရှိသည်။

စစ်တွေမြို့သည် ပြည်နယ်စီးပွားရေးမြို့ဖြစ်သည်နှင့်အညီ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် အစိုးရသစ်လက်ထက်တွင် မြို့ပေါ်ရပ်ကွက် ၃၂ ခု၌ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့အတွက် အခြေခံကျသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**တောသားစံ(စစ်တွေ)**

**နိုင်ငံဘက်စုံတည်ဆောက်ရေး**
**မှန်မှန်ကန်ကန်အခွန်ပေး**




## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ခ/၅၁၉၀ Mine Star Jeep(4×2)L ယာဉ်လက်ဝယ်ရှိသူဦးအောင်ကျော်ခန့် ၅/ရဘန(နိုင်)၁၃၀၅၈၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**



ပြည်တွင်းသတင်း

# မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ ဆွေးနွေး

ဘာလင် စက်တင်ဘာ ၄

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်အဖွဲ့သည် စက်တင်ဘာ ၃ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ လေအားလျှပ်စစ်ထုတ်လုပ်သည့် လေရဟတ်များရှိသော Wind Park (Energy Sufficient Feldheim Village) ကို သွားရောက်လေ့လာကြသည်။**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့အား Wind Park ရှိ ရှင်းလင်းဆောင်၌ Energy Sufficient FeldheimVillage မှတာဝန်ရှိသူများက လေရဟတ်များမှ လေအားလျှပ်စစ်ထုတ်လုပ်နိုင်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက သိရှိလိုသည်များကိုမေးမြန်းဆွေးနွေးပြီး ဂျာမနီနိုင်ငံ၏ လျှပ်စစ်စွမ်းအင် ၂၅ ရာခိုင်နှုန်း ထုတ်လုပ်ပေးသည့် လေအားလျှပ်စစ်ထုတ်လုပ်နေသော လေရဟတ်များ တည်ရှိရာသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဂျာမနီနိုင်ငံ လွှတ်တော်ရုံးသို့ရောက်ရှိကြပြီး ဂျာမနီနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E.Mr. Norbert Lammert နှင့်တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံတွင် မဏ္ဍိုင်ကြီးသုံးရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားရေးမဏ္ဍိုင်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အချင်းချင်းအပြန်အလှန် ထိန်းကျောင်းဆောင်ရွက်နေမှု အခြေအနေ၊ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ် အဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသအဆင့်များတွင် အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအာဏာများ ခွဲဝေကျင့်သုံးနေမှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဆိုင်ရာ ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် Korber Foundation ရုံးချုပ်သို့ရောက်ရှိပြီး ဂျာမနီနိုင်ငံ Non-Political Think Tank အဖွဲ့ဖြစ်သော Korber Foundation ဥက္ကဋ္ဌ Mr. Christian Wriedt က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျာမနီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးနွယ်နှင့် သံရုံးမိသားစုများ၊ မြန်မာပညာတော်သင်များအား စက်တင်ဘာ ၃ ရက် ညပိုင်းတွင် ဘာလင်မြို့ရှိ မြန်မာနိုင်ငံသံအမတ်ကြီးနေအိမ်၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်ပြောင်းလဲနေသော နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့်ပုဂ္ဂလိကကဏ္ဍတို့တွင် ပြုပြင်ပြောင်းလဲနေမှုများ၊ နိုင်ငံတကာဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီး အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့အား Wind Park ရှိ ရှင်းလင်းဆောင်တွင် Energy Sufficient Feldheim Village မှ တာဝန်ရှိသူများက လေရဟတ်များမှ လေအားလျှပ်စစ်ထုတ်လုပ်နိုင်မှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)



## တွေ့ဆုံဆွေးနွေး

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျာမနီနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H. E. Mr. Norbert Lammert နှင့် တွေ့ဆုံဆွေးနွေးစဉ်။**

(သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျာမနီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးနွယ်နှင့် သံရုံးမိသားစုများ၊ မြန်မာပညာတော်သင်များအား တွေ့ဆုံစဉ်။**

(သတင်းစဉ်)

✳ *ရှေ့ဖုံးမှ*

ဂျာမနီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးနွယ်တို့ တက်ရောက်ကြပြီး ဂျာမနီနိုင်ငံ သမ္မတနှင့်အတူ ဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဂျာမနီသမ္မတ မစ္စတာ ဂျိုဝါချင်ဂေါက်ခ်သည် မြန်မာနိုင်ငံသို့ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်မှ ၁၂ ရက်အထိ လာရောက်လည်ပတ်ခဲ့ပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ယခုအကြိမ်သည် နှစ်နိုင်ငံသမ္မတနှစ်ဦး ဒုတိယအကြိမ်တွေ့ဆုံမှုဖြစ်သည်။

**(သတင်းစဉ်)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

◆ *ကျောဖုံးမှ*

တည်ဆောက်ရေး လုပ်ငန်းတွေ အကောင်အထည်ဖော်တော့မှာပါ”ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာ(လမ်း/တံတား)ဌာနမှ လက်ထောက်ဌာနမှူး ဦးကျင်အုန်းက ပြောကြားသည်။

တံတားအဟောင်းသည် သက်တမ်းရင့်နေပြီဖြစ်သဖြင့် မော်တော်ယာဉ်များအသုံးပြုခွင့်မပြုဘဲ စက်ဘီး၊ ဆိုက်ကားနှင့် လူတို့ကိုသာ ဖြတ်သန်းသွားလာခွင့်ပြုထားသည်။ တည်ဆောက်မည့် တံတားအသစ်ကို တံတားအဟောင်းနှင့် ၂၅ ပေခန့် အကွာတွင်ကပ်ပြီး တည်ဆောက်သွားရန် စီစဉ်ထားသည်။

အသစ်တည်ဆောက်မည့် တံတားအရှည်သည် ၁၃၃၆ ပေဖြစ်ပြီး အကျယ်ပေ ၄၀ ရှိကာ နှစ်လမ်းသွားဖြစ်သည်။ တံတားပေါ်ရှိ နှစ်လမ်းသွားကားလမ်း တစ်ဖက်တစ်ချက်တွင် လူသွားလမ်း များပါရှိမည်ဖြစ်သည်။

တံတားသစ်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက တာဝန်ယူ တည်ဆောက်မည်ဖြစ်ပြီး တံတားအပေါ်ထည်မှာ သံကူကွန်ကရစ်ကြမ်းခင်း၊ သံကူကွန်ကရစ်ရက်မဖြစ်ကာ အောက်ထည်မှာ ကြိုတင်အားဖြည့်သွန်းလောင်း ကွန်ကရစ်ရက်မများဖြင့် တည်ဆောက်မည်ဖြစ်သည်။

တံတား တည်ဆောက်ရာတွင် ရေလယ်တိုင်များကို မူလတံတားဟောင်းတိုင်များအတိုင်း တည်ဆောက်သွားရန် စီစဉ်ထားသည်။ ယင်းမှာ တံတားတည်ဆောက်နေစဉ် ကာလအတွင်း ရေယာဉ်များအတွက် ရေလမ်းကြောင်း ပြောင်းလဲခြင်း မဖြစ်စေရန် စီစဉ်ခြင်းဖြစ်သည်။

တံတားအသစ် တည်ဆောက်ရာတွင် တံတားကြမ်းခင်းအမြင့်ကို မူလတံတားဟောင်းကြမ်းခင်းထက် ခြောက်ပေခန့် ပိုမြင့်စွာ တည်ဆောက်မည်ဖြစ်သည်။ ယင်းမှာ ရေတက်ချိန်တွင်လည်း ရေယာဉ်များ အခက်အခဲမရှိ မောင်းနှင်သွားလာနိုင်ရန်အတွက်ဖြစ်ကြောင်း သိရသည်။

တံတားအသစ် တည်ဆောက်ရာတွင် ချဉ်းကပ်လမ်းတစ်ဖက်တစ်ချက်ကို အရှည်မီတာ ၅၀ ပြုလုပ်ဆောင်ရွက်ရန် စီစဉ်ထားပြီး လာမည့်နိုဝင်ဘာလ၌ တည်ဆောက်ရေးလုပ်ငန်းများစတင်ရန် ပြင်ဆင်လျက်ရှိသည်။ တံတားတည်ဆောက်ပြီးစီးမှုကို ၂၀၁၅ ခုနှစ် ဇွန်လ၌ အပြီးတည်ဆောက်ရန်အပြင် ချဉ်းကပ်လမ်းများပါ အပြီးတည်ဆောက်ပါက ၂၀၁၅ ခုနှစ် ဩဂုတ်လခန့်တွင် တည်ဆောက်မှု လုပ်ငန်းများအားလုံးပြီးစီးနိုင်မည်ဟု မျှော်မှန်းထားသည်။

တံတား တည်ဆောက်နိုင်မှုကြောင့် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ဒေါပုံမြို့နယ်များကို မော်တော်ယာဉ်များ လျင်မြန်စွာဖြတ်သန်းမောင်းနှင်နိုင်မည့် လမ်းကြောင်းသစ် ထွက်ပေါ်လာမည်ဖြစ်ရာ မော်တော်ယာဉ်ပိတ်ဆို့မှုကိုလည်း လျော့ကျသွားစေနိုင်မည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

နိုင်ငံတကာသတင်း

# ယူကရိန်းအား ထောက်ပံ့ကူညီသွားရန် အမေရိကန်နှင့်ဗြိတိန် ပူးတွဲကြေညာချက်ထုတ်ပြန်

**ဝါရှင်တန် စက်တင်ဘာ ၄**

ယူကရိန်းနိုင်ငံအတွင်း ရုရှားက တပ်ဖွဲ့ဝင်များ စေလွှတ်နေသည်ဟု စွပ်စွဲနေချိန် အမေရိကန်သမ္မတနှင့် ဗြိတိန်ဝန်ကြီးချုပ်တို့က ကီယက်ဗ်အစိုးရကို ထောက်ပံ့ကူညီရန် ပူးတွဲကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်။

ယူကရိန်းအရှေ့ပိုင်း၌ ဖြစ်ပွားနေသောပဋိပက္ခတွင် မော်စကို၏ အခန်းကဏ္ဍနှင့် ပတ်သက်ပြီး အနောက်နိုင်ငံများက ထိပ်တိုက်ရင်ဆိုင်ရေးအစီအမံများ ဆွေးနွေးရေးအတွက် နေတိုးထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် ဗြိတိန်သို့ သမ္မတအိုဘားမား ရောက်ရှိလာပြီးနောက် အဆိုပါ ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

နှစ်နိုင်ငံ ခေါင်းဆောင်များက ဥရောပအရှေ့ပိုင်း၌ တပ်ဖွဲ့ဝင်များ ဆက်လက်ဖြန့်ကြက်ထားရန်လည်း တိုက်တွန်းဆော်ဩလိုက်သည်။

ယင်းတို့နှစ်ဦးသည် ကမ္ဘာ့မည်သည့်နေရာမဆို အလျင်အမြန် တိုက်ခိုက်ရေးတပ်များ ဖြန့်ကြက်ထားရန်နှင့် ပတ်သက်ပြီးလည်း ထောက်ခံခဲ့သည်ဟု ဆိုသည်။

ဝေးလ်၌ ထိပ်သီးအစည်းအဝေး ကျင်းပစဉ် ယူကရိန်းအရှေ့ပိုင်း ကျူးကျော်ရန်စလာမှုအပေါ် အလျင်အမြန်တုံ့ပြန်ရန် နေတိုးအဖွဲ့ဝင် ၂၈ နိုင်ငံက အမြန်တုံ့ပြန်တိုက်ခိုက်ရေးတပ်ဖွဲ့ကိုလည်း သဘောတူညီလိမ့်မည်ဖြစ်ကြောင်း နေတိုးအတွင်းရေးမှူးချုပ် အန်းဒါးစ်ဖော့ဂ်ရပ်မတ်ဆင်က ပြောကြားလိုက်သည်။ **(ပရက်စ်တီဗွီ)**



# အကျင့်ပျက်ခြစားမှုဖြင့် ၉၆၆ ဦးကို ဗင်နီဇွဲလားတွင် ဖမ်းဆီးထား

**ကာရာကာ့စ် စက်တင်ဘာ ၄**

ယခင်အစိုးရအရာရှိဟောင်းများအပါအဝင် စုစုပေါင်း ၉၆၆ ဦးကို အကျင့်ပျက်ခြစားမှု၊ ပြည်သူ့ဘဏ္ဍာအလွဲသုံးစားမှုနှင့် ဖမ်းဆီးခဲ့ကြောင်း ရှေ့နေချုပ် လူဗစာအော်တီဂါဒီဇ်က လွန်ခဲ့သောဗုဒ္ဓဟူးနေ့က ကြေညာခဲ့သည်။

၎င်းတို့ထဲမှ လူတချို့ကို ဇန်နဝါရီ ၁ ရက်မှ ဩဂုတ် ၂၉ ရက်ထိ အမှုကျူးလွန်နေစဉ် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း အော်တီကာက ဗီနီဗီးရှင်းရုပ်သံသို့ ပြောကြားခဲ့သည်။ ၁၄၈ ဦးက အပြစ်ရှိကြောင်း ဝန်ခံထွက်ဆိုခဲ့သည်ဟု သူမက ထပ်လောင်းပြောကြားခဲ့သည်။

ကျူးလွန်သူအချို့၏ ဘဏ္ဍာငွေများ၊ နိုင်ငံပြင်ပသို့ ခိုးထုတ်မည့် တန်ဖိုးရှိပစ္စည်းကို ပြန်လည်ရရှိအောင် ပြည်သူ့တရားရုံးက ကြိုးစားနေသည်။ အမှုမှ တိမ်းရှောင်နေသူများ၏ ဒေါ်လာများကို ပြန်လည်ရရှိအောင် ကြိုးစားနေကြောင်း။ ၎င်းတို့တွင် တရားမဝင်နည်းလမ်းဖြင့် ရှာဖွေထားသော ဒေါ်လာများနှင့် ပိုင်ဆိုင်မှုများရှိသည်ဟု မိမိတို့သတင်းရရှိထားကြောင်း၊ ယင်းကိစ္စများနှင့်ပတ်သက်ပြီး မိမိတို့ကြိုးစားဆောင်ရွက်နေပါကြောင်း အော်တီကာက ပြောသည်။

ငွေကြေးအလွဲသုံးစားမှုများနှင့် နိုင်ငံမှထွက်ပြေးတိမ်းရှောင်နေသော မြို့တော်ဝန်တစ်ဦးကို ဖမ်းဆီးပေးရန် ဗင်နီဇွဲလားက နိုင်ငံတကာမှုခင်းနှိမ်နင်းရေးရဲတပ်ဖွဲ့ကို အကူအညီတောင်းခဲ့ကြောင်းလည်း ၎င်းက ဖြည့်စွက်ဖော်ပြခဲ့သည်။ **(ဆင်ဟွာ)**

# အယ်လ်ခိုင်ဒါစစ်သွေးကြွ အိန္ဒိယ၌ အဖွဲ့ခွဲဖွဲ့စည်း

**နယူးဒေလီ စက်တင်ဘာ ၄**

တောင်အာရှဒေသတစ်ခွင် ဂျီဟတ်အလံလွှင့်ထူရန်အတွက် အိန္ဒိယတွင် စစ်သွေးကြွအုပ်စု အဖွဲ့ခွဲတစ်ခုကို ဖွဲ့စည်းမှုနှင့်ပတ်သက်၍ အယ်လ်ခိုင်ဒါခေါင်းဆောင် အယ်လ်ဇာဝါဟီရီက ဗီဒီယိုသတင်းထုတ်ပြန်မှုတစ်ခုတွင် ဖော်ထုတ်ကြေညာလိုက်သည်။

အဆိုပါဗီဒီယိုတွင် ဇာဝါဟီရီက အာဖဂန် တာလီဘန်ခေါင်းဆောင် မူလာအိုမာကို သစ္စာခံကြောင်းကိုလည်း ပြန်လည်ထုတ်ဖော်ပြောကြားလိုက်ရာ ယင်းအချက်မှာ အိုင်အက်စ်စစ်သွေးကြွများကို ထင်ထင်ရှားရှား ပမာမခန့်ပြုလိုက်ခြင်းဖြစ်ကြောင်း သတင်းထောက်များက ပြောကြားသည်။

ကမ္ဘာတစ်ဝန်း အစ္စလာမ္မစ် စစ်ရေးလှုပ်ရှားမှုများအပေါ် ဦးဆောင်မှုနှင့်ပတ်သက်၍ အိုက်အက်စ်က အယ်လ်ခိုင်ဒါတို့ကို စိန်ခေါ်ထားသည်။ **(ဘီဘီစီ)**

# အနောက်အာဖရိက၌ အီဘိုလာကူးစက်မှုကြောင့် ၁၉၀၀ သေဆုံး

**ဂျီနီဗာ စက်တင်ဘာ ၄**

အနောက်အာဖရိက၌ အီဘိုလာဖြစ်ပွားမှုကြောင့် သေဆုံးသူ ၁၉၀၀ ကျော် ရှိလာပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က ပြောခဲ့သည်။

ဂီနီ၊ ဆီရာယာလီယွန်နှင့် လိုက်ဘေးရီးယားတို့၌ ရောဂါကူးစက်ခံရသူပေါင်း ၃၅၀၀ ရှိကြောင်း ဒဗလျူအိတ်ချ်အို အကြီးအကဲ Margaret Chan က ပြောခဲ့သည်။

အီဘိုလာဆိုင်ရာ ဆေးဝါး စမ်းသပ်ထုတ်လုပ်နေမှု အခြေအနေများကို ဆွေးနွေးမှုပြုလုပ်ရန် အစည်းအဝေးတစ်ရပ်ကို ဒဗလျူအိတ်ချ်အိုက ကြာသပတေးနေ့က ကျင်းပခဲ့သည်။ **(ဘီဘီစီ)**

# ယူရေနီယမ်အရောင်းမြှင့်တင်ရန် အက်ဘော့ အိန္ဒိယသို့လာရောက်



**ဆစ်ဒနီ စက်တင်ဘာ ၄**

ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ် တိုနီအက်ဘော့သည် ယူရေနီယမ်အရောင်းမြှင့်တင်ရေး လုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး အိန္ဒိယနိုင်ငံသို့ နှစ်ရက်ကြာ လာရောက်ခဲ့သည်။

မစ္စတာအက်ဘော့သည် အိန္ဒိယနိုင်ငံ၏ အသစ်တင်မြှောက်ထားသော ဝန်ကြီးချုပ်နာရန်ဒရာမိုဒီနှင့် လာမည့်သောကြာနေ့တွင် ဒေလီ၌ မတွေ့ဆုံမီ မွမ်ဘိုင်းတွင် ခေတ္တနားမည်ဖြစ်သည်။

အိန္ဒိယဝန်ကြီးချုပ်က အိန္ဒိယနိုင်ငံသို့ ဩစတြေးလျနိုင်ငံမှ ယူရေနီယမ်တင်ပို့မည့်ကိစ္စကို သဘောတူလက်မှတ်ရေးထိုးရန် မျှော်လင့်ထားကြောင်း ပြောခဲ့သည်။ ဩစတြေးလျသည် ကမ္ဘာ့ယူရေနီယမ်ပို့ကုန်၏ ၄၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားပြီး တရုတ်၊ ဂျပန်၊ တရုတ်(တိုင်ပေ)နှင့် အမေရိကနိုင်ငံများသို့လည်း ယူရေနီယမ် တင်ပို့လျက်ရှိသည်။

ဩစတြေးလျနိုင်ငံသည် ယခင်က အိန္ဒိယနိုင်ငံသို့ ယူရေနီယမ်ရောင်းချခဲ့သည့် သမိုင်းအစဉ်အလာမရှိခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် အိန္ဒိယနိုင်ငံသည် နျူကလီးယားမပြန့်ပွားရေးစာချုပ် ချုပ်ဆိုထားသော နိုင်ငံမဟုတ်သည့်အတွက် ဖြစ်သည်။

“ကျွန်တော်တို့အတွက်ကတော့ ဩစတြေးလျနိုင်ငံဟာ သဘာဝအရင်းအနှီးများပံ့ပိုးတဲ့ အဓိကနိုင်ငံ တစ်ခုဖြစ်လာပြီး အထူးသဖြင့် ကျွန်တော်တို့ရဲ့ စွမ်းအင်ဖွံ့ဖြိုးမှုလိုအပ်ချက်ကို ဖြည့်ဆည်းပေးခဲ့တဲ့နိုင်ငံတစ်ခုပါ”ဟု အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဆန်ဂျေးဘက်တာချာရာက ပြောခဲ့သည်။**(ဘီဘီစီ)**

# ရုရှားသို့ပေးရန်ရှိသည့် စစ်သင်္ဘော ပြင်သစ်က ဆိုင်းငံ့ထားမည်ဆို

**ပါရီ စက်တင်ဘာ ၄**

ပြင်သစ်နိုင်ငံအနေဖြင့် ရုရှားသို့ပေးပို့ရန်ရှိသည့် စစ်သင်္ဘောနှစ်စင်းအနက် ပထမဆုံးအစင်းကို ပေးပို့ရန် ဆိုင်းငံ့ထားကြောင်း ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

ပြင်သစ်နိုင်ငံအနေဖြင့် ရုရှားသို့ပေးပို့ရန်ရှိသည့် ပထမဆုံးစစ်သင်္ဘောပေးပို့ရန် ရက်မသတ်မှတ်နိုင်သေးကြောင်း ဟော်လန်က ကြေညာချက်ကို ၎င်း၏ရုံးမှ ထုတ်ပြန်ခဲ့သည်။ မစ္စတာ ဟော်လန်က လွန်ခဲ့သောနှစ်လတွင် ရုရှားသို့ ပေးပို့ရန်ရှိသည့် ပထမဆုံးစစ်သင်္ဘောကို အောက်တိုဘာလအတွင်း ပေးပို့နိုင်ဖွယ်ရှိကြောင်း ကြေညာခဲ့သည်။ **(ဆင်ဟွာ)**

# ဝါဇီရစ္စတန်၌ ပါကစ္စတန်အစိုးရတပ်များက ထိုးစစ်ဆင်တိုက်ခိုက်မှု စစ်သွေးကြွ ၉၁၀ သေဆုံး



**ကရာချိ စက်တင်ဘာ ၄**

မြောက်ဝါဇီရစ္စတန် လူမျိုးစုဒေသ၌ ပြီးခဲ့သည့်ဇွန်လက နိုင်ငံတစ်ဝန်း စီးနင်းတိုက်ခိုက်မှုများ ပြုလုပ်ပြီးကတည်းက စစ်သွေးကြွများဟု ယူဆရသူ ၉၀၀ ထက်မနည်း သေဆုံးခဲ့ပြီး တပ်ဖွဲ့ဝင် ၈၂ ဦး သေဆုံးခဲ့ကြောင်း ပါကစ္စတန်အစိုးရတပ်များက ပြောခဲ့သည်။

ဝါဇီရစ္စတန်ဒေသရှိ အဓိကမြို့ကြီးများသည် တာလီဘန်တို့၏ အမာခံနယ်မြေများဖြစ်ကြပြီး ၎င်းတို့၏ ထိန်းချုပ်မှုအောက်၌ ရှိခဲ့ကြသည်ဟု အစိုးရတပ်များက ဆိုခဲ့သည်။

အာဖဂန်နယ်စပ်အနီး လူမျိုးစုဒေသများသို့ မီဒီယာသမားများ ဝင်ရောက်မှုကိုလည်း ပိတ်ဆို့ထားသည်။ တာလီဘန်များအား ကာလရှည်ထိုးစစ်ဆင်တိုက်ခိုက်မှုများကို ၎င်းတို့အကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြားခဲ့ပြီးနောက် စတင်ခဲ့ခြင်းဖြစ်သည်။

စစ်သွေးကြွများ၏ အမာခံနယ်မြေများဟု ယူဆရသည့် မာရန်ရှား၊ မီယာအလီ၊ ဒါတာကဲလ်၊ ဘိုယာနှင့် ဒေဂန်အစရှိသည့် အဓိကမြို့ကြီးများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆင်ရေးများ ပြုလုပ်ခဲ့သည်။

ဇွန်လအတွင်း နိုင်ငံတစ်ဝန်း စစ်ဆင်ရေးများ၌ စစ်သွေးကြွ ၄၂ ဦး သေဆုံးခဲ့ပြီး အခြား ၁၀၀ ကျော်ကို ဖမ်းဆီးရခဲ့သည်ဟု ဆိုသော်လည်း သေဆုံးခဲ့သည့် အရပ်သားအရေအတွက်ကို အသေးစိတ်ဖော်ပြခဲ့ခြင်း မရှိပေ။ အဆိုပါတိုက်ခိုက်မှုများကြောင့် ဒေသခံပြည်သူ ၈၀၀၀၀၀ ခန့် နေအိမ်များစွန့်ခွာထွက်ပြေးကြရသည်။

ပါကစ္စတန်နိုင်ငံအတွက် စစ်သွေးကြွများ၏ တိုက်ခိုက်မှုများသည် ပါကစ္စတန်တပ်မတော်က ထိုးစစ်ဆင်တိုက်ခိုက်မှုများ စတင်ပြုလုပ်ပြီးနောက် အနည်းငယ်လျော့နည်းခဲ့သည်။ **(ဘီဘီစီ)**

ပြည်တွင်းသတင်း

# ရရှိဘဏ္ဍာငွေများကို ခွင့်ပြုထားသောလုပ်ငန်းများအလိုက် စနစ်တကျနှင့်ထိထိရောက်ရောက်သုံးစွဲနိုင်ကြရန် ဆောင်ရွက်ရန်လိုအပ်

နေပြည်တော် စက်တင်ဘာ ၄

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်ရှိ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့မိမြို့ဖများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ယနေ့နံနက် ၁၁ နာရီတွင် ဖြူးမြို့နယ်စည်ပင်သာယာခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။**

အဆိုပါတွေ့ဆုံပွဲသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဆွေ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းထားသော ကော်မတီများသည် သက်ဆိုင်ရာ ပြည်သူများ၊ ပြည်သူ့ကိုယ်စားလှယ်များနှင့် ညှိနှိုင်းတိုင်ပင်ပြီး လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဘဏ္ဍာငွေရရှိရေးနှင့် ရရှိဘဏ္ဍာငွေများကို ခွင့်ပြုထားသော လုပ်ငန်းများအလိုက် စနစ်တကျနှင့် ထိထိရောက်ရောက် သုံးစွဲနိုင်ကြရန် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

ထို့အတူ ရှေးယခင်က မရရှိခဲ့သော ဒီမိုကရေစီအခွင့်အရေးများကို ယခုအခါ ရရှိလာပြီး စနစ်တကျ မှန်မှန်ကန်ကန် အသုံးပြုသွားရန် ဖြစ်ကြောင်းနှင့် ဒီမိုကရေစီပိုမိုရှင်သန်တိုးတက်ရေးအတွက် အားလုံးပါဝင်ဆောင်ရွက်သွားကြရန်လိုကြောင်း။

လွှတ်တော်များသည်လည်း ဒီမိုကရေစီဖော်ဆောင်ရာတွင် "ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့ မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်" ဆိုသော ဆောင်ပုဒ်သည် လွှတ်တော်၏ မူဝါဒဖြစ်၍ စစ်မှန်သော ပြည်သူ့အသံ ပြည်သူ့ဆန္ဒ ရရှိအောင် လွှတ်တော်ကိုယ်စားလှယ်များက ဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းက ပဲခူးတိုင်းဒေသကြီးအတွင်း ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဆောင်ရွက်နေမှု၊ ကျေးရွာများကို မြို့အဖြစ် ပြောင်းလဲလုပ်ဆောင်နေမှု၊ မြို့နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ပဲခူးမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသည့် စိုက်ခင်းများအတွက် နိုင်ငံတော်အစိုးရက ကူညီပံ့ပိုးဆောင်ရွက်ပေးမှု၊ ဖြူးမြို့နယ်မြို့တော်ခန်းမ တည်ဆောက်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ၂၈ မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ဘတ်ဂျက်၊ တိုင်းဒေသကြီးဘတ်ဂျက်များဖြင့် ဆောင်ရွက်ရာတွင် မျှမျှတတရှိအောင် ထိန်းကျောင်းဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်အပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ဖြူးမြို့နယ်မြို့တော်ခန်းမပုံစံငယ် ဓာတ်ပုံများကို ကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့သည်။ **(သတင်းစဉ်)**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဖြူးမြို့နယ်စည်ပင်သာယာခန်းမ၌ ကျင်းပသည့် တွေ့ဆုံပွဲတွင် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။** (သတင်းစဉ်)

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် UN, INGOs အဖွဲ့များနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာများ ဆွေးနွေး

**စစ်တွေ စက်တင်ဘာ ၄**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းသည် စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီက စစ်တွေမြို့ ပြည်နယ်အရေးပေါ် ပေါင်းစပ်ညှိနှိုင်းရေးစင်တာ (ECC) အစည်းအဝေးခန်းမ၌ UN,INGOs အဖွဲ့များနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးသည်။

ညှိနှိုင်းဆွေးနွေးရာသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ရခိုင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်ရဲတပ်ဖွဲ့၊ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် UN, INGOs အဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးရာတွင် ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရခိုင်ပြည်နယ်အတွင်း ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်းဆုံးဖြစ်အောင်ကြိုးပမ်းလုပ်ဆောင်လျက်ရှိပြီး UN, INGOs အဖွဲ့များအနေဖြင့် တိုင်းရင်းသားများကို အလေးထားသကဲ့သို့ နိုင်ငံတော်ကလည်း အလေးထားဆောင်ရွက်ပေးလျက် ရှိနေပါကြောင်း၊ တစ်ဖက်တွင်လည်း ရခိုင်တိုင်းရင်းသားတို့၏ ဆန္ဒနှင့်ကိုက်ညီအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ UN,INGOs အဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ချက်များသည် လက်ရှိ အခြေအနေတွင် အဆင်ပြေချောမွေ့လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ တိုင်းရင်းသားများ၏ ခံစားမှုကို ထဲထဲဝင်ဝင် လေ့လာစဉ်းစားပြီး ညှိနှိုင်းပေါင်းစပ်လုပ်ဆောင်ပါက UN,INGOs အဖွဲ့များ၏လုပ်ငန်းများအားလုံး အဆင်ပြေမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားများအနေဖြင့် အဓိကမျှတမှုကို လိုချင်နေကြကြောင်း၊ လက်ရှိ IDP စခန်းများတွင် ရခိုင်တိုင်းရင်းသား IDP နှင့် ဘင်္ဂါလီ IDP နှစ်မျိုးနှစ်စားရှိပြီး ဘင်္ဂါလီ IDP က ပိုမိုများပြားသည်ကိုတွေ့ရမည်ဖြစ်ပါကြောင်း၊ ရခိုင်တိုင်းရင်းသား ကျေးရွာများတွင် ဆင်းရဲချို့တဲ့သည့် ကျေးရွာများစွာရှိကြပြီး IDP ထက်နိမ့်ကျသည့်အခြေအနေတွင်ရှိနေကြသည့်အတွက် UN,INGOs အဖွဲ့များအနေဖြင့် ၎င်းတို့အား လျစ်လျူရှုပစ်ပယ်မထားဘဲ ကွင်းဆင်းလေ့လာညှိနှိုင်းပြီး အလေးပေးဆောင်ရွက်ပါက လုပ်ငန်းများ ပိုမိုအဆင်ပြေစွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ UN,INGOs အဖွဲ့များတွင် တိုင်းရင်းသားဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးပြီး လက်တွဲခေါ်ယူသွားကြရန်ဖြစ်ပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် UN,INGOs အဖွဲ့များကို လက်ကမ်းကြိုဆိုမည်၊ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး လုံခြုံရေးနှင့်နေရာထိုင်ခင်း အဆင်ပြေရေးအတွက်ကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိနေပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် UN,INGOs အဖွဲ့များ၏သိရှိလိုသည့် မေးမြန်းချက်များကို ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ဖြေကြားခဲ့သည်။

**ရှင်းလင်းမှာကြား**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သက္ကေပြင် အခြေခံပညာ အလယ်တန်းကျောင်း၌ စစ်တွေမြို့နယ် ဘင်္ဂါလီကယ်ဆယ်ရေးစခန်းများမှ ရပ်မိ ရပ်ဖများနှင့် တွေ့ဆုံပြီး ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှုဥပဒေနှင့်အညီ ဆောင်ရွက်မည့်လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သွားရမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်းက ၁၉၈၂ခုနှစ် နိုင်ငံသားဖြစ်မှုဥပဒေနှင့်အညီ မြေပုံမြို့နယ်၌ ဆောင်ရွက်နေသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် သက္ကေပြင်နှင့် ခေါင်းဒုက္ခာ ကယ်ဆယ်ရေးစခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**(ပြည်နယ် ပြန်/ဆက်)**

# မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၄**

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ပို့ဆောင်ရေးဝန်ကြီးဌာန တင်သွင်းသော မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ရေးရာဆောင်အမှတ် (I-2) ၌ ညှိနှိုင်းဆွေးနွေးခဲ့သည်။

**တက်ရောက်**

အဆိုပါညှိနှိုင်းဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာ ဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

❐ *ကျောဖုံးမှ*

(ကမ္ဘောဇ)၊ အလယ်တန်း-အောင်ရှိုးသာမောင်(မကွေး)၊ လှိုင်ဘိုဘို(ရတနာပုံ)၊ သက်ပိုင်ဦး(ဇေယျာရွှေမြေ)၊ ထူးထူးအောင်(မကွေး)၊ သိန်းဇော်(မနောမြေ)၊ ကောင်းဆက်နိုင်(မကွေး)၊ အောင်ကိုကိုဦး(နေပြည်တော်)၊ ရန်နိုင်ထွေး(ဆောက်သမ်း)၊ မျိုးဇော်ဦး(မကွေး)၊ နိုင်နိုင်ကျော်(ဖွဲ့ကပင်)၊ ရွှေ့တန်း-ရဲအောင်(ဆောက်သမ်း)၊ သန့်ဇော်ဟိန်း(နေပြည်တော်)၊ ချစ်စုမိုး(ချင်း)နှင့် သန်းထက်အောင်(ရန်ကုန်)တို့ ပါဝင်ကြသည်။




## မိုးလေဝသအခြေအနေ

**နေပြည်တော်၊ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ **မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** နေရာကွက်ကျား ထစ်ချုန်းရွာမည်။ **နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းမည်။ **မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# အေးဆုပြည့်အောင် ကံ့ကော်တစ်ထောင်

**စေတနာမောင်**

ကပ်ကမ္ဘာသည် သာရ၊ မဏ္ဍ၊ ဝရ၊ သာရမဏ္ဍ၊ ဘဒ္ဒဟူ၍ ငါးမျိုးရှိပါသည်။ သာရကမ္ဘာ၌ ဘုရားတစ်ဆူသာ ပွင့်ပါသည်။ မဏ္ဍကမ္ဘာ၌ ဘုရားနှစ်ဆူ၊ ဝရကမ္ဘာ၌ ဘုရားသုံးဆူ၊ သာရမဏ္ဍကမ္ဘာ၌ ဘုရားလေးဆူ၊ ဘဒ္ဒကမ္ဘာ၌ ဘုရားငါးဆူ အသီးသီးပွင့်တော်မူကြပါသည်။

ဤကမ္ဘာသည် ဘုရားငါးဆူပွင့်တော်မူမည့် ဘဒ္ဒကမ္ဘာဖြစ်ပါသည်။ ယခုအခါ ဘုရားလေးဆူပွင့်တော်မူပြီးဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် ကျွတ်တမ်းမဝင်နိုင်သေးသည့် စာရေးသူတို့အဖို့ နောင်ပွင့်မည့် အရိမေတ္တေယျမြတ်စွာဘုရားအား ဖူးမြော်ခွင့်ရရှိရန် အခွင့်အရေးတစ်ရပ် ကျန်ရှိနေပါသည်။

အရိမေတ္တေယျမြတ်စွာဘုရားအား ဖူးမြော်ခွင့်ရမည့် ပုဂ္ဂိုလ်များမှာ ရဟန်း ပြုသူ၊ ရဟန်းဒါယကာခံသူ၊ မိဘကိုလုပ်ကျွေးသူ၊ သီလဆောက်တည်သူ၊ စေတီ၊ ပုထိုး၊ ရေတွင်း၊ ရေကန်၊ ကျောင်း၊ တံတား တည်ဆောက်ပြုပြင်သူ၊ ဆွမ်းလောင်းလှူသူ၊ ဗောဓိညောင်စိုက်ပျိုးသူ၊ ပစ္စည်းလေးပါးလှူဒါန်းသူ၊ တရားဘာဝနာပွားများသူတို့ဖြစ်ကြောင်း မှတ်သားဖူးပါသည်။

လူ့ပြည်လောကကြီးသည် နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့၏စည်းစိမ်ချမ်းသာ တန်ခိုးတေဇာတို့ကို နေ့ညမရွေး ထုတ်လုပ်ပြုပြင်၍ပေးနေသည့် အချက်အချာ ဗဟိုဌာနကြီးဖြစ်ပါသည်။ ထို့အပြင် နတ်ပြည်၊ ဗြဟ္မာ့ပြည်သို့သွားရာ ကူးတို့ဆိပ်ကြီးသဖွယ်လည်းဖြစ်ပါသည်။ လူ့ပြည်မှ လူတို့သည် မိမိတို့၏ကုသိုလ်ပုညအားလျော်စွာ နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့သို့ နေ့ညမရွေး ကူးသန်းရွှေ့ပြောင်းနေကြရပါသည်။

"ရဟန်းတို့ ဇမ္ဗူဒိပ်ကျွန်းသူ လူတို့သည် အကြောင်းသုံးမျိုးတို့ဖြင့် ဥတ္တရကုရုကျွန်းနေ လူတို့ကိုလည်းကောင်း၊ တာဝတိံသာနတ်တို့ကိုလည်းကောင်း လွှမ်းမိုးသာလွန်ကုန်၏။အဘယ်အကြောင်းသုံးမျိုးတို့နည်းဟူမူ ရဲရင့်ကုန်၏၊ ခိုင်မြဲသော သတိရှိကုန်၏၊ ဤကျွန်း၌ မြတ်သော အကျင့်ကို ကျင့်သုံးရ၏၊ ရဟန်းတို့ ဤအကြောင်းသုံးမျိုးတို့ဖြင့် ဇမ္ဗူဒိပ်ကျွန်းသူ လူတို့သည် တာဝတိံသာနတ်တို့ကိုလည်းကောင်း၊ ဥတ္တရကုရုကျွန်းနေလူတို့ကိုလည်းကောင်း လွှမ်းမိုးသာလွန်ကုန်၏"ဟု အင်္ဂုတ္တိုရ်ပါဠိတွင် လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် ဗုဒ္ဓသာသနာနှင့် ကြုံဆုံနေခိုက်တွင် ကုသိုလ်ကောင်းမှုများကို သိုမှီးထားရန်လိုအပ်ပါသည်။

"အနှစ်ရှစ်သောင်း အသက်ရှည်သော လူတို့ခေတ်၌ ဘဂဝါမည်တော်မူသော မေတ္တေယျမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူလတ္တံ့။အနှစ်ရှစ်သောင်းအသက်ရှည်ကုန်သော လူတို့၌ တပ်မက်ခြင်း၊ ဆာလောင်ခြင်း၊ အိုခြင်းဟူသော အနာသုံးမျိုးတို့သာဖြစ်ကုန်လတ္တံ့။ အနှစ်ရှစ်သောင်းအသက်ရှည်ကုန်သော လူတို့၌ ဤဇမ္ဗူဒီပါကျွန်းသည် ပြည့်စုံကြွယ်ဝလတ္တံ့။ စည်ပင်ဝပြောလတ္တံ့။ ရွာ၊ နိဂုံး၊ ဇနပုဒ်၊ မင်းနေပြည်တို့သည် ကြက်ပျံမကျဖြစ်ကုန်လတ္တံ့။ ဤဇမ္ဗူဒိပ်ကျွန်းသည် ကျူတောမြက်တောကဲ့သို့ လူတို့ဖြင့် အကြားမလပ် ပြည့်နှက်စည်ကားနေလတ္တံ့။ ဗာရာဏသီပြည်သည် ပြည့်စုံကြွယ်ဝသည်လည်းဖြစ်သော၊ စည်ပင်ဝပြောသည်လည်းဖြစ်သော၊ များသောလူရှိသည်လည်း ဖြစ်သော၊ လူမျိုးစုံတို့ဖြင့် ပြွမ်းသည်လည်း ဖြစ်သော၊ အစားအစာပေါများသည်လည်းဖြစ်သော၊ ကေတုမတီမည်သော မင်းနေပြည်ဖြစ်လတ္တံ့။ ဤဇမ္ဗူဒိပ်ကျွန်းဝယ် ကေတုမတီမင်းနေပြည်တွင် အချုပ်အခြာရှိသော ရှစ်သောင်းလေးထောင်သော မြို့တို့သည် ဖြစ်ကုန်လတ္တံ့." ဟူ၍ ပါထိကဝဂ်ပါဠိတော်၌ ဟောကြားတော်မူထားသည်ကို တွေ့ရှိရပါသည်။

အရိမေတ္တေယျမြတ်စွာဘုရား အမှီပြုပွင့်တော်မူမည့် ဗောဓိကံ့ကော်ပင်နှင့်ပတ်သက်၍ ကြည်ညိုနိုင်စေရန် ရည်သန်လျက် စာရေးသူမှတ်သားဖူးသမျှ ဝေမျှပေးလိုပါသည်။ ဗောဓိကံ့ကော်၏ လုံးပတ်မှာ ထိုခေတ်လူတို့၏ အတောင်ခုနစ်ဆယ်ရှိပြီး မွှေးရနံ့ပျံ့နှံ့မှုအနေဖြင့် လေအောက်ရော၊ လေအထက်ပါ ဆယ်ယူဇနာရှိမည်ဖြစ်ပါသည်။ အပွင့်အရွယ်အစားမှာ နွားလှည်းဘီးမျှရှိပြီး ကံ့ကော်ပွင့်များမှာ ဘုရားရှင် ပရိနိဗ္ဗာန်စံသည့်နေ့အထိ တည်ရှိမည်ဖြစ်ပါသည်။ မည်သည့်ငှက်မျှ မနားဝံ့၊ မဖြတ်သန်းဝံ့ဘဲ အနီးအနားရောက်ရှိသည့် သတ္တဝါတိုင်း ဗောဓိကံ့ကော်ပင်ကို လက်ယာရစ်သုံးပတ်ပတ်ပြီးမှ သွားကြမည်ဖြစ်ပါသည်။

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ ပေချောင်းကြီးကျေးရွာတွင် ၁၉၈၉ ခုနှစ်မှစ၍ ကံ့ကော်တစ်ထောင် သာသနာ့စခန်းကို တည်ထောင်ထားသည်ကို တွေ့ရှိရပါသည်။ ထိုစခန်းတွင် ဗောဓိကံ့ကော်ပင်ကို အမှီပြု၍ နောင်ပွင့်တော်မူမည့် အရိမေတ္တေယျမြတ်စွာဘုရားအား ကြိုဆိုသောအားဖြင့် ကံ့ကော်ပင်တစ်ထောင်၊ ပလ္လင်တော်တစ်ထောင်၊ ရုပ်ပွားဆင်းတုတော်တစ်ထောင်၊ တံခွန်စေတီတစ်ထောင်၊ မုနိတစ်ထောင်တို့ကို တည်ထားခဲ့ရာ ကိုးနှစ်ကြာမြင့်ခဲ့ကြောင်း သိရှိရပါသည်။

ယခင်က ရေကြောင်းခရီးမှ စက်လှေဖြင့် သွားလာကြရပြီး ပေချောင်း ချောင်းရေတက်ရေကျကိုလည်း ချင့်ချိန်ကြရပါသည်။ ရေကြောင်းခရီးမှ သွားလာရာတွင် အချိန်တစ်နာရီခွဲခန့်ကြာမြင့်ပါသည်။ ကုန်းလမ်းအရကြည့်လျှင် ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိ ကားလမ်းဘေးတွင် တည်ရှိပြီး ဘိုကလေးမှ လေးမိုင်ခန့်အကွာတွင် တည်ရှိပါသည်။ သို့သော် မြစ်ကူးတံတားမရှိသဖြင့် သွားလာရခက်ခဲနေခဲ့သော်လည်း ယခုအခါ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၅)က အရှည်ပေ ၄၀၀၀ ကျော်ရှိသည့် ဘိုကလေးမြစ်ကူးတံတားကြီးကို တည်ဆောက်ပေးခဲ့သည့်အတွက် ဆက်သွယ်ရေးလမ်းကြောင်းခရီး သာယာဖြောင့်ဖြူးပြီး လွယ်ကူလျင်မြန်စွာ သွားလာနိုင်တော့မည်ဖြစ်ပါသည်။ ဤတံတားကြီးမှာ ပြီးစီးလုနီးပါးရှိနေပြီဖြစ်ရာ မော်တော်ယာဉ်နှင့်ဆိုပါက ဘိုကလေးမှ ညီနောင်လေး၊ ညီနောင်ကြီး၊ မရမ်းကွဲရွာတို့ကိုဖြတ်၍ အချိန်ခုနစ်မိနစ်ခန့် မောင်းနှင်ရုံဖြင့် ကံ့ကော်တစ်ထောင်သာသနာ့နယ်မြေသို့ ရောက်ရှိဖူးမြော်နိုင်မည်ဖြစ်ပါသည်။



ကံ့ကော်တစ်ထောင် ရုပ်ပွားဆင်းတုတော်များအား ဖူးတွေ့ရစဉ်။

ကံ့ကော်တစ်ထောင်သာသနာ့နယ်မြေ၏ အကျယ်အဝန်းမှာ ဧက ၃၀ ခန့်ရှိပါသည်။ ဤနယ်မြေအတွင်း ဗောဓိကံ့ကော်တစ်ထောင်နှင့်အတူ အရိမေတ္တေယျဘုရားရှင် နိမ္မိတရုပ်ပွားတော်မြတ်အသွင် စီရရီသွယ်တန်းလျက် ကိန်းဝပ်စံပယ်နေသည့် ဘုရားရုပ်ပွားဆင်းတုတော်တစ်ထောင်၊ ကြာပန်းများနှင့်တင့်တယ်နေသည့် ချမ်းမြေ့စန္ဒာမင်္ဂလာကန်တော်၊ သိမ်တော်ကြီး၊ ဓမ္မာရုံ၊ သတ္တဌာနနှင့် အောင်ခြင်းရှစ်ပါး မှတ်သားဖွယ်ပုံတော်များ၊ ရှေးဟောင်းရုပ်ပွားတော်များကို ဖူးတွေ့နိုင်ပါသည်။

ထို့အပြင် ကံ့ကော်တစ်ထောင် သာသနာ့နယ်မြေတွင် ကုသိုလ်ဖြစ် အခမဲ့ဆေးခန်းဖွင့်လှစ်ထားပြီး ဆေးပဒေသာပင်မရှိသေးသော်လည်း ကျန်းမာရေးဝန်ဆောင်မှုနှင့် ဆေးအလှူဒါနတို့ကို ကံ့ကော်တစ်ထောင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေလာသက ဦးဆောင်စီမံပေးလျက်ရှိပါသည်။ အလားတူ ဆင်းရဲနွမ်းပါးသော နဝမတန်းနှင့် တက္ကသိုလ်ဝင်တန်း တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူများအတွက်လည်း အခမဲ့ကုသိုလ်ဖြစ် ပညာဒါနအဖြစ် ကျောင်းသား ၃၀၀ ခန့်ကို ယင်းသာသနာ့နယ်မြေ၌ပင် ပညာသင်ကြားပေးလျက်ရှိပါသည်။ ပြီးခဲ့သည့် တက္ကသိုလ်ဝင်တန်းတွင် အောင်ချက်အနေဖြင့် ကျောင်းသား ၁၀၀ ကျော်တွင် ၃၂ ဦး အောင်မြင်ကြောင်း သိရှိရပါသည်။

ပြီးခဲ့သည့် ဩဂုတ်လအတွင်း စာရေးသူ ရောက်ရှိခဲ့စဉ်က အလှူရှင်တစ်ဦးက ဦးဆောင်၍ ကံ့ကော်တစ်ထောင် သာသနာ့နယ်မြေအတွင်း ဘိုးဘွား ၃၀ ဆံ့ ရိပ်သာဆောက်လုပ်လှူဒါန်းလျက် ကုသိုလ်အမှု ပြုနေသည်ကို တွေ့မြင်ခဲ့ရပါသည်။

လက်ရှိအခြေအနေတွင် ကျန်းမာရေးလုပ်ငန်းအတွက် ကျန်းမာရေးဝန်ထမ်းလစာနှင့် ဆေးတန်ဖိုး၊ ပညာရေးလုပ်ငန်းအတွက် ဆရာ ဆရာမ ဝန်ဆောင်ခနှင့် ကုန်ကျစရိတ်တို့ကို အလှူငွေနှိုးဆော်လျက် ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ရာ ဤသို့ မွန်မြတ်လှသည့် ကျန်းမာရေး၊ ပညာရေးဆိုင်ရာ စေတနာ့လုပ်ငန်းများအပြင် ကံ့ကော်တစ်ထောင် သာသနာ့နယ်မြေအတွက် ကုသိုလ်ယူပါဝင်လှူဒါန်းလိုပါက အမှတ်(၉၃/၂) (၄၉)လမ်း (အလယ်) ပုဇွန်တောင်မြို့နယ် ဖုန်း-၀၉-၈၅၉၁၁၁၉၊ ၀၁-၂၉၀၉၁၆၊ ၀၁- ၂၉၃၅၂၈ တို့မှ တစ်ဆင့် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်လိုက်ရပါသည်။ ။

## သက်ကြီးရွယ်အိုများအတွက် အလှူငွေထောက်ပံ့

**ကျုံပျော် စက်တင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် မိုးကြိုးပစ်ကျေးရွာရှိ လူမှုကူညီရေးအဖွဲ့မှ ကျေးရွာအတွင်းရှိ နွမ်းပါးသည့် သက်ကြီးရွယ်အိုများအတွက် ဒုတိယအကြိမ် ကျန်းမာရေး အလှူငွေနှင့် စားဝတ်နေရေးထောက်ပံ့ပေးအပ်ပွဲကို စက်တင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ ကျေးရွာရှိ အလင်းသစ်စာကြည့်တိုက်၌ ကျင်းပသည်။ ရှေးဦးစွာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့နာယကဖြစ်သူ ဦးမျိုးမင်းအောင်က အဖွဲ့အနေနှင့်ကျေးရွာအတွင်းရှိ နွမ်းပါးသော သက်ကြီးရွယ်အိုများ၏ ကျန်းမာရေး၊ စားဝတ်နေရေးကိစ္စများ၊ ကျောင်းနေအရွယ်ကလေးများ၏ ပညာရေး၊ ကျန်းမာရေးကိစ္စများကို ကူညီထောက်ပံ့မှုပေးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျေးရွာအတွင်းရှိ စေတနာရှင်များသာမက အနီးဝန်းကျင်ကျေးရွာများရှိ စေတနာရှင်များ၏ ကူညီမှုများပါ ရရှိလာပြီဖြစ်သဖြင့် ပိုမိုအောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး အဘိုး အဘွား ငါးဦးတို့အတွက် ဆန်၊ ဆီ၊ ဆေးဝါးနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

အဆိုပါအဖွဲ့အနေဖြင့် ကျေးရွာအတွင်းရှိ ကူညီစောင့်ရှောက်မှုလိုအပ်လျက်ရှိသောသူများ၏ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများသာမက နာရေးကူညီမှုလုပ်ငန်းများအထိ ဆောင်ရွက်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ **(မြို့နယ် ပြန်/ဆက်)**



**ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် တအာင်းတိုင်းရင်းသားများ၏ (၄၃) နှစ်မြောက် တအာင်းစာပေနေ့နှင့် (၂၅)ကြိမ်မြောက် ပညာရည်ချွန် ဆုချီးမြှင့်ပွဲကို ဩဂုတ် ၃၀ ရက်က နမ့်ခမ်းမြို့ ကျားဖြူခန်းမ၌ ကျင်းပရာ မြို့နယ် တအာင်းစာပေနှင့် ယဉ်ကျေးမှုဥက္ကဋ္ဌဦးမြင့်ကျော် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။**ညဏ်မင်း(နမ့်ခမ်း)

**ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်အတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရေးအတွက် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ 6.6 KV ဓာတ်အားလိုင်းများအား Insulated Cable ဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများကို ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းသစ်တို့တွင် တာဝန်ရှိဝန်ထမ်းများက ဩဂုတ် ၃၀ ရက်က ဆောင်ရွက်စဉ်။**

(၀၃၃)



## မှုခင်းကျဆင်းရေး ပညာပေးဟောပြော

**မုဒုံ စက်တင်ဘာ ၄**

မုဒုံမြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို ဩဂုတ် ၃၁ ရက် နံနက် ၁၀ နာရီက မုဒုံမြို့ မင်းတန်းရပ် ဆုတောင်းပြည့်ဓမ္မာရုံ၌ ကျင်းပရာ မြို့နယ် ယထကအသင်းဝင် ယာဉ်လိုင်းအသီးသီးမှ ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သား စုစုပေါင်း ၁၇၅ ဦး တက်ရောက်ကြသည်။ မုဒုံမြို့နယ် ယာဉ်စည်းကမ်း ထိန်းသိမ်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးငွေသိန်းနှင့် မြို့နယ် ယထက ဥက္ကဋ္ဌ ဦးပေါ်ထွန်းတို့က ရှင်းလင်းပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်နှင့် မှုခင်းဖြစ်စဉ်များကို ပရိုဂျက်တာများဖြင့် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မိုးစန္ဒာ(iprd)**

ပြည်တွင်းသတင်း

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျာမနီနိုင်ငံဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေး



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျာမနီနိုင်ငံဝန်ကြီးချုပ် မစ္စစ်အိန်ဂျယ်လာမာကယ်က တည်ခင်းဧည့်ခံသည့် အလုပ်သဘော နေ့လယ်စာစားပွဲတွင် ဆွေးနွေးစဉ်။

(သတင်းစဉ်)

**ဘာလင် စက်တင်ဘာ ၄**

စက်တင်ဘာ ၃ ရက် မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျာမနီနိုင်ငံဝန်ကြီးချုပ် မစ္စစ်အိန်ဂျယ်လာမာကယ်က တည်ခင်းဧည့်ခံသည့် အလုပ်သဘော နေ့လယ်စာ စားပွဲသို့ တက်ရောက်ခဲ့သည်။

ယင်း အလုပ်သဘောနေ့လယ်စာ စားပွဲတွင် နိုင်ငံတော်သမ္မတနှင့် ဂျာမနီနိုင်ငံ ဝန်ကြီးချုပ်တို့သည် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး၊ အခြေခံအဆောက်အအုံ တည်ဆောက်ရေး၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အသက်မွေးပညာသင်ကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ၊ မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၊ စာနယ်ဇင်းလွတ်လပ်ခွင့်နှင့် စာနယ်ဇင်းကျင့်ဝတ်ဆိုင်ရာ ကိစ္စများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်ပွဲဆိုင်ရာကိစ္စများ၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ အာဆီယံနှင့် ဒေသတွင်းဆိုင်ရာ ဆက်ဆံရေးအခြေအနေတို့ကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် Deutsche Welle သတင်းဌာနနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှု အခြေအနေများကို ရှင်းလင်းပြောကြား

**ဘာလင် စက်တင်ဘာ ၄**

ဂျာမနီနိုင်ငံ၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် စက်တင်ဘာ ၄ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ဘာလင်မြို့ရှိ Intercontinental Hotel စာကြည့်တိုက်၌ Deutsche Welle သတင်းဌာနမှ အစီအစဉ်တင်ဆက်သူ Ms. Amrita Cheema နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှု အခြေအနေများနှင့်စပ်လျဉ်း၍ မေးမြန်းသည်များကို ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။ **(ဓါတ်ပုံ)**

**(သတင်းစဉ်)**

# ရာသီဥတုပြောင်းလဲမှု လျော့ချရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ဆောင်ရွက်နေမှုများဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၄**

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ဗြိတိသျှသံရုံး၏ Deputy Head of Mission ဖြစ်သူ Mr. Matthew Hedges သည် ယနေ့ မွန်းလွဲ ၂ နာရီက အဆိုပါ ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။

ဆွေးနွေးပွဲသို့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဗြိတိန်နိုင်ငံ နှစ်နိုင်ငံအကြား သစ်တောကဏ္ဍတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ ဗြိတိန်နိုင်ငံမှ သစ်ကူးသန်းရောင်းဝယ်ရေး ကျွမ်းကျင်သူများနှင့် ကိုယ်စားလှယ်အဖွဲ့ လာရောက်၍ ပုဂ္ဂလိကသစ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးရေး၊ မြန်မာနိုင်ငံမှ သစ်အချောထည်များ အနောက်ဥရောပနှင့် အမေရိကန်နိုင်ငံများသို့ တင်ပို့မှု အဆင်ပြေချောမွေ့စေရေး၊ ယင်းနှင့်ဆက်စပ်၍ တရားဝင်သစ်ဖြစ်ကြောင်း အထောက်အထားထုတ်ပေးနိုင်ရေး၊ တောရိုင်းတိရစ္ဆာန်များ တရားမဝင်ရောင်းဝယ်မှု တားဆီးနှိမ်နင်းရေး ၊ ဗြိတိန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့ပူးပေါင်း၍ တောရိုင်းတိရစ္ဆာန်များ တရားမဝင် ကူးသန်းရောင်းဝယ်မှု တားဆီးနှိမ်နင်းရေးဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲ ကျင်းပရေး၊ မြန်မာနိုင်ငံတွင် အစိမ်းရောင် စီးပွားရေးနှင့် အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် (Green Economy and Green Growth-GEGG Forum) များ ကျင်းပနေမှုအခြေအနေ၊ ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် စတင်ကျင်းပခဲ့သော အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲ (Green Growth Platform)များတွင် ဗြိတိန်နိုင်ငံမှ ကျွမ်းကျင်သူများပါဝင်၍ ဟောပြောဆွေးနွေးစေရေး၊ ရာသီဥတုပြောင်းလဲမှု လျော့ချရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ဆောင်ရွက်နေမှုများနှင့် လာမည့် အာဆီယံထိပ်သီးအစည်းအဝေးတွင် ရာသီဥတုပြောင်းလဲမှု လျော့ချရေးနှင့်ပတ်သက်၍ ကြေညာချက်ထုတ်ပြန်နိုင်မည့်အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သတိပြုဖွယ် လျှပ်စစ်အန္တရာယ်(၂)

သတိပြုဖွယ်လျှပ်စစ်အန္တရာယ် ဆောင်းပါးကိုဖတ်မိသော သူငယ်ချင်းတစ်ယောက်က "လျှပ်စစ်အန္တရာယ်က ပိုကြောက်စရာကောင်းတယ်ဆိုတာ ခုမှပဲ သတိပြုမိတယ်ကွ. . . ကုရာနတ္ထိဆေးမရှိတဲ့ကွ၊ ဆောင်ရန် ရှောင်ရန်အချက်တွေကို ကြိုတင်သိရှိထားတဲ့ လူတစ်ယောက်အနေနဲ့တော့ မိမိအန္တရာယ်ကင်းနိုင်သလို တခြားသူတွေကိုလည်း ကာကွယ်ပေးနိုင်တာပေါ့ကွာ. . . ဒါနဲ့ တစ်နှစ် တစ်နှစ် ဓာတ်လိုက်လို့ သေဆုံးဒဏ်ရာရတဲ့သူတွေ ဘယ်လောက်ရှိလဲကွ. . . ဘယ်လိုဖြစ်စဉ်တွေအဖြစ်များလဲ"

ဓာတ်အားသုံးစွဲသူ တစ်နှစ်ထက်တစ်နှစ် များလာတာနဲ့အမျှ ဓာတ်လိုက်မှုဖြစ်စဉ်တွေ ပိုများလာပြီး သေဆုံး၊ ဒဏ်ရာရစာရင်းတွေကတော့-

- ၂၀၀၇ ခုနှစ်မှာ ဓာတ်လိုက်မှုဖြစ်စဉ် ၈၄ ခုတွင် ဒဏ်ရာရ ၂၄ ဦး၊ သေဆုံး ၆၁ ဦး။
- ၂၀၀၈ ခုနှစ်မှာ ဓာတ်လိုက်မှုဖြစ်စဉ် ၁၀၁ ခုတွင် ဒဏ်ရာရ ၂၂ ဦး၊ သေဆုံး ၈၉ ဦး။
- ၂၀၀၉ ခုနှစ်မှာ ဓာတ်လိုက်မှုဖြစ်စဉ် ၁၁၀ ခုတွင် ဒဏ်ရာရ ၂၆ ဦး၊ သေဆုံး ၈၄ ဦး။
- ၂၀၁၀ ခုနှစ်မှာ ဓာတ်လိုက်မှုဖြစ်စဉ် ၁၁၄ ခုတွင် ဒဏ်ရာရ ၃၇ ဦး၊ သေဆုံး ၈၉ ဦး။
- ၂၀၁၁ ခုနှစ်မှာ ဓာတ်လိုက်မှုဖြစ်စဉ် ၁၃၃ ခုတွင် ဒဏ်ရာရ ၄၃ ဦး၊ သေဆုံး ၁၀၇ ဦး။
- ၂၀၁၂ ခုနှစ်မှာ ဓာတ်လိုက်မှုဖြစ်စဉ် ၉၇ ခုတွင် ဒဏ်ရာရ ၂၅ ဦး၊ သေဆုံး ၉၁ ဦး။
- ၂၀၁၃ ခုနှစ်မှာ ဓာတ်လိုက်မှုဖြစ်စဉ် ၁၁၃ ခုတွင် ဒဏ်ရာရ ၂၀ ဦး၊ သေဆုံး ၁၀၇ ဦး။
- ၂၀၁၄ ခုနှစ်မှာ ဩဂုတ်လအထိ ဓာတ်လိုက်မှုဖြစ်စဉ် ၅၈ ခုတွင် ဒဏ်ရာရ ခုနစ်ဦး၊ သေဆုံး ၅၅ ဦး။

ဓာတ်လိုက်မှု ဖြစ်စဉ်များကို အမျိုးအစားအားဖြင့် ရှစ်မျိုးခွဲခြားထားပါတယ်။ ဓာတ်လိုက်မှု ဖြစ်စဉ်အများဆုံးမှစ၍ ကြည့်ပါက. . . .

(၁) လျှပ်စစ်စီးဝင်နိုင်သောပစ္စည်းများ လိုင်းအောက်အနီးတွင်ကိုင်တွယ်မိခြင်းကြောင့် ဓာတ်လိုက်ခြင်း(အများဆုံး)

(၂) စက်ရုံ၊ အလုပ်ရုံ ၊ နေအိမ်များတွင် အသုံးပြုသော လျှပ်စစ်ပစ္စည်းများ စနစ်တကျ တပ်ဆင်သုံးစွဲမှု မရှိခြင်းကြောင့် ဓာတ်လိုက်ခြင်း (ဒုတိယအများဆုံး)

(၃) Service ကြိုးကြောင့် ဓာတ်လိုက်ခြင်း (တတိယအများဆုံး)

(၄) ဓာတ်အားလိုင်းကြိုးများ ပြုတ်ကျခြင်းကြောင့် ဓာတ်လိုက်ခြင်း (စတုတ္ထအများဆုံး)

(၅) ဓာတ်အားလိုင်းများ ပြုပြင်ရာတွင်လည်းကောင်း၊ လိုင်းအနီး လူ၊ ပစ္စည်းများ ဝင်ရောက်ရာတွင်လည်းကောင်း စက်ကွင်းအတွင်းတွင် ကျရောက်၍ ဓာတ်လိုက်ခြင်း(ပဉ္စမအများဆုံး)

(၆) မဟာဓာတ်အားလိုင်းနှင့် ဗို့အားမြင့်ဓာတ်အားလိုင်းများ၏ တိုင်ပေါ်သို့ တက်ခြင်း၊ ဓာတ်ကြိုးများကို စမ်းသပ်သည့်သဘောဖြင့် ထိခြင်းတို့ကြောင့် ဓာတ်လိုက်ခြင်း(ဆဋ္ဌမအများဆုံး)

(၇) ဓာတ်ရုံအတွင်း လျှပ်စစ်ပြုပြင်ရာမှ လျှပ်ပန်းခံရခြင်း (သတ္တမအများဆုံး)

(၈) မြေအောက်ဓာတ်ကြိုးများ၊ ဓာတ်အားလိုင်းများနှင့် ပေါက်မိ၊ ထိမိ၍ Flash Over ဖြစ်ရာမှ ဓာတ်လိုက်ခြင်း (အဋ္ဌမအများဆုံး)

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနဲ့ ပတ်သက်ပြီးတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဖြန့်ဝေတဲ့ လက်ကမ်းစာစောင်များမှာ မိမိတို့နေရာ အနေအထားအလိုက် သတိပြုရမယ့်အချက်တွေကို အောက်ပါအတိုင်း အပိုင်းလိုက်ခွဲပြီး ဖော်ပြထားတယ်-

(၁) အိမ်တွင်း လျှပ်စစ်ပစ္စည်းများအသုံးပြုလျှင် သတိပြုရန်အချက်များ။

(၂) ဓာတ်အားလိုင်းကြိုးများ၊ ဆားဗစ်ကြိုး (ဓာတ်တိုင်မှ အိမ်သို့ သွယ်တန်းသောကြိုး)များနှင့် ပတ်သက်၍သတိပြုရန်အချက်များ။

(၃) နေအိမ်ခြံဝင်းအတွင်းနှင့် ပတ်ဝန်းကျင်သို့ သွယ်တန်းထားသော မီးကြိုးများနှင့် ပတ်သက်၍သတိပြုရန်အချက်များ။

(၄) အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ဓာတ်အားလိုင်းအနီးနှင့် ဓာတ်အားလိုင်းအောက်တွင် အလုပ်လုပ်ရာ၌ သတိပြုလိုက်နာရန် အချက်များ။

(၅) ဓာတ်လိုက်နေသူအား ကယ်တင်နိုင်ရန်နည်းလမ်းနှင့် ဓာတ်လိုက်ခံထားရသူအား ရှေးဦးသူနာပြုစုနည်းဖြင့်ဆောင်ရွက်ရမည့်အချက်များ။

"လူတိုင်းသိထားသင့်တာပေါ့. . . ငါလည်း ငါ့မိသားစုကို ရှင်းပြဖို့နဲ့ အိမ်နီးနားချင်းတွေကို ဖြန့်ဝေဖို့ လက်ကမ်းစာစောင်တွေ ပေးပါဦးကွာ. . . ငါသိသလို ငါ့မိသားစု၊ ငါ့လမ်းထဲကလူတွေ သိအောင်ဖြန့်ပေးလိုက်မယ်. . . "

"အေးကွာ. . သာဓုပါ. . ငွေမကုန်ဘဲ အကျိုးရှိစွာနဲ့ လျှပ်စစ်အန္တရာယ်က ကာကွယ်ပေးနိုင်အောင် လျှပ်စစ်အသိတွေရရှိအောင် ဆောင်ရွက်ပေးလို့ ထာဝရကုသိုလ်တစ်မျိုးပေါ့ကွာ. . . "

ဝေယံ

ပြည်တွင်းသတင်း



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ အား Hanns-Seidel Foundation ဥက္ကဋ္ဌက နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**ဘာလင် စက်တင်ဘာ ၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် စက်တင်ဘာ ၄ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် ဘာလင်မြို့ရှိ Bayerische Landesvertretung ၌ ဂျာမနီနိုင်ငံ ဟန်ဆိုင်ဒယ်ဖောင်ဒေးရှင်း (Hanns-Seidel Foundation)ဥက္ကဋ္ဌ ပရော်ဖက်ဆာ Ursula Maennle က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲ အခမ်းအနားသို့ တက်ရောက်သည်။

**တက်ရောက်**

နေ့လယ်စာစားပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ ဂျာမနီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျာမနီနိုင်ငံ ဟန်ဆိုင်ဒယ်ဖောင်ဒေးရှင်း (Hanns-Seidel Foundation ) ဥက္ကဋ္ဌ ပရော်ဖက်ဆာ Ursula Maennle နှင့် မှတ်တမ်းဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)

■ ရှေ့ဖုံးမှ

မလိုအပ်ဘဲ ကြိုက်ဈေးနှုန်းကို အချိန်စောင့်ဆိုင်းပြီး ရောင်းနိုင်တဲ့စနစ်တစ်ခုဖြစ်ပါတယ်။ တောင်သူလယ်သမားတွေအတွက် ကြီးမားတဲ့အခက်အခဲက သီးနှံပေါ်ပြီဆိုတာနဲ့ ကြိုတင်ချေးယူထားတဲ့ အဖိုးအခတွေအတွက် ဈေးနှိမ်ခံရတာကိုသိရက်နဲ့ ရောင်းချရခြင်းဖြစ်ပါတယ်။ အခုစနစ်မှာ သုံးလကနေ ခြောက်လအထိ ဘဏ်တွေမှာ သက်သေခံထားအပ်နှံပြီး ငွေထုတ်ချေးနိုင်မှာဖြစ်လို့ လတ်တလော ဈေးနှိမ်ရောင်းချနေကြရတာမျိုး ကာကွယ်ပေးနိုင်ပါတယ်" ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ အတွင်းရေးမှူး ဦးရဲမင်းအောင်က ပြောကြားသည်။

အဆိုပါစနစ်ကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် အက်ဖ်အေအိုတို့မှ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ပြီး ရှေ့ပြေးစီမံချက်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်ငါးခုတို့တွင် နိုဝင်ဘာလမှ စတင်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

သိုလှောင်ရုံ အာမခံစနစ်ထားရှိနိုင်ရေးအတွက် စနစ်ကျနသည့် သိုလှောင်ရုံများ တည်ဆောက်ရေး၊ အမျိုးအစားအလိုက် ချေးငွေများ တစ်ပြေးညီသတ်မှတ်နိုင်ရေး၊ ဘဏ်များမှခိုင်မာသည့် ပူးပေါင်းဆောင်ရွက်မှုပေးရေးတို့အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများ ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

"နိုင်ငံတကာက စိုက်ပျိုးရေးတိုင်းမှာ သိုလှောင်ရုံအာမခံစနစ်ထားရှိပါတယ်။ မိမိစိုက်ခင်းထွက်ကုန်တွေကို ချက်ချင်းရောင်းဝယ်ဖောက်ကား နိုင်ဖို့ဆိုတာ မလွယ်တဲ့ကိစ္စတစ်ရပ်ပါ။ အချိန်နဲ့ ထားရှိပြီး ဈေးမြင့်နိုင်တဲ့ကုန်စည်တွေကို ပထမဆုံး စတင်လုပ်ဆောင်သွားဖို့ ရည်ရွယ်ထားပြီး ဆန်စပါးဟာ မြန်မာနိုင်ငံရဲ့ အဓိက ထွက်ကုန်တစ်ခု ဖြစ်တာကြောင့် ယခုလို ပူးပေါင်းအဖြေရှာပေးရခြင်း ဖြစ်ပါတယ်။ ဒါမှလည်း တောင်သူတွေရဲ့ ဘဝအာမခံချက်ပိုမိုရရှိလာစေပြီး ကုန်စည်အထွက်နှုန်းနဲ့ အရည်အသွေးကို ပိုမိုအာရုံစိုက်လာနိုင်ပါတယ်"ဟု အက်ဖ်အေအိုမှ ပရောဂျက်အကြံပေး မစ္စတာအန်ဒရူးက ပြောကြားသည်။

အက်ဖ်အေအိုအနေဖြင့် မြန်မာနိုင်ငံအတွင်း သိုလှောင်ရုံအာမခံစနစ်အသုံးပြုလာစေရေးအတွက် ဘဏ်ချေးငွေထုတ်ပေးခြင်းဆိုင်ရာအချက်အလက်များ၊ သိုလှောင်ရုံများ စံစနစ်သတ်မှတ်ရေးနှင့် ရေရှည်ထိန်းသိမ်းထားရှိမှု နည်းလမ်းများကို ပံ့ပိုးချမှတ်ပေးသွားရန်ရှိပြီး လိုအပ်သည့်အကူအညီများကိုလည်း ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ကနဦးစီမံချက်ကာလအဖြစ် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၊ နေပြည်တော် ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်နှင့် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်တို့ရှိ သိုလှောင်ရုံများရှိရာ အရပ်ဒေသများကို တိုးချဲ့ပေးသွားမည်ဖြစ်သည်။

"ဆန်စပါးကတော့ ပထမဆုံးခြေလှမ်းတစ်ခုဖြစ်ပါတယ်။ ဆန်စပါးတစ်မျိုးတည်းမှာတောင် စိုက်ပျိုးတဲ့စပါးအမျိုးအစားက မတူညီပါဘူး။ ဈေးနှုန်းတွေ ကွဲပြားနိုင်တဲ့အတွက် စံစနစ်တစ်ခုကို ထားရှိသွားမှာပါ။ ကျွန်တော်တို့ဘက်ကလည်း ပထမဆုံး ပြုလုပ်တာဖြစ်လို့ လိုအပ်ချက်၊ အားနည်းချက်တွေလည်း အများကြီးရှိနိုင်ပါတယ်။ တောင်သူတွေအတွက် အကျိုးကျေးဇူး ရရှိမယ်လို့လည်း ယုံကြည်ပါတယ်"ဟု အက်ဖ်အေအိုမှ တာဝန်ရှိသူက ပြောကြားသည်။

ထိုစနစ်အရ တောင်သူတစ်ဦးသည် မိမိလယ်မြေမှ ထွက်ရှိသည့် ဆန်စပါးများကို သိုလှောင်ရုံများတွင် ထားရှိကာ မိမိတို့ရယူလိုသည့် ငွေအား ဘဏ်များသို့ သွားရောက်ချေးယူနိုင်ပြီး မိမိထွက်ကုန်များ သင့်လျော်သည့် ဈေးနှုန်းရောက်ရှိမှသာ ရောင်းချနိုင်တော့မည်ဖြစ်သဖြင့် တစ်နိုင်ငံလုံးပူးပေါင်းပါဝင် ဆောင်ရွက်လာစေရန် အသိပညာပေးများ လုပ်ဆောင်ခြင်းကိုလည်း ပြုလုပ်သွားမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်၊ ရည်မှန်းချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြိုးစားလုပ်ကိုင်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၄**

နိုင်ငံတော်ပြုပြင်ပြောင်းလဲမှု တတိယအဆင့် (Third Wave) အရှိန်မြှင့်တင်မှု လုပ်ငန်းစဉ် အကောင်အထည်ဖော် ဆောင်ရွက်မှုအဖြစ် အမှုထမ်းဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်မှုသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့ အဆင့်နှင့် လျော်ညီစွာ တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော် ပြုပြင်ပြောင်းလဲမှု တတိယအဆင့် အရှိန်မြှင့်တင်မှု လုပ်ငန်းစဉ် အလုပ်ရုံဆွေးနွေးပွဲ၊ Mid-Term Review အလုပ်ရုံဆွေးနွေးပွဲများနှင့် အရာထမ်းများ စွမ်းဆောင်ရည် မြှင့်တင်မှု သင်တန်းနှစ်ကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ အောင်မြင်အောင်ဆောင်ရွက်ရာတွင် အမှုထမ်းများအနေဖြင့် မိမိထမ်းဆောင်ရမည့်တာဝန်ကို ရှင်းရှင်းလင်းလင်း သိရှိအောင် ဆောင်ရွက်ထားရန်၊ နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ချမှတ်ထားသော ဦးတည်ချက်၊ ရည်မှန်းချက်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကြိုးစားလုပ်ကိုင် ဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် ပြောကြားခဲ့သည်။ **(အောက်ပုံ)**

သင်တန်းတွင် ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်နှင့် ဌာနအကြီးအကဲများ၊ စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခချုပ်များဖြင့် အုပ်ချုပ်မှုယန္တရား တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရေး၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး၊ တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် လုပ်ကိုင်ဆောင်ရွက်ရေး၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ရှိသည့် သန့်ရှင်းသော အစိုးရဖြစ်ရေး၊ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု စွမ်းရည်မြှင့်မားရေးစသည့် ဘာသာရပ်များကို သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းကို နှစ်ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကာ အမှုထမ်းသင်တန်းသား သင်တန်းသူ ၂၀၀ တက်ရောက်ကြကြောင်း သိရသည်။

မွန်းတည့် ၁၂ နာရီတွင် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စီမံကိန်းရေးဆွဲရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများအား တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းစဉ် (၇) ရပ်အပေါ် အခြေခံပြီး ဒေသဖွံ့ဖြိုးမှုအတွက် ပြည်သူများ၏ အဓိကလိုအပ်ချက်များဖြစ်သည့် လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေးကဏ္ဍတိုးတက်ရေး၊ အလုပ်အကိုင်ရရှိရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး၊ ငွေကြေးလုပ်ငန်းတိုးတက်အဆင်ပြေ ချောမွေ့ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေး ဦးစားပေးလုပ်ငန်းစဉ်များကို စီမံကိန်းတွင် ထည့်သွင်းထားနိုင်မှုနှင့် အကောင်အထည်ဖော်မှုများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ်အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် မြို့ပြစီမံကိန်းရေးဆွဲသည့် အခြေအနေများ၊ ဒေသလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**






# ရွှေ့ပြောင်းသွားလာ ဘေးကင်းကွာ သိမှတ်စရာ ကြိုတင်လေ့လာပါ

# စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၄**

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့်အရှိန်အဟုန်မြှင့်တင်ရေး လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနအောက်ရှိ အရာထမ်း၊ အမှုထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ရှိ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဒေသကြီးတိုင်းဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးဦးစီးမှူး ဦးလှိုင်ဒင်စိုးက တတိယအဆင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်တင်မှု လုပ်ငန်းလမ်းညွှန်ချက်ကို ထိထိရောက်ရောက် အောင်မြင်အောင် ဆောင်ရွက်ရာတွင် တာဝန်သိမှု၊ တာဝန်ယူမှုဟူသော ဝန်ထမ်းများ ထားရှိရမည့် စိတ်ဓာတ်နှင့် စွမ်းဆောင်ရည်မြင့်မားရေးအတွက် ယခုကဲ့သို့ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံး၏ လိုအပ်ချက်ကို လက်တွေ့ကျကျ အကျိုးကျေးဇူးလျင်လျင်မြန်မြန် ရရှိနိုင်မည့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ရေရှည်အကျိုးစီးပွားအတွက် ခိုင်မာသော အုတ်မြစ်ချဆောင်ရွက်ခြင်းတို့ကို အရှိန်အဟုန်မြှင့် ကြိုးပမ်းလုပ်ဆောင်ရန် လိုအပ်ကြောင်းဆွေးနွေးခဲ့သည်။

အဆိုပါ သင်တန်းသို့ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးအောက်ရှိ ဌာနခွဲများ၊ ခရိုင်၊ မြို့နယ်၊ ခြံ၊ စိုက်ကွင်း၊ နောက်ချန်သီးနှံ ဌာနခွဲများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။ **(၁၈၅)**

# မဟာဒုက်စာရေးတံမဲ ဟိုမိန်းမြို့၌လှူဒါန်း

**ဟိုမိန်း စက်တင်ဘာ ၄**

လင်းခေးခရိုင် ဟိုမိန်းမြို့နယ်ခွဲတွင် သံဃာတော် ၁၀၃ ပါးကို မဟာဒုက်စာရေးတံမဲပွဲ ကျင်းပ၍ ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို စက်တင်ဘာ ၄ ရက် နံနက်ပိုင်းက ဝိသုဒ္ဓိ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မဟာဒုက်ဘုရားကို မြို့ပေါ်ရပ်ကွက်များတွင် လှည့်လည်အပူဇော်ခံပြီး**(ယာပုံ)**မဲနှိုက်၍ လှူဒါန်းခွင့်ရသည့် အလှူရှင်အိမ်သို့ ရှမ်းအိုးစည်အဖွဲ့များ၊ ဓမ္မစကြာအဖွဲ့များဖြင့် စည်ကားသိုက်မြိုက်စွာ ပင့်ဆောင်၍ သုံးရက်တိတိ အပူဇော်ခံမည်ဖြစ်သည်။ ထို့နောက် ဒါယကာ ဒါယိကာမများက မိမိတို့၏ ပေါက်မဲအလိုက် သံဃာတော်များအား ပင့်ဆောင်ဆွမ်းကပ်လောင်းလှူကြသည်။ ထိုကဲ့သို့ ဝါဆိုသံဃာတော်များအား မဲနှိုက်၍ ဆွမ်းဆက်ကပ် လှူဒါန်းခြင်းသည် ဗုဒ္ဓဘာသာဝင်များ၏ စေတနာသဒ္ဓါတရားကိုပြသည့် မွန်မြတ်သန့်စင်သော အလှူဒါနပွဲတစ်ခုဖြစ်၍ ဟိုမိန်းမြို့၌ ကျင်းပပြုလုပ်ခဲ့သည်မှာ လေးနှစ်ရှိပြီဖြစ်ကြောင်း သိရသည်။

**ရဲနောင်(iprd)**



## ✻ ကျောက်ဖြူမှ

နောက်ပိုင်းတွင် လူ့အသိုက်အဝန်း နှစ်ခုအကြား ဖြစ်ပွားသည့် ပဋိပက္ခအသွင်သို့ ရောက်ရှိခဲ့ပါကြောင်း၊ ပဋိပက္ခဖြစ်ပွားစဉ်ကတည်းက တန်ဖိုးကြီးမားလှသည့် ပိုင်ဆိုင်မှုများ အပါအဝင် နေအိမ်အဆောက်အအုံ အများအပြား ဖျက်ဆီးခံခဲ့ရပြီး ရလဒ်အနေဖြင့် လူရာပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပါကြောင်း။

ကုလသမဂ္ဂနှင့် နိုင်ငံတကာ အသိုက်အဝန်းတို့၏ အကူအညီများ၊ နိုင်ငံတော်အစိုးရ၏ မလျှော့သော ကြိုးပမ်းအားထုတ်မှုများကြောင့် ယခုဆိုလျှင် ရွှေ့ပြောင်းလာသူများအား ယာယီခိုလှုံရန် နေရာများ၌ ဘေးကင်းလုံခြုံစွာ ရှိနေပြီဖြစ်ပါကြောင်း၊ ထို့အပြင် တစ်နည်းနည်းဖြင့် လုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှု အာမခံချက်ပေးနိုင်သည့် မူလနေရာများနှင့် အနီးစပ်ဆုံးသို့ ၎င်းတို့၏ ဆန္ဒသဘောထားများအလျောက် ရွှေ့ပြောင်းပေးရမည် ဖြစ်ပါကြောင်း၊ သို့မှသာ အသက်မွေးဝမ်းကျောင်းနှင့် လူမှုစီးပွားကိစ္စရပ်များ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ် ပုံမှန်အခြေအနေသို့ပြန်လည်ရောက်ရှိပြီး ဖွံ့ဖြိုးတိုးတက်စေရန် ဖွံ့ဖြိုးတိုးတက်မှု အကူအညီများကိုလည်း ထည့်သွင်းရမည်ဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံသားဖြစ်မှု စိစစ်ခြင်း၊ အမြဲတမ်းနေရာချထားခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်း၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတို့ ပါဝင်သည့်လုပ်ငန်း စီမံချက်မူကြမ်းကို ရေးဆွဲခဲ့ပါကြောင်း။

အစိုးရအနေဖြင့် အေးချမ်းတည်ငြိမ်မှုရှိပြီး လူ့အသိုက်အဝန်း နှစ်ခုစလုံးမှ တစ်ခုတည်းသော နည်းလမ်းအပေါ် လက်ခံလာမည့် အကောင်းဆုံး အချိန်ကို စောင့်ဆိုင်းလျက်ရှိပါကြောင်း၊ တစ်ချိန်တည်းတွင် မြေပုံမြို့နယ်တွင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက နိုင်ငံသားဖြစ်မှု စိစစ်ခြင်းလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်လျက် ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းသည် ပြန်လည်နေရာချထားရေး စီမံချက်တစ်ခုလုံးအတွက် ကနဦးခြေလှမ်းတစ်ရပ်ဖြစ်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။

ရခိုင်ပြည်နယ်အတွင်း နေအိမ်၊ ကျောင်း၊ ဆေးရုံ၊ ဈေး၊ ငါးဖမ်းလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း စသည်တို့အပါအဝင် အခြေခံ အဆောက်အအုံများကို တည်ဆောက်သွားရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ကုလသမဂ္ဂ အေဂျင်စီများ၊ နိုင်ငံတကာ အသိုက်အဝန်းများ၊ ဖွံ့ဖြိုးတိုးတက်မှုမိတ်ဖက်များအနေဖြင့် လာမည့်လများ၌ ဖွံ့ဖြိုးတိုးတက်မှုအကူအညီများ ပံ့ပိုးသွားရန်၊ စီမံချက်များကိုဆောင်ရွက်သွားရန် အထူးတိုက်တွန်းလိုပါကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေး လိုက်လျောညီထွေရေးနှင့် ငြိမ်းချမ်းကြွယ်ဝစည်ပင်သည့်ရခိုင်ပြည်နယ် တည်ထောင်နိုင်ရေးအတွက် အဆုံးစွန်ထိ ရည်မှန်းချက်ထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တူရကီသံအမတ်ကြီး၊ ဘရူနိုင်းသံအမတ်ကြီး၊ ဘင်္ဂလားဒေ့ရှ်သံရုံးမှ ကိုယ်စားလှယ်၊ UNOCHA နှင့် UNICEF ကိုယ်စားလှယ်တို့က နိုင်ငံတော်အစိုးရအနေဖြင့်ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတို၊ ရေရှည်လုပ်ငန်း စီမံချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ပြည်နယ်အတွင်း အမှန်တကယ်လိုအပ်လျက်ရှိသော အခြေခံအဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်နေမှု အခြေအနေများအပေါ် ၎င်းတို့၏ သဘောထားအမြင်များ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ အနေဖြင့်လည်း လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများအပြင် ရခိုင်ပြည်နယ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အစိုးရအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိနေမှု၊ ထိုသို့ ပူးပေါင်းဆောင်ရွက်ရာတွင် တွေ့ကြုံရမည့် အခက်အခဲများနှင့် စိန်ခေါ်မှုများအတွက် နိုင်ငံတော်အစိုးရက လိုအပ်သည့်အကူအညီများကို ဖြည့်ဆည်းပေးရန်တို့ကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ဒေါက်တာသန်းအောင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဆွေးနွေးချက်များအပေါ် ပြန်လည် ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် မြောက်ဦးမြို့သို့ ရောက်ရှိပြီး သမိုင်းဝင်ဘုရားများ ဖြစ်သည့် သျှစ်သောင်းဘုရား၊ ထုက္ကန်သိမ်ဘုရားနှင့် စန္ဒာမုနိဘုရားတို့အားလည်းကောင်း၊ ကျောက်တော်မြို့ရှိ သမိုင်းဝင် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအားလည်းကောင်း သွားရောက် ဖူးမြော်ကြည်ညို၍ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

ဒုတိယသမ္မတသည် မြောက်ဦးမြို့သို့ရောက်ရှိစဉ် မြို့မဈေးကြီးသို့သွားရောက်ပြီး ဈေး၌ ဆိုင်ခန်းဖွင့်လှစ်ရောင်းချလျက်ရှိသော ဈေးသူဈေးသားများနှင့် ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ရောင်းဝယ်မှု အခြေအနေများကို မေးမြန်းကာ နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် မြောက်ဦးဟိုတယ်သို့ ရောက်ရှိရာ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်ဇံက မြောက်ဦးမြို့နယ်ရှိ ရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်း သာယာလှပရေးနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးမှုနှင့် နှစ်အလိုက်ဘဏ္ဍာငွေရရှိမှုပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က မြောက်ဦးဟိုတယ်ဇုန်စီမံကိန်း တည်ဆောက်ရေးဆိုင်ရာ အချက်အလက်များကို ဆက်လက် ရှင်းလင်းတင်ပြရာ လုပ်ငန်းဆိုင်ရာ လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် မင်းပြားမြို့ရှိ စမ္ဗာလေ ကယ်ဆယ်ရေးစခန်း နယ်စပ်ရေးရာဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် အင်ဒိုနီးရှားနိုင်ငံက ဆောက်လုပ်လှူဒါန်းသည့် အခြေခံပညာမူလတန်းကျောင်းဆောင်၌ စခန်းအတွင်း နေထိုင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်သွားနိုင်ရေးတို့ကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သံအမတ်ကြီးများ၊ ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သည့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် မြေပုံမြို့ ကန်သာထွက်ဝ ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး စခန်းအတွင်းနေထိုင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားပြောကြားပြီး ဆန်အိတ်များထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် တောင်ပေါ်ကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ စခန်းယာယီ စာသင်ကျောင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူလေးများကို တွေ့ဆုံအားပေးစကားပြောကြားပြီး ပညာသင်ကြားရေးဆိုင်ရာ လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တောင်ပေါ်ကယ်ဆယ်ရေးစခန်းအတွင်းနှင့် ဆေးပေးခန်းတို့ကို လှည့်လည်ကြည့်ရှုပြီး စခန်းအတွင်း နေထိုင်သူများနှင့် တွေ့ဆုံကာ ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စများ၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေနှင့်အညီ ဆောင်ရွက်နေမှုများအပေါ် တွေ့ရှိရသည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားပြီးနောက် ဆန်အိတ်များကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် စခန်းအတွင်း နေထိုင်သူများအား မြေပုံမြို့နယ် နိုင်ငံသားပြုခွင့်ရသူဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေနှင့်အညီ နိုင်ငံသားပြုနိုင်ခွင့်ရရှိရေး ဆိုင်ရာ လုပ်ငန်းဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတနှင့် လိုက်ပါလာသည့် သံတမန်များကလည်း စုံစမ်းစစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ပေးနေမှု အခြေအနေများကို မျက်မြင်လေ့လာကြည့်ရှုပြီးသိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခဲ့ကြသည်။ **(သတင်းစဉ်)**

## ပြည်တွင်းသတင်း



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း စစ်တွေမြို့ရှိ အရေးပေါ်ပေါင်းစပ်ရေးစင်တာ (ECC)ရုံး အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ်အတွင်း ရောက်ရှိနေသော ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်း (၂၃)ဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်။** (သတင်းစဉ်)



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မြေပုံမြို့နယ် တောင်ပေါ်ကယ်ဆယ်ရေး စခန်း၌ ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။**
(သတင်းစဉ်)

# နိုင်ငံသားလုပ်ငန်းနှင့် အိမ်ထောင်စုစာရင်းလုပ်ငန်း ကျေးရွာအရောက်ကွင်းဆင်းဆောင်ရွက်

**နမ့်ခမ်း စက်တင်ဘာ ၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အဆင့် (၆) နိုင်ငံသားလုပ်ငန်းနှင့် အိမ်ထောင်စုစာရင်းလုပ်ငန်းကို စက်တင်ဘာ ၂ ရက်မှ ၃ ရက်အထိ နမ့်ခမ်းမြို့နယ် မန်လုံကျေးရွာအုပ်စု လွယ်အင်းကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်ပေးရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းမောင်နှင့် မူဆယ်ခရိုင် ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းကိုကိုတို့က မိုးပွင့်အဆင့်(၆)စီမံချက် လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကွင်းဆင်းဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုခဲ့သည်။

**ဆောင်ရွက်**

ယင်းနောက် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဆီနော်လီနှင့် ဝန်ထမ်းများက အသက် ၁၀ နှစ်ပြည့် ၅၇ ဦး၊ အသက် ၁၈နှစ်ပြည့် ၆၆ ဦးတို့ကို နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ပြီး မွေးဖွားသူ ၆၆ ဦးတို့ကို အိမ်ထောင်စုစာရင်းတွင် ဖြည့်သွင်းခြင်း၊ သေဆုံးသူ သုံးဦးကို ပယ်ဖျက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇော်လွင် (လားရှိုး)**

နိုင်ငံအဝန်း
သစ်တောစွမ်းဖြင့်
စိမ်းလန်းစေရမည်

ပြည်တွင်းသတင်း

# ယာဉ်စီးနင်းခပိုမိုတောင်းခံမှု နှစ်ပတ်အတွင်း ၅၂ မှု ဖော်ထုတ်အရေးယူ

**ရန်ကုန် စက်တင်ဘာ ၄**

ယာဉ်စီးနင်းခ ပိုမိုတောင်းခံမှုများ ပပျောက်ရေးအတွက် ခရီးသည် အသွင်ဆောင်ကာ စစ်ဆေးဖော်ထုတ်မှုမှတစ်ဆင့် နှစ်ပတ်အတွင်း အမှု ၅၂ မှုအထိ ဖော်ထုတ်အရေးယူနိုင်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှု ဗဟိုကော်မတီမှ သိရှိရသည်။

ယာဉ်စီးနင်းခ ပိုမိုတောင်းခံမှုများသည် မထသဗဟိုသို့ တိုင်ကြားသည့် အဓိကအမှုများဖြစ်ပြီး ယခင်က တိုင်ကြားမှုများကို ထိရောက်စွာ စုံစမ်းအရေးယူမှုများ ပြုလုပ်သော်လည်း နောက်ပိုင်းတွင် ခရီးသည်အများစုမှာ တိုင်ကြားမှုမရှိတော့ခြင်းကြောင့် ပိုမိုတောင်းခံမှုများလည်း ပြန်လည်ပေါ်ပေါက်လျက်ရှိသည်။

"ခရီးသည်တွေ အသွင်ယူပြီး စစ်ဆေးအရေးယူမှုတွေ ပြုလုပ်ခဲ့ရာမှာ အခုလိုတွေ့ရှိခဲ့တာ ဖြစ်ပါတယ်။ ဩဂုတ် ၁၄ ရက်မှ ၂၈ ရက်အထိ နှစ်ပတ်အကြာ စုံစမ်းဖော်ထုတ်တာ အမှု၅၂မှု စစ်ဆေးတွေ့ရှိခဲ့ရတယ်"ဟု မထသ(ဗဟို) ဥက္ကဋ္ဌ ဦးလှအောင်က ပြောကြားသည်။

**အရေးယူ**

ယာဉ်စီးနင်းခ ပိုမိုတောင်းခံသည့် ခရီးသည်တင်ယာဉ်များကို ဒဏ်ငွေ ကျပ်သုံးသောင်းနှင့် လိုင်စင်တစ်လ ပိတ်သိမ်းအရေးယူလျက်ရှိကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီမှ ဩဂုတ်အထိ ယာဉ်စီးနင်းခ ပိုမိုတောင်းခံသည့် အမှုပေါင်း ၄၄၉မှု ရှိခဲ့ပြီး ဩဂုတ်လအတွင်း တိုင်ကြားမှု ၈၈မှုကို ဖော်ထုတ်အရေးယူနိုင်ခဲ့ကာ အမှုများကို ခုံအဖွဲ့ ဖွဲ့စည်းပြီး ယာဉ်စည်းကမ်း ၁၃၈ ချက်ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း မထသ(ဗဟို)မှ သိရှိရသည်။

**မေဦးမိုး**

# မန္တလေး သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် နှစ်ပတ်လည်အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကျင်းပ

**မန္တလေး စက်တင်ဘာ ၄**

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် မန္တလေး စတင်တည်ထောင်ခြင်း (၁၅) နှစ်ပြည့် အကြိုအထိမ်းအမှတ်အဖြစ် စက်တင်ဘာ ၄ ရက် နံနက်ပိုင်းက အဆိုပါ တက္ကသိုလ် ဇမ္ဗူရာဇ်ရွှေစင်ခန်းမ၌ မန္တလေးတိုင်းဒေသကြီး သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ (ရွှေကျင်)မဟာမြိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသဇ္ဇနသာရ အမှူးပြုသော သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ ပျော်ပွဲရွှင်ပွဲများ ကျင်းပခြင်းနှင့်အတူ ဈေးရောင်းပွဲတော်များ ထည့်သွင်းပြုလုပ်ခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကန့်သတ်ကုန်ပစ္စည်းများ ဖမ်းဆီးရမိ

**ရန်ကုန် စက်တင်ဘာ ၄**

စက်တင်ဘာ ၂ ရက် အဲယားကမ္ဘောဇလေကြောင်းလိုင်း ခရီးစဉ်အမှတ် (K7-823) ဖြင့် ရန်ကုန်-ကျိုင်းတုံ-တာချီလိတ်-ရန်ကုန် ခရီးစဉ်အရ ပြေးဆွဲနေသည့် လေယာဉ်ပေါ်တွင် ကန့်သတ်ကုန်ပစ္စည်းများ တင်ဆောင်လာကြောင်း သတင်းအရ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ထမ်းဆောင်နေသည့် ပူးပေါင်းအဖွဲ့က စောင့်ကြည့်စစ်ဆေးခဲ့သည်။

**တွေ့ရှိ**

လေယာဉ်ဆိုက်ရောက်ချိန်တွင် လေယာဉ်ပေါ်မှ ပါရှိလာသည့် ပစ္စည်းများနှင့် ရောနှော၍ မသင်္ကာဖွယ်ရာ ပီနံအိတ်အထုပ်များအား လေဆိပ်ပြင်ပသို့ သယ်ဆောင်ရန် စီစဉ်နေသည်ကို တွေ့ရှိရသည့်အတွက် ပူးပေါင်းအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ ကန့်သတ်ကုန်ပစ္စည်းများဖြစ်သည့် Switzerland နိုင်ငံထုတ် Marlboro အမျိုးအစား စီးကရက် ဘူး ၅၀၀၀၊ ခန့်မှန်းတန်ဖိုးငွေကျပ်သိန်းတစ်ရာ( ၁၀၀၀၀၀၀၀ )အား တရားမဝင်သယ်ဆောင်လာကြောင်း တွေ့ရှိရသည်။

**ဆောင်ရွက်**

အဆိုပါ ပစ္စည်းများ လာရောက်သယ်ဆောင်သည့် ဦးလှရွှေ (၄၇နှစ်)အား အသေးစိတ်စစ်ဆေးခဲ့ရာ ရန်ကုန်မြို့နေ ဦးမောင်အေးဆိုသူ၏ ပစ္စည်းများဖြစ်ကြောင်း၊ လာရောက်လွှဲပြောင်းထုတ်ယူသူ ဦးမောင်အေးကိုယ်စား ယာဉ်မောင်း ဦးကျော်နိုင်၏ ဖုန်းနံပါတ်ကိုသာ သိရှိပြီး နေရပ်လိပ်စာကို မသိရှိကြောင်း၊ ယခုကဲ့သို့ ကန့်သတ်ကုန်ပစ္စည်းများကို ယခင်က သယ်ဆောင်ခဲ့ခြင်းမရှိကြောင်း ပြောကြားခဲ့သော်လည်း ဦးမောင်အေး၏ ပစ္စည်းများကဲ့သို့ အခြားပစ္စည်းပိုင်ရှင်များ၏ ပစ္စည်းများကို ဦးလှရွှေက လေဆိပ်တွင် မကြာခဏ လာရောက်ထုတ်ယူပြီး ပစ္စည်းပိုင်ရှင်များက ၎င်း၏နေအိမ်သို့ လာရောက်လက်ခံရယူလေ့ရှိကြောင်း စုံစမ်းသိရှိရသည့်အတွက် ကန့်သတ်ကုန်ပစ္စည်းများအား ကိုယ်စားလှယ်သယ်ဆောင်ပေးနေသည့် ဦးလှရွှေအား သက်သေခံပစ္စည်းများနှင့်အတူ မင်္ဂလာဒုံမြို့မရဲစခန်း၌ အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ထားရှိပြီး ပစ္စည်းပိုင်ရှင်ဖြစ်သူ ဦးမောင်အေးဆိုသူကို စုံစမ်းဖော်ထုတ်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၄**

ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် စက်တင်ဘာ ၂ ရက် ည ၈ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁၆စင်တီမီတာ (ပေဝက်ခန့်) ကျော်လွန်နေသည်။အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်သည်။

အလားတူ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ဩဂုတ် ၂၉ ရက် ညနေ ၆ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်၂၇စင်တီမီတာ(တစ်ပေခန့်)ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုး/ဇလ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**



# ရွှေဘို-မြစ်ကြီးနား ကားလမ်းရေကျော်သဖြင့် ယာယီပိတ်ထား

**ခင်ဦး စက်တင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို-မြစ်ကြီးနားကားလမ်း မိုင်တိုင်အမှတ် (၆/၆)နှင့် (၆/၇)ကြားတံတား အမှတ်(၆/၇) ရွှေပြည်သာတံတားသည် စက်တင်ဘာ ၄ ရက် နံနက် ၃ နာရီ ခွဲခန့်က ရွာသွန်းသောမိုးကြောင့် ဒုတိယအကြိမ် ကားလမ်းရေကျော်ပြီး တံတားမှာပျက်စီးခဲ့သဖြင့် ခင်ဦးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရာဇာအေးက ကြီးကြပ်၍ ခရိုင်အင်ဂျင်နီယာမှူးနှင့် မြို့နယ်အင်ဂျင်နီယာမှူးတို့က အရှည်ပေ ၄၀၊ အကျယ် ၁၂ ပေ ရှိ သံပေါင်တံတားကို ယာယီတပ်ဆင်ဆောက်လုပ်နေသဖြင့် ယာဉ်သွားလာမှုကို ယာယီပိတ်ထားကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါ မိုးရွာသွန်းမှုကြောင့် ယင်းတံတားနေရာတွင် ရေပြင်အကျယ်ပေ ၆၀၀ ခန့်နှင့် ကားလမ်းပေါ်တွင် သုံးပေခန့် ရေကျော်နေ၍ အနီးအနားရှိ ရွာသူ ရွာသားများက ဆိုင်ကယ်များကို တစ်စီးလျှင် ကျပ် ၂၀၀၀ နှုန်းဖြင့် သယ်ယူပို့ဆောင်ပေးနေကြကြောင်း သိရသည်။


**ခင်ဦးစိုးဝေ**

# တောင်ကျရေစီးဆင်းမှုကြောင့် ချောင်းရေလျှံပြီး လယ်မြေများရေလွှမ်း

**တပ်ကုန်း စက်တင်ဘာ ၄**

စက်တင်ဘာ ၃ ရက် ညနေပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကင်းသာအရှေ့ဘက်ရှိ ကျေးရွာများသို့ ရှမ်းရိုးမတောင်တန်းပေါ်မှ တောင်ကျရေများ စီးဆင်းလာ၍ ကင်းသာချောင်း ရေကြီး ရေလျှံမှုများဖြစ်ပွားကာ ဒေသခံတောင်သူများ၏ စိုက်ပျိုးလယ်မြေများနှင့် သီးနှံစိုက်ခင်းတချို့ ရေလွှမ်းခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

အဆိုပါ ချောင်းရေလျှံမှုသည် ယင်းနေ့ ညနေ ၈ နာရီခန့်က စတင်ပြီး စက်တင်ဘာ ၄ ရက်အထိ ရေကြီးမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိကြောင်း၊ ချောင်းရေများ ရုတ်တရက်တိုးလာပြီး နေအိမ်များအတွင်း ရေဝင်ရောက်လာသဖြင့် ချောင်းဘေးနေထိုင်သည့် နေအိမ်များမှ မိသားစုဝင်အချို့ ကားများဖြင့် ညတွင်းချင်း အနီးရှိ ကင်းသာဘုန်းတော်ကြီးကျောင်းသို့ ရွှေ့ပြောင်းနေထိုင်ခဲ့ရကြောင်း၊ ထို့အပြင် ဒေသခံတောင်သူများ၏ စိုက်ပျိုးထားပြီးသော လယ်မြေဧက ၅၀ ထက်မနည်း ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့သည့်အပြင် စိုက်ပျိုးပြီးခါစ စိုက်ခင်းနှင့် ပြောင်းဖူးစိုက်ခင်းတချို့ ရေနစ်မြုပ်ခဲ့ကြောင်း ဒေသခံတစ်ဦးက ပြောပြသည်။



အဆိုပါချောင်းဘေးရှိ ကင်းသာကျေးရွာမှ လယ်မြေ ၁၀ ဧကခန့် ရေလွှမ်းခံရသူ ကိုလှမင်းဦးက "မနေ့ညနေပိုင်းက ရွာတဲ့မိုးကြောင့် အခုလို ချောင်းရေလျှံမှု ဖြစ်တာပါ။ ချောင်းရေကြီးမှုက ည ၈ နာရီလောက်က စပြီး အခုချိန်အထိပါပဲ။ ညကလည်း တစ်ညလုံးပဲ။ ချောင်းက ရေစီးသန်တော့ မိုးဆက်မရွာရင် ချောင်းရေ မကြာခင် ရေပြန်ကျနိုင်ပါတယ်"ဟု ပြောပြသည်။ **သတင်း-တင်မောင်လွင်**
**ဓာတ်ပုံ-မောင်လွင်(တပ်ကုန်း)**

# အမှုထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

**ပြည် စက်တင်ဘာ ၄**

မြန်မာ့သစ်လုပ်ငန်း ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်မြို့ ဒုတိယအထွေထွေမန်နေဂျာရုံးမှ ပြည်သစ်ထုတ်ရေးဒေသ ဧရာဝတီဖောင်ဖွဲ့ရေးဒေသတို့မှ အမှုထမ်းများအား စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (၁/၂၀၁၄) ဖွင့်လှစ်ပွဲကို စက်တင်ဘာ ၁ရက်က ပြည်မြို့ ဒုတိယအထွေထွေမန်နေဂျာရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယအထွေထွေမန်နေဂျာ ဦးသိန်းထွန်းက အမှာစကားပြောကြားပြီး သင်ကြားပို့ချပေးမည့် ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများ၊ ပြည်သစ်ထုတ်ရေးဒေသနှင့် ဧရာဝတီဖောင်ဖွဲ့ရေးဒေသတို့မှ ရုံးဝန်ထမ်း၊ တောဝန်ထမ်း၊ ဆင်၊ ယာဉ်ယန္တရားဝန်ထမ်းများ စုစုပေါင်း ၆၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းလွင်(ပြည်)**

# သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ကုသရေးနှိုးဆော်ချက်

ယခုအခါ မြန်မာနိုင်ငံအတွင်း သွေးလွန်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားသူပေါင်း နှစ်စဉ် တစ်သောင်းကျော်ခန့်ရှိပြီး ၆၀ ခန့် သေဆုံးလျက်ရှိသည်။ သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသော အေဒီးစ်(ခေါ်) ခြင်ကျား(ခြင်ပုန်း)ကိုက်ခံရခြင်းကြောင့် ကူးစက်ဖြစ်ပွားသောရောဂါဖြစ်ပြီး မြန်မာနိုင်ငံတွင် အသက်သုံးနှစ်မှ ရှစ်နှစ်အရွယ်တွင် ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး လူကြီးများတွင်လည်း ဖြစ်ပွားနိုင်သည်။ တောရောမြို့ပါ ဖြစ်ပွားနိုင်သည်။

ရောဂါလက္ခဏာများမှာ ကလေးဖျားပြီး သုံးရက်မှ လေးရက်အတွင်း အဖျားကျသွားကာ ခန္ဓာကိုယ်များအေးစက်ပြီး ကလေးမှိန်းနေခြင်း၊ ခန္ဓာကိုယ်အနှံ့ အနီရောင်အစက်များဖြစ်ပေါ်ခြင်း၊ ကော်ဖီရောင်(အမည်းရောင်)အန်ခြင်းများဖြစ်နိုင်ပြီး စောစီးစွာမကုသပါက အသက်အန္တရာယ်ကျရောက်နိုင်သဖြင့် အချိန်မီကာကွယ်ကုသရန် အထူးလိုအပ်ပါသည်။

သို့ဖြစ်ပါ၍ ခြင်ပုန်း(ခေါ်)ခြင်ကျား မပေါက်ပွားစေရန်နှင့် မိမိတို့ရင်သွေးငယ်များ ခြင်ကိုက်မခံရစေရန် ကလေးများအား အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်ဝတ်ဆင်ပေးခြင်း၊ ကလေးများအိပ်သည့်အခါတိုင်း နေ့ညမရွေးခြင်ထောင်ဖြင့် သိပ်ခြင်း၊ လေကောင်းလေသန့်နှင့် အလင်းရောင်ရရှိစေရန် ပြတင်းပေါက်များဖွင့်ထားခြင်း၊ အိမ်တွင်းအိမ်ပြင် ပတ်ဝန်းကျင်သန့်ရှင်းစွာထားခြင်း၊ ပိုးလောက်လမ်းပေါက်ပွားနိုင်သည့် ရေဝပ်နိုင်သောချိုင့်ခွက်များအား မြေဖို့ခြင်း၊ ရေစည်ရေအိုး၊ ရေလှောင်ကန်များအား လုံခြုံစွာဖုံးအုပ်ခြင်း၊ ဘုရားစင်၊ နတ်စင်များမှ ပန်းအိုးများ၊ အလှပန်းအိုးများ၊ ရေအိုးများကို နေ့စဉ်တိုက်ချွတ်၍ ရေလဲလှယ်ခြင်း၊ မိုးရေတင်နိုင်သောဘူးခွံ၊ တာယာဟောင်း၊ အိုးခြမ်းပဲ့၊ အုန်းမှုတ်ခွက်၊ ပလတ်စတစ်အိတ်တို့အား မီးရှို့ခြင်း၊ မြေမြှုပ်ခြင်းတို့ကို ဆောင်ရွက်ရပါမည်။ ရပ်ကွက်၊ ကျေးရွာများအတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး(ဖုံး၊ သွန်၊လဲ၊စစ်) လုပ်ငန်းများကို ပြည်သူလူထုမှ စဉ်ဆက်မပြတ် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန်နှင့် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသည်ဟု သံသယရှိသော ကလေးများကို ဆေးရုံ၊ ဆေးခန်းများသို့ အချိန်မီပို့ဆောင်၍ ဆေးကုသမှုခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

ကြော်ငြာ



မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် မိတ်ပြည်သူများအတွက် ပိုမိုကောင်းမွန်တိုးတက်သော ဆက်သွယ်ရေး နည်းပညာများကို ဝန်ဆောင်မှုပေးရန် စဉ်ဆက်မပြတ် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ ယခုနှစ် ဇူလိုင်လ(၁၆)ရက်နေ့တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ဂျပန်နိုင်ငံမှ နိုင်ငံတကာအဆင့်မီ စီးပွားရေးလုပ်ငန်းများဖြစ်သည့် KDDI၊ Sumitomo တို့နှင့်အတူ ပူးပေါင်း ဆောင်ရွက်ရန် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါသည်။

KDDI သည် ဂျပန်နိုင်ငံ၏ ဒုတိယအကြီးဆုံးသော ဆက်သွယ်ရေး လုပ်ငန်းတစ်ခုဖြစ်ပါသည်။ KDDI ၌ လက်ရှိသုံးစွဲသူပေါင်း သန်း(၅၀) ကျော်ရှိပြီး ဝင်ငွေမှာ အမေရိကန်ဒေါ်လာ(၄၂)ဘီလီယံ ကျော်ရှိပါသည်။ KDDI သည် သုံးစွဲသူဆိုင်ရာ ဝန်ဆောင်မှုပေးပုံစနစ်ကျခြင်းနှင့် အကောင်းဆုံးဖြစ်ခြင်းတို့အပြင် နည်းပညာ အဆင့်မြင့်မားခြင်းကြောင့် ဂျပန်နိုင်ငံတွင် အောင်မြင်သော ကုမ္ပဏီတစ်ခုဖြစ်ပါသည်။

Sumitomo သည် စီးပွားရေးလုပ်ငန်းမျိုးစုံကို ကမ္ဘာ့ပြန်လုပ်ကိုင်လျက်ရှိသော နိုင်ငံတကာလုပ်ငန်းကြီး တစ်ခုဖြစ်ပါသည်။ Sumitomo သည် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခဲ့သည်မှာ နှစ်ပေါင်း (၅၀) ခန့် အတွေ့အကြုံရှိခဲ့ပြီးဖြစ်ပါသည်။ Sumitomo သည် မြန်မာနိုင်ငံ၏ဆက်သွယ်ရေးကွန်ရက် ပိုမိုကောင်းမွန်ရေးအတွက် လိုအပ်သောရင်းနှီးမြှုပ်နှံမှုများကို KDDI နှင့်အတူပူးပေါင်း၍ ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် KDDI၊ Sumitomo တို့နှင့်အတူပူးပေါင်းကာ ဆက်သွယ်မှုကွန်ရက် ပြန့်ကျက်ရေး၊ လွှမ်းခြုံနိုင်သော ဆက်သွယ်မှုစနစ်ကိုဖွံ့ဖြိုးနိုင်ရေး လုပ်ငန်းစဉ်များ အဆင့်မြှင့်တင်ရေးတို့ကို ဆောင်ရွက်ကာ ဈေးကွက်၌ ဦးဆောင်မှုရရှိနိုင်ရန်နှင့် မိတ်ပြည်သူများအား အကောင်းဆုံးဆက်သွယ်ရေး ဝန်ဆောင်မှုများ ပေးသွားရန် ဆောင်ရွက်လျက်ရှိပါသည်။



မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် KDDI၊ Sumitoတို့၏ ပူးပေါင်း ဆောင်ရွက်မှုကြောင့် မြန်မာနိုင်ငံ၏ဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုနှင့် အရည်အသွေးတို့၏ အဆင့်အတန်းကိုလက်ရှိအခြေအနေမှ အိမ်နီးချင်း ASEAN နိုင်ငံများနှင့် ရင်ဘောင်တန်းနိုင်သည်အထိ မြှင့်တင်နိုင် ခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ 3G အင်တာနက်လိုင်း မရလှမ်းကောက်မှု ကို ၂၀% အထိ လျှော့ချနိုင်ခဲ့ပါသည်။ ဖုန်းခေါ်ဆိုမှု အပိုင်းတွင်လည်း အောင်မြင်သောဖုန်းခေါ်ဆိုမှုတစ်ခုဖြစ်အောင် ဆက်သွယ်ဆောင်ရွက် ပေးနိုင်စွမ်းသည် အထူးသဖြင့်ဖုန်းခေါ်ဆိုမှုအများဆုံးအချိန်များ၌ ယခင်ကာလများထက် ၂၀% မျှသိသာစွာ ပိုမိုတိုးတက်ကောင်းမွန်လာခဲ့ပါသည်။ ထို့အပြင် ပြောဆိုနေစဉ်အတွင်း ဖုန်းလိုင်းကျသွားသည့် ဖြစ်ရပ်များ မှာလည်း စုစုပေါင်း ခေါ်ဆိုမှု၏ ၁% သာ ရှိပါတော့သည်။

## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် KDDI ၊ Sumitomo တို့ ပူးပေါင်းဆောင်ရွက်မှုကြောင့် နည်းပညာခေတ်မီတိုးတက်လာကာ ဆက်သွယ်မှု အရည်အသွေးများမြင့်တက်လာ

ဆောင်းပါးရှင် - သည့်ဦးသခင်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ဆက်သွယ်ရေးကွန်ရက်ကို နိုင်ငံအဝှမ်းသို့တိုးမြှင့်ချဲ့ထွင်နိုင်ရေးအတွက် KDDI၊ Sumitomo တို့က အမေရိကန်ဒေါ်လာ (၂)ဘီလီယံရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပါသည်။



မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် နောင်တွင် တန်ဖိုးနည်း SIMကတ် သန်းပေါင်းများစွာကို နိုင်ငံတစ်ဝန်းပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ လက်လီအရောင်းဆိုင်များတွင် ကျယ်ပြန့်စွာရောင်းချပေးမည် ဖြစ်ပါသည်။ ကြားခံအချိန်တွင်တွင်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ဖောက်သည်ဗဟိုပြုသည့် အစီအမံများဖြစ်သော အချိန်မရွေး ဆက်သွယ်မေးမြန်းနိုင်သော အရေးပေါ်ဆက်သွယ်ရေးဖုန်းလိုင်း (Hotline)များထားရှိပေးခြင်းနှင့် အခြားစွဲဆောင်မှုရှိသော အစီအစဉ်များကို လည်းစတင်မိတ်ဆက်ပေးသွားမည်ဖြစ်ပါသည်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် KDDI ၊ Sumitomo တို့၏ပူးပေါင်းဆောင်ရွက်မှုသည် မြန်မာနိုင်ငံ၏ ရှေ့သို့တက်လှမ်းမည့်ခရီးအတွက် များစွာအထောက်အကူပြုနိုင်မည်မှာ ယုံမှား သံသယ ဖြစ်ဖွယ်မရှိပါ။**



ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# တပ်ကုန်းမြို့၌ မူးယစ်ဆေးဝါး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လူကုန်ကူးမှုနှင့် မူခင်းကျဆင်းရေး အသိပညာပေး ဟောပြော

**တပ်ကုန်း စက်တင်ဘာ ၄**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် မြဝတီရပ်ကွက်အတွင်းရှိ ပြည်သူများ အန္တရာယ်ကင်းရှင်းစေရန်ရည်ရွယ်၍ မူးယစ်ဆေးဝါး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လူကုန်ကူးမှုနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁ ရက် ည ၇ နာရီက မြဝတီရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်က ရပ်ကွက်နေ လူငယ် လူရွယ်များ မူးယစ်ဆေးဝါး မသုံးစွဲစေရေးအတွက် မိဘပြည်သူများက ပူးပေါင်းဆောင်ရွက်ကြရန် အမှာစကားပြောကြားသည်။

မြို့နယ်ယာဉ်ထိန်း ရဲတပ်ဖွဲ့စု ရဲအုပ်ထွန်းနိုင်မြင့်က မြင်းလှည်း၊ စက်ဘီး၊ ဆိုင်ကယ်၊ ကားသမားများနှင့် ခြေကျင်လျှောက်သူများ သိရှိလိုက်နာရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအချက်အလက်များ ရှင်းလင်းခြင်း၊ နေပြည်တော် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး တပ်ဖွဲ့စု ရဲအုပ်ကျော်နိုင်ဦးက လူကုန်ကူးမှုနည်းလမ်းအသွယ်သွယ်များကို ရှင်းလင်းခြင်း၊ မြို့နယ် ရဲစခန်းမှုရဲစခန်းမှူး ဒုရဲမှူးသန်းဝင်းက မြို့နယ်ရဲစခန်းမှ ဆောင်ရွက်နေမှု လုပ်ငန်းစဉ်များ၊ မူးယစ်ဆေးဝါးရောင်းဝယ်မှုနှင့် မှုခင်းကျဆင်းရေးတို့ကို ပြည်သူများ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် ရှင်းလင်းဆွေးနွေးခဲ့သည်။

တက်ရောက်လာသူများက ပညာပေးဟောပြောခဲ့မှုအပေါ် သိလိုသည်များကို ဆွေးနွေးမေးမြန်းကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပေးခဲ့ပြီးနောက် ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးဇော်မင်းထိုက်က မြဝတီရပ်ကွက်အတွင်းရှိ ပြည်သူများအား အသိပညာပေး ဟောပြောပေးပါသောကြောင့် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း တက်ရောက်လာသူများ၏ ကိုယ်စားပြောကြားခဲ့ကြောင်း သိရသည်။

(၄၁၇)

# ဘေးအန္တရာယ်ကျရောက်စဉ် မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း (MISP) ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၄**

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် IPPF-SPRINT Initiative တို့ပူးပေါင်း၍ ဘေးအန္တရာယ်ကျရောက်စဉ် မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများပေးခြင်း (Minimum Initial Service Package;MISP )ဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်းနှင့် ဗဟိုအဆင့် ဆရာဖြစ်သင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၂ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အတွင်းရေးမှူး ဒေါ်သဇင်နွယ်က အမှာစကားပြောကြားပြီး IPPF Project, Executive Director ဒေါက်တာကိုကိုမော်က Sprint Initiative စီမံချက်လုပ်ငန်းစဉ်အကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း လက်ထောက်ဆရာဝန် ဒေါက်တာမျိုးမင်းဦးက ဘေးအန္တရာယ်ကျရောက်စဉ် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း (MISP) နှင့် ပတ်သက်၍ အသိပေးဆွေးနွေးခြင်းများကို ပြောကြားခဲ့သည်။

ဆက်လက်ပြီး ဗဟိုအဆင့် ဆရာဖြစ်သင်တန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၀ ဖြင့် စက်တင်ဘာ ၂ ရက်မှ ၄ ရက်အထိ သုံးရက်ကြာ သင်တန်းပို့ချကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မဟာဆွမ်းတော်ကြီး ကပ်လှူပူဇော်ပွဲကျင်းပ

**ဂန့်ဂေါ စက်တင်ဘာ ၄**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် အနောက်ဂန့်ဂေါကျေးရွာ စွယ်တော်ရှင်အရှေ့ကျောင်းတိုက်၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၅၂)ကြိမ်မြောက် မဟာဆွမ်းတော်ကြီးကပ်လှူပူဇော်ပွဲကို စက်တင်ဘာ ၁ ရက် နံနက် ၈ နာရီက ယင်းကျောင်းတိုက်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းမဟာဆွမ်းတော်ကြီး ကပ်လှူပူဇော်ပွဲ၏ အကြိုနေ့ဧည့်ခံပွဲကို ဩဂုတ် ၃၁ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ ယင်းကျောင်းတိုက်၌ ကျင်းပခဲ့ပြီး ကျေးရွာအတွင်းရှိ နေအိမ်အသီးသီးတို့တွင်လည်း ရပ်ဝေးရပ်နီးမှ လာရောက်ကြသည့် ဧည့်ပရိသတ်များကို မိမိတို့အစီအစဉ်ဖြင့် ဧည့်ခံကျွေးမွေးမှုများ ပြုလုပ်ခဲ့ကြသည်။ မဟာဆွမ်းတော်ကြီးကပ်လှူပူဇော်ပွဲ၏ ပွဲကြီးနေ့ဖြစ်သော စက်တင်ဘာ ၁ ရက် နံနက် ၈ နာရီတွင် ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော လှူဖွယ်ဝတ္ထုအစုစုတို့ကို လှူဒါန်းပြီး တရားတော်နာယူကြသည်။

ဂန့်ဂေါမြို့နယ်တွင် မြို့ပေါ် ရပ်ကွက်များနှင့် ကျေးရွာအသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၌ မဟာဆွမ်းတော်ကြီး ကပ်လှူပူဇော်ပွဲကို နှစ်စဉ်ဝါတွင်းကာလ၌ ယခုကဲ့သို့ စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**



# လျှပ်စစ်အန္တရာယ်ကင်းရှင်းပြီး ဓာတ်အားအပြည့်ရရေးဆောင်ရွက်

**တောင်ကြီး စက်တင်ဘာ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းသည် ဓာတ်အားသုံးစွဲသူများ ဓာတ်အားအပြည့်အဝရရှိရေးနှင့် လျှပ်စစ်ဘေးအန္တရာယ်ကင်းရှင်းရေးအစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၃၀ရက်နှင့် ၃၁ ရက်တို့တွင် တောင်ကြီးမြို့ပေါ်ရှိ ဈေးပိုင်းရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်း ရေအေးကွင်းရပ်ကွက်ရှိ ရေထွက်ဦးလမ်း၊ ညောင်ဖြူစခန်းရပ်ကွက်ရှိ အနောက်မြို့ပတ်လမ်းတစ်လျှောက် ဓာတ်ကြိုးနှင့်မလွတ်သည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းကို တောင်ကြီးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးနိုင်လင်းဦးစီးဝန်ထမ်းများက ဆောင်ရွက်ခဲ့သည်။ အဆိုပါ လုပ်ငန်းဆောင်ရွက်နေမှုများကို ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာတို့က ကွင်းဆင်းကြီးကြပ်ခဲ့ပြီး ဓာတ်အားလိုင်းများကြံ့ခိုင်မှုကောင်းမွန်ရေး၊ လုပ်ငန်းဆောင်ရွက်နေသည့် ဝန်ထမ်းများမတော်တဆမှုနှင့် ဘေးအန္တရာယ်ကင်းဝေးစေရေးမှာကြားခဲ့ကြောင်း သိရသည်။

**နိုင်ထွန်း(TGI)**

# ကိုယ့်အားကိုယ်ကိုး မီးလင်းရေး လျှပ်စစ်ဓာတ်အားလိုင်းဖွင့်

**ချောင်းဦး စက်တင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် ကုလားကြီးကျေးရွာအုပ်စု ကံဇီးကျေးရွာ ကိုယ့်အားကိုယ်ကိုး မီးလင်းရေး လျှပ်စစ်ဓာတ်အားလိုင်းဖွင့်ပွဲကို ဩဂုတ် ၂၈ ရက် ညနေ ၅ နာရီက ကျင်းပသည်။

ကံဇီးကျေးရွာ ကိုယ့်အားကိုယ်ကိုး မီးလင်းရေး လျှပ်စစ်ဓာတ်အားလိုင်းဖွင့်ပွဲကို ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းမောင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမိုး၊ ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး Main Breaker ကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်လွင်ဦးက ဖွင့်လှစ်ပေးသည်။

ထို့နောက် ကံဇီးကျေးရွာ ကိုယ့်အားကိုယ်ကိုး မီးလင်းရေးဆိုင်းဘုတ်ကို ချောင်းဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်းက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီးနောက် ကျေးရွာမီးလင်းရေးကော်မတီအဖွဲ့ဝင် ဦးတင်ငွေက ကျေးဇူးတင်စကားပြောကြားသည်။

ကံကြီးကျေးရွာတွင် လျှပ်စစ်ဓာတ်အားများ အသုံးပြုရရှိသည့်အတွက် ကျေးရွာနေပြည်သူများ မြို့ပြနှင့်မခြားလျှပ်စစ်ဓာတ်အား အသုံးပြုနိုင်ခြင်းကြောင့် အိမ်တိုင်း တီဗွီ၊ ရေခဲသေတ္တာ၊ မီးဖိုချောင်သုံး လျှပ်စစ်ပစ္စည်းများ အစရှိသည်တို့ကို အသုံးပြုနိုင်သည့်အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ကျေးရွာသား ဦးဇော်ဦးက ပြောပြသည်။

**(မြို့နယ် ပြန်/ဆက်)**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပုဏ္ဏားကျွန်း၌ဆောင်ရွက်

**ပုဏ္ဏားကျွန်း စက်တင်ဘာ ၄**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်သည် လာမည့်ဒီဇင်ဘာလအတွင်း မဟာဓာတ်အားလိုင်းဖြင့် ၂၄ နာရီလျှပ်စစ်မီးရရှိလာတော့မည်ဖြစ်ရာ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအနေဖြင့် ပြည်သူများလျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုလျော့နည်းရေးနှင့် ဓာတ်အားအပြည့်အဝသုံးစွဲနိုင်ရေးတို့အတွက် ဩဂုတ် ၂ ရက်က မြို့ပေါ်ရပ်ကွက်များအတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်လျှပ်စစ်မှူး ဦးမိုးကျော်သူနှင့်လိုင်းဝန်ထမ်းများသည် လျှပ်စစ်ဓာတ်အားလိုင်းကြိုးအဟောင်းများကို မဟာဓာတ်အားလိုင်းအတွက် အဆင်သင့်ဖြစ်စေရန် သင့်တော်သော ကြေးကြိုးများဖြင့် အစားထိုးတပ်ဆင်ခြင်း၊ ဟောင်းနွမ်းနေသော ဆားဗစ်ကြိုးများကို အသစ်လဲလှယ်ခြင်း၊ ဓာတ်အားလိုင်းကြိုးများနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်း၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးသတိပေးပိုစတာများကပ်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လှတောသူ**

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**


## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် (ညည-၁၄)၊ ဦးပိုင်အမှတ် (၁၆-က)၊ သမိန်ဗရန်းလမ်း×ဗညားဒလလမ်း၊ ၅၈×၅၉ လမ်းကြားရှိ ဒေါ်ခင်မြအမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးသိန်းဦး ၉/မနမ (နိုင်)၀၂၆၁၇၅မှ မြေချထားမိန့်၊ တရားရုံး ကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ (အခွန်)ပေး ဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

နွားထိုးကြီး၊ အထက တက္ကသိုလ်ဝင်တန်း(H)မှ မောင်ရန်လင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးဇော်မြင့်ထွန်း ၉/နထက(နိုင်)၁၂၄၅၅၁ ဖြစ်ပါကြောင်း။

**ဦးဇော်မြင့်ထွန်း**

## အမည်မှန်

နွားထိုးကြီးမြို့နယ်၊ အထက တက္ကသိုလ်ဝင်တန်း(H)မှ မရည်ရည်ချို ၏အမည်မှန်မှာ မရီရီချို ၉/နထက(နိုင်)၁၇၉၆၂၇ ဖြစ်ပါကြောင်း။

**မရီရီချို**

## ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈က/၉၅၉၃၊ Nissan Sunny B/22/P/U (4 ×2)R ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်ဝင်းဦး ၉/မရမ(နိုင်)၀၉၁၂၄၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၁၆၃၉၂ Honda C90 Custom ယာဉ်လက်ဝယ်ရှိသူ ဦးနီအောင်လတ် ၅/ကဘလ(နိုင်)၁၃၀၉၂၆က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(င-၄)၊ ဦးပိုင်အမှတ် (၂၁)၊ ၆၄×၆၅ လမ်းကြား၊ ဇလပ်ဝါနှင့်ခိုင်ရွှေဝါလမ်းကြားရှိ ဦးသန်းရွှေ အမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်သီတာစမ်း ၉/မရမ(နိုင်)၀၀၉၅၀၇မှ ဦးပိုင် ၂၁(ခဲစင်း) မြေကွက်၏ တောင်ဘက်ခြမ်းအား မြို့ကွက်သစ်နေရာချထားရေးငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင် (၂)ရပ်ကွက်၊ အကွက်အမှတ် (ဒ-၁၂)၊ ဦးပိုင်အမှတ် ၅၈(ခဲစင်း)မြောက်ဘက်ခြမ်း၊ ၃၉×၄၁ကြား၊ ၆၂×၆၃ကြားရှိ ဒေါ်ဝင်းအမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးပရင်းဗဟာဒူး ၁/ဝမန(နိုင်)၀၀၄၇၄၀မှ မြို့ကွက်သစ် နေရာချထားရေးငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

နွားထိုးကြီး၊ အထက တက္ကသိုလ်ဝင်တန်း(H)မှ မလှယမင်းနွယ်၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင် ၉/နထက(နိုင်)၁၁၈၁၁၉ ဖြစ်ပါကြောင်း။

**ဦးဝင်းနိုင်**

## ဖခင်အမည်မှန်

နွားထိုးကြီးမြို့နယ်၊ အထက တက္ကသိုလ်ဝင်တန်း(D)မှ မောင်သန့်ဇင်လင်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းနိုင် ၉/နထက(နိုင်) ၀၁၄၀၅၁ ဖြစ်ပါကြောင်း။

**ဦးထွန်းနိုင်**

## အမည်မှန်

ဦးမိုးအောင်၏သမီး နွားထိုးကြီး၊ အထက တက္ကသိုလ်ဝင်တန်း(H)မှ မခိုင်ရီမွန် အမည်မှန်မှာ မခိုင်ရည်မွန် ၉/နထက(နိုင်)၁၉၁၂၄၂ ဖြစ်ပါကြောင်း။

**ခိုင်ရည်မွန်**

## အမည်ပြောင်း

နွားထိုးကြီးမြို့နယ်၊ အထက တက္ကသိုလ်ဝင်တန်း(C)မှ မအိအိစံ ၉/နထက(နိုင်) ၁၉၆၈၆၄ အား ယနေ့မှစ၍ မအိအိစံဖွေး ဟုပြောင်းလဲခေါ်ပါရန်။

**မအိအိစံဖွေး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ဃ/၂၉၃၄ Jialing JL 90 , M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆုနန္ဒာနွယ် ၉/အမဇ (နိုင်)၀၂၄၅၆၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ် (၀၀-၂)၊ ဦးပိုင်အမှတ် ၃၀၊ B လမ်းမပေါ်၊ ၆၇×၆၈လမ်းကြားရှိ ဒေါ်လှလှမြင့်အမည်ဖြင့် ချထားပေးသောမြေကွက်အား SOON KYIN (ခ)ဒေါ်ခင်ခင်ဝင်း ၉/အမဇ(ပြု)၀၀၀၁၇၅မှ မြေစလစ်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၃၃၃၀၊ Honda C90 Custom ယာဉ်လက်ဝယ်ရှိသူ ဦးမြလင်း ၉/မတရ(နိုင်)၀၉၅၈၀၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## မိခင် အမည်မှန်

လားရှိုးမြို့နယ်၊ အထက(၆) Grade II (E) မှ မောင်ပြည့်ဖြိုးအောင်၏ မိခင်အမည်မှန်မှာ ဒေါ်အုန်းအုန်းကြည် ဖြစ်ပါသည်။

**ဒေါ်အုန်းအုန်းကြည်**

# မြို့နယ်အားကစားကွင်းများ အဆင့်မြှင့်တင်မည်

**နေပြည်တော် စက်တင်ဘာ ၄**

ပြည်သူများ ကိုယ်လက်လှုပ်ရှားအားကစားတွင် စိတ်ပါဝင်စားစွာ လုပ်ကိုင်လာရန်နှင့် မြို့နယ်အလိုက် အားကစား ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပြီး မြို့နယ်အားကစားကွင်းများ အဆင့်မြှင့်တင်သွားမည် ဖြစ်ကြောင်း အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားလိုက်သည်။

“ပြည်သူတွေ ကိုယ်လက်လှုပ်ရှားအားကစားကို လုပ်ကိုင်လာနိုင်စေဖို့နဲ့ မြို့နယ်အားကစားအဆင့်အတန်းမြင့်မားရေးအတွက် ရည်ရွယ်ပြီး မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း စတင်အကောင်အထည်ဖော်တဲ့အနေနဲ့ Grade-1အဆင့်ရှိတဲ့ မြို့နယ် အားကစားကွင်းတွေ အဆင့်မြှင့်တင်သွားဖို့ စီစဉ်ဆောင်ရွက်နေပါပြီ”ဟု အားကစားဝန်ကြီးဌာန အားကစားကွင်း အားကစားရုံ ညွှန်ကြားရေးမှူး ဦးကျော်မိုးဝင်းက တပ်ကုန်းမြို့နယ် အားကစားတာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ပြောကြားလိုက်ခြင်းဖြစ်သည်။

ယခုအခါ တပ်ကုန်းမြို့နယ် မြို့နယ်အားကစားကွင်းကို အဆင့်မြှင့်တင် ဆောင်ရွက်နေပြီဖြစ်ရာ ဘောလုံးအားကစားကွင်း ပြုပြင်မွမ်းမံခြင်း၊ ပွဲကြည့်စင်တည်ဆောက်ခြင်း၊ မီတာ ၄၀၀ ပြေးလမ်း ပြုလုပ်ခြင်း၊ ဘော်လီဘော အားကစားရုံနှင့် ပိုက်ကျော်ခြင်း အားကစားရုံများပါ ထည့်သွင်း တည်ဆောက်နေပြီ ဖြစ်ကြောင်း သိရသည်။

**ကြံတိုင်းအောင်**

## ချင်းတွင်းမြစ် ရေဘေးသင့်မိသားစုများ ထောက်ပံ့

**မင်းကင်း စက်တင်ဘာ ၄**

မိုးရွာသွန်းမှုများပြားခြင်းကြောင့် ချင်းတွင်းမြစ်ရေမြင့်တက်ကာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့ အမှတ်(၃)ရပ်ကွက်တွင် ရေကြီးခဲ့ပြီး ရေဘေးသင့်အိမ်ထောင်စုများအား မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များက ထောက်ပံ့ပစ္စည်းများကို စက်တင်ဘာ ၂ ရက်က ထောက်ပံ့ခဲ့ကြောင်း သိရသည်။

ထောက်ပံ့ပေးအပ်ပွဲကို အမှတ်(၁)ရပ်ကွက် ယွန်းကျောင်းတိုက်၌ ကျင်းပခဲ့ပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆန်းထွန်းနှင့် ဝန်ထမ်းများက ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၄၀ တို့အား တစ်အိမ်ထောင်လျှင် ဆေးစိမ်ခြင်ထောင်တစ်လုံးစီနှင့် ဆန်များလှူဒါန်းပေးခဲ့သည့်အပြင် မင်းကင်းမြို့ရှိ လူမှုရေးအသင်းတစ်ခုဖြစ်သော မွေးရပ်မြေဖောင်ဒေးရှင်းကလည်း တစ်အိမ်ထောင်လျှင် ဆန်လေးပြည်နှုန်းလှူဒါန်းခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား**(iprd)

# ထန်းတောကြီးကျေးရွာ အထက၌ မိုးရာသီသစ်ပင်စိုက်ပျိုး

**ယင်းမာပင် စက်တင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် ဆည်ကြီးကျေးရွာအုပ်စု ထန်းတောကြီးကျေးရွာ အထက၌ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ် ၂၈ ရက်က ကျင်းပခဲ့ကြောင်းသိရသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ယင်းမာပင်မြို့နယ် သစ်တောဦးစီးဌာနမှူး ဦးစောသန်းထွန်းက တက်ရောက်လာကြသူများအား သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ရာသီဥတုပြောင်းလဲမှုများကို ပြည်သူများက ဝိုင်းဝန်းပါဝင်ထိန်းသိမ်းရေး ရည်ရွယ်ပြီး မိမိတို့ဌာနအနေဖြင့် ကျေးလက်ဒေသများအရောက် ကွင်းဆင်းပြီး အသိပညာပေးဟောပြောပွဲများနှင့် သစ်ပင်စိုက်ပျိုးပွဲများကို ပြုလုပ်ပေးခြင်းဖြစ်ကြောင်း၊ ကျေးလက်ဒေသများ စိမ်းလန်းစိုပြည်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ယခုကဲ့သို့ စာသင်ကျောင်းများကို အဓိကဦးစားပေးအနေဖြင့် သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးစသည်တို့ကို ရည်ရွယ်ပြီး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်သစ်တောဦးစီးမှူးနှင့် ဝန်ထမ်းများက ဖိတ်ကြားထားသော တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်သိန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးစိုးမင်းထက်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံမိဘပြည်သူများ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ၊ ကျောင်းသားကျောင်းသူများကို ကျွန်း၊ ယူကလစ်၊ အော်ရီးရှား၊ မန်ကျည်း၊ မဲဇလီ၊ ကုက္ကိုစသည့်ပျိုးပင်ပေါင်း ၅၄၀ ကို ပေးအပ်ပြီး ပျိုးပင်များကို စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**ထွန်းကိုကို(ယင်းမာပင်)**





## ဆိပ်ဖြူမြို့နယ် အရှေ့ကံတွင်းကျေးရွာ အထက်တန်းကျောင်းခွဲဖွင့်ပွဲ ကျင်းပ

**ဆိပ်ဖြူ စက်တင်ဘာ ၄**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် အရှေ့ကံတွင်းကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်းခွဲ ဖွင့်ပွဲကို စက်တင်ဘာ ၂ ရက်က အထကခွဲ အရှေ့ကံတွင်းကျောင်း၌ ကျင်းပခဲ့သည်။

ကျောင်းခွဲဖွင့်ပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး၊ ဦးမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်မေရီနှင့် ပညာရေးဝန်ထမ်းများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များနှင့် ရပ်မိရပ်ဖများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ကျောင်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက နိုင်ငံတော်အနေဖြင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိပြီး အရှေ့ကံတွင်းကျေးရွာ အလယ်တန်းကျောင်းအဆင့်မှ အထက်တန်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးခြင်းဖြင့် ကျောင်းသား ကျောင်းသူများအနေဖြင့် အထက်တန်းပညာကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပြီး မြို့နယ်တွင် ပညာရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ပေးထားကြောင်း အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်ခင်မေရီက ပညာခေတ်၏ စိန်ခေါ်မှုကို ကျော်လွှားနိုင်ရန် ဆရာ၊ မိဘ၊ ကျောင်းသားများတွင်သာမက ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့များကလည်း ပူးပေါင်းပါဝင်ရန်လိုအပ်ကြောင်း၊ နိုင်ငံတကာနှင့်ယှဉ်၍ အာဆီယံ စံချိန်နှင့်ညီသည့် သင်ကြားရေးများ ပို့ချသင်ကြားပေးလျက်ရှိကြောင်း ပြောကြားသည်။ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတိုးဝင်းအောင်နှင့် ရပ်မိရပ်ဖ ဦးသန်းမြင့်အောင်တို့က ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပေးမှုအပေါ် ကျေးဇူးတင်စကားပြောကြားပြီး တက်ရောက်လာကြသော တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ၊ အလှူရှင်များကို ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပွဲ အထိမ်းအမှတ်အလံများ ပေးအပ်ခဲ့ကြသည်။

အရှေ့ကံတွင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲတွင် ကျေးရွာခုနစ်ရွာမှ ကျောင်းသား ကျောင်းသူ ၃၈၂ ဦး ပညာသင်ကြားလျက်ရှိပြီးကျောင်းအဆင့်တိုးမြှင့် ဖွင့်လှစ်ပေးခြင်းကြောင့် ကျောင်းသား ကျောင်းသူများ အထက်တန်းပညာ သင်ကြားခွင့် လွယ်ကူလာမည်ဖြစ်သည်။ **စိုးလင်းနိုင်**(iprd)


### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၇၂၅၀၃ Zong Shen 110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုကို ၈/မကန(နိုင်)၁၁၉၈၆၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၄ယ/၅၅၇၉ Reebo 125 ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမင်း ၅/မမတ(နိုင်)၀၅၄၃၂၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၆၂၅၂ Luojia 110-M/C 110 ယာဉ်လက်ဝယ်ရှိသူ ဦးငြိမ်းချမ်း ၇/ထတပ(နိုင်)၀၈၇၂၁၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံမြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ယ/၆၄၂၁၇၊ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်ဝင်း ၉/သစန(နိုင်)၀၁၂၄၁၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၅ယ/၄၇၇၉၁၊ Kenbo 110 ယာဉ်လက်ဝယ်ရှိသူဒေါ်ခင်မာစန်း၉/သစန(နိုင်)၀၁၆၄၃၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)**

### အမည်ပြောင်း

လှိုင်ကော်မြို့၊ အထက(၄) ဆဋ္ဌမတန်း(ခ)မှ မောင်ရဲမင်းအောင်အား ယနေ့မှစ၍ မောင်အောင်မျိုးမင်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်အောင်မျိုးမင်း**

### အမည်ပြောင်း

ဦးငြိမ်းချမ်း၏သမီး မိုင်းရှူးမြို့၊ အထက အဋ္ဌမတန်း(ခ)မှ မနှင်းဝတ်ရည်အား ယနေ့မှစ၍ မဇွန်နှင်းဝတ်ရည်ဟု ပြောင်းလဲခေါ်ပါရန်။

**မဇွန်နှင်းဝတ်ရည်**

### ပျောက်ဆုံးကြောင်း

ကျွန်မဒေါ်အဲမြ (ဘ) ဦးကျန်ဦး ၉/မနမ(နိုင်)၀၃၀၈၃၂ ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစံပြကျေးရွာ၊ ၇ လမ်း၊ အကွက်အမှတ် (၂၅၉)၏ မူရင်းအိမ်ဂရန်နှင့် စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အောက်ပါဖုန်းသို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၅၃၂၈၁၈၆၊ ၀၉-၄၂၁၁၂၈၃၀၁**

### ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၄) သတ္တမတန်း(E)မှ စိုင်းဆိုင်ရွက်မိုင်းနှင့် တတိယတန်း(ဂ)မှ စိုင်းအွမ်ခေးမိုင်းတို့၏ ဖခင်အမည်မှန်မှာ စိုင်းအွမ်ခေး ဖြစ်ပါကြောင်း။

**စိုင်းအွမ်ခေး**

### ဖခင်အမည်မှန်

ပင်လုံမြို့၊ အမှတ်(၂)ဝန်တင်တပ်ရင်း၊ အထက ပဉ္စမတန်း(ဂ)မှ မောင်ခန့်စည်သူ၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဦး(ခ)ဦးဝင်းနိုင်စိုး ၁၃/လလန(နိုင်)၀၆၂၃၉၈ ဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ယ/၂၇၇၇၊ Hero Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းကိုကို ၉/နထက(နိုင်)၁၅၉၅၅၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မြင်းခြံမြို့)**

### သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တက္ကသိုလ်ရပ်ကွက်၊ မြရိပ်ညို ၅ လမ်းနေ ဦးအောင်စိုး ၆/လလန(နိုင်)၀၆၇၈၇၀-ဒေါ်ခင်မူ ၆/သရခ(နိုင်)၀၁၈၇၈၅တို့၏သမီး မချမ်းမြေ့သူ ၆/မမန(နိုင်)၁၉၁၅၉၇သည် မိဘဆုံးမစကားကို မလိုက်နာဘဲ မိမိသဘောအရ ၂၉-၈-၂၀၁၄ ရက်က နေအိမ်မှဆင်းသွားပါသဖြင့် သမီးအဖြစ်မှစွန့်လွှတ်ပါကြောင်း နောက်နောင်ငွေးနှင့်ပတ်သက်၍ ကိစ္စအဝဝကို လုံးဝတာဝန်မယူပါကြောင်း သိစေအပ်ပါသည်။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဦးအောင်စိုး-ဒေါ်ခင်မူ**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းကိုင်မြို့၊ အထက နဝမတန်းမှ မောင်သိန်းထွန်းလှိုင်၏ ဖခင်မှာ ဦးလီရှင်းလင်(ခ)ဦးအိုက်စမ် ၁၃/မကန(နိုင်)၀၁၆၀၄၈မှာ တစ်ဦးတည်းဖြစ်ပြီး မိခင်မှာ ဒေါ်ကောင်းယန်ရင်း(ခ)ဒေါ်အေးယိင်း ၁၃/မကန(နိုင်)၀၁၆၇၅၀မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်၂၅ယ/၇၄၆၅၂၊ Luojia-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စိမ်းလဲ့မွန် ၈/မဘန(နိုင်)၀၇၄၅၄၅မှ (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး(မကွေး)**

### ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၇၇၃၇၊ Honda Click NC 110Bs, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောရန်နိုင် ၉/မရမ(နိုင်)၀၅၅၄၈၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### အမည်မှန်

ရှမ်းပြည်နယ်၊ သိန်းနီမြို့၊ အမှတ်(၄)ရပ်ကွက်နေ ဦးစိုင်းမောင်လှိုင်းနှင့် ဒေါ်နန်းနွမ်ခမ်းတို့၏သားဖြစ်သူမှာ သူရိန်နန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ တတိယတန်း(B)မှ စိုင်းလှိုင်းဟန်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **စိုင်းလှိုင်းဟန်**

**သူရိန်နန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ တတိယတန်း(B)**

# ကျောက်ပန်းတောင်းမြို့နယ်အတွင်း ကျေးရွာများမီးလင်းရေးအတွက် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ပစ္စည်းများ အရစ်ကျစနစ်ဖြင့်ရောင်းချ

**ကျောက်ပန်းတောင်း စက်တင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် လျှပ်စစ်မီး သုံးစွဲနိုင်ခြင်းမရှိသေးသည့် ကျေးရွာများအတွက် စကားဝါမြေဖောင်ဒေးရှင်း၏ ပံ့ပိုးကူညီမှုဖြင့် နေရောင်ခြည်စွမ်းအင်သုံးဆိုလာပြားများနှင့် မီးချောင်းများကို အရစ်ကျစနစ်ဖြင့် ဖြန့်ဝေရောင်းချလျက်ရှိကြောင်း သိရသည်။

Knolodge Nugget ကုမ္ပဏီက ထုတ်လုပ်သည့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာလျှပ်စစ်ပစ္စည်းများကို ရောင်းချခြင်းဖြစ်ပြီး စကားဝါမြေဖောင်ဒေးရှင်းက ယာယီစိုက်ထုတ်ကာ အတိုးမဲ့ ၁၂ လပေးဆပ်ရမည်ဖြစ်ကြောင်း သိရသည်။

စက်တင်ဘာ ၂ ရက်က ကျောက်ပန်းတောင်းမြို့ မြို့ဦးအောင်စေတီပရိဝုဏ်ရှိ စကားဝါဗိမာန်တော်၌ ကျင်းပသည့် အရစ်ကျစနစ်ရောင်းချပေးမည့် ဆိုလာပစ္စည်းများ ဖြန့်ဝေပွဲတွင် စကားဝါမြေဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးအောင်ကြည်က ကျေးလက်ဒေသမီးလင်းရေးအတွက် ဖောင်ဒေးရှင်းအနေဖြင့် တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုး ဆောင်ရွက်ပေးခဲ့သည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

အရစ်ကျရောင်းချသော ဆိုလာပစ္စည်းများပေးအပ်ပွဲသို့ စကားဝါမြေဖောင်ဒေးရှင်းနာယက သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ၊ ခရိုင်နှင့် မြို့နယ်အဆင့်တာဝန်ရှိသူများနှင့် Knolodge Nugget ကုမ္ပဏီမှ တာဝန်ရှိသူများ၊ စကားဝါမြေ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အထောက်အကူပြုအဖွဲ့များ တက်ရောက်ကြသည်။

ပေးအပ်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် ဧည့်သည်တော်များက ကုမ္ပဏီမှခင်းကျင်းပြသထားသည့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများနှင့် ဆက်စပ်ပစ္စည်းများကို ကြည့်ရှုလေ့လာခဲ့ပြီး ကုမ္ပဏီမှ တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပေးအပ်ပွဲအခမ်းအနားကိုကျင်းပရာ စကားဝါမြေဖောင်ဒေးရှင်း နာယက ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေတို့က အမှာစကားပြောကြားကြသည်။ ထို့နောက် ကုမ္ပဏီတာဝန်ခံက နေရောင်ခြည်စွမ်းအင်သုံးပစ္စည်းများ ကိုင်တွယ်သုံးစွဲနည်းကို ရှင်းလင်းသရုပ်ပြခဲ့သည်။



ထို့နောက် ကျေးရွာအုပ်စုများကို ၄င်းတို့အဆိုပြုတောင်းခံသည့်စာရင်းအတိုင်း ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများပေးအပ်ရာ ကျေးရွာအုပ်စု ၆၃ အုပ်စု၊ ကျေးရွာပေါင်း ၁၀၉ ရွာမှ အိမ်ထောင်စု ၃၃၃၈ အတွက် ငွေကျပ် ၂၅၀၀၀ တန် ၁၀၀၈ ခုနှင့် ငွေကျပ်ငါးသောင်းတန် ၂၃၃၀ ခုတို့ကို ကျေးရွာအုပ်စုအလိုက် ပေးအပ်သည်။ အဆိုပါပစ္စည်းများအတွက် ကျသင့်သည့် တန်ဖိုးငွေကျပ် သိန်းပေါင်း တစ်ထောင့်လေးရာကျော်ကို စကားဝါမြေ ဖောင်ဒေးရှင်းက ယာယီစိုက်ထုတ်ထားခြင်းဖြစ်ပြီး အတိုးမဲ့ ၁၂ လပေးဆပ်ရမည်ဖြစ်သဖြင့် ကျေးလက်နေပြည်သူများမှာ သက်သာသော နှုန်းထားဖြင့် နေရောင်ခြည်စွမ်းအင်သုံးမီးများကို အလွယ်တကူ သုံးစွဲနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

**နေအောင်**

## နွားမွေးမြူမှုတိုးတက်စေရေး မေထုန်မဲ့ နွားသားစပ်သင်တန်း ငပုတော၌ ဖွင့်လှစ်

**ငပုတော စက်တင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူး၍ ကျေးလက်ဒေသ နွားများ မျိုးမြှင့်တင်ရန်နှင့် နွားမွေးမြူမှုတိုးတက်စေရန်အတွက် မေထုန်မဲ့ နွားသားစပ် သင်တန်းအမှတ်စဉ် (၁/၂၀၁၄)ကို မြို့နယ်ဦးစီးဌာနမှူးရုံး၌ ဩဂုတ် ၂၉ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဒေါက်တာစိုးသိန်းက "ကျေးလက်ဒေသများတွင် နွားများကို မျိုးမြှင့်တင်ရန်နှင့် နို့စားနွား၊ ခိုင်နွား၊ အသားစားနွား မွေးမြူရေးကဏ္ဍများ တိုးတက်စေရန်လည်း ရည်ရွယ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျွဲ၊ နွားမွေးမြူရေးတိုးတက်စေရန် အထူးဇုန်ဆောင်ရွက်ပြီး ကျွဲ၊ နွားများဖြန့်ဖြူးခြင်း၊ မေထုန်မဲ့သားစပ်သင်တန်းဖွင့်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း" အမှာစကားပြောကြားသည်။

မြို့နယ်ဦးစီးဌာနမှူး ဒေါက်တာအောင်နိုင်က "ဒီသင်တန်းကို သင်တန်းသား ၃၅ ဦး တက်ရောက်ပြီး ကျုံကူးဒေသမှ သင်တန်းသား ၁၇ ဦး တက်ပါတယ်။ မွေးမြူရေးနှင့်သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး ကျေးလက်ဒေသရဲ့ လူမှုစီးပွားဘဝ မြင့်မားစေဖို့ ရည်ရွယ်ဖွင့်လှစ်တာဖြစ်ပါတယ်" ဟု ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် သင်တန်းသားများ တက်ရောက်ခဲ့သည်။

သင်တန်းဖွင့်ပွဲအပြီးတွင် မြောက်ပိုင်းရပ်ကွက်မှ ဒေသခံတစ်ဦး၏ နွားမတစ်ကောင်အား ရှေ့နီမျိုးဖြင့် မေထုန်မဲ့သားစပ်ပေးခဲ့ကာ ဒေသခံပြည်သူများ လာရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက္ကံ)**



## သရက်ခရိုင်အဆင့် စကားရည်လုပွဲ၊ ကျပန်းစကား၊ ပုံပြောနှင့် ကဗျာရွတ်ပြိုင်ပွဲများကျင်းပ

**သရက် စက်တင်ဘာ ၄**

အမှတ်(၂) အခြေခံပညာဦးစီးဌာန ခရိုင်အဆင့်စကားရည်လုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ပြိုင်ပွဲများကို မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် အထက(၁) စိန်ရတုခန်းမ၌ စက်တင်ဘာ ၂ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ခရိုင်ပညာရေးမှူး ဦးသိန်းမြင့်က ယှဉ်ပြိုင်ကြမည့် ကျောင်းသား ကျောင်းသူများက ယဉ်ကျေးသိမ်မွေ့စွာ သုံးနှုန်းပြောဆိုရန်နှင့် ကိုယ်ကျင့်တရားကောင်းမွန်ပြီး လူတော်လူကောင်းဖြစ်လာစေရန်နှင့် ထူးချွန်ကျောင်းသား ကျောင်းသူများဖြစ်လာစေရန် ပြိုင်ပွဲကျင်းပခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။ ဆက်လက်၍ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စိန်စိန်က ပြိုင်ပွဲအမျိုးအစားအလိုက် အမှတ်ပေးစည်းမျဉ်း၊ စည်းကမ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ပြိုင်ပွဲသို့ သရက်ခရိုင်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်မှ ကျောင်းသား ကျောင်းသူများက ပြိုင်ပွဲတစ်ခုချင်းအတွက် ကျောင်းသား ကျောင်းသူတစ်ဦးကျ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။


**ပေါက်ကလေး(သရက်)**

**မြို့မြေဂရန်သစ် လျှောက်ထားခြင်းနှင့်စပ်လျဉ်းပြီး အထောက်အထားခိုင်လုံစွာဖြင့်**

**လာရောက်ကန့်ကွက်တင်ပြရန် အသိပေးကြေညာခြင်း**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၅)၊ အကွက်အမှတ် (၁၈)ကျောက်တောင်ရပ်၊ ဦးပိုင်အမှတ်(၁၀၅)၊ မြေယာနံပါတ်(158)၊ မြေဧရိယာ ၀ဒသမ၁၃၅ဧကဟုခေါ်တွင်သော မြေကွက်ကိုလည်းကောင်း၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၅)၊ အကွက်အမှတ် (၁၈)ကျောက်တောင်ရပ်၊ ဦးပိုင်အမှတ်(၁၀၈)၊ မြေယာနံပါတ် (161)၊ မြေဧရိယာ ၀ဒသမ၁၃၀ဧကဟုခေါ်တွင်သော မြေကွက်ကိုလည်းကောင်း၊ ဒေါ်ခင်လွင်လွင် ၉/မမန(နိုင်)၀၂၈၃၉၃က မြို့မြေဂရန်သစ်များထုတ်ပေးရန် ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လျှောက်ထားခဲ့ပြီးဖြစ်ပါသည်။ သို့ရာတွင် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၇)နေ ဒေါ်အေးမြသန္တာဆိုသူသည် ၁၈-၆-၂၀၁၂ ရက်စွဲပါ ကန့်ကွက်လွှာ၊ မန္တလေးမြို့၊ လမ်း ၈၀၊ ၃၂×၃၃လမ်းကြားနေ ဒေါ်ထိုက်စုလတ်ဆိုသူသည် ၁၁-၃-၂၀၁၄ရက်စွဲပါ ကန့်ကွက်လွှာ၊ လားရှိုးမြို့၊ ရပ်ကွက်(၁၁)၊ မေတ္တာလမ်းသွယ်(၁)၊ အမှတ်(၉)နေ ဦးအောင်ရင်ဆိုသူသည် ၂၃-၄-၂၀၁၄ရက်စွဲပါ ကန့်ကွက်လွှာတို့ဖြင့် အသီးသီးတင်ပြထားခဲ့ကြရာ သက်ဆိုင်ရာမှ ယာယီတားဝရမ်းတင်ပြရန် စာများပေးပို့ခဲ့ရာတွင် မိမိတို့တင်ပြထားသည့် နေရပ်လိပ်စာများမှန်ကန်မှုမရှိ၍ ဆက်သွယ်၍မရကြောင်း သိရှိရပါသည်။ လူကြီးမင်းတို့ အသီးသီးသည် အထက်ပါ ဒေါ်ခင်လွင်လွင်က မြို့မြေဂရန်သစ်လျှောက်ထားသည့်မြေကွက်များအတွက် လူကြီးမင်းတို့မှ အကျိုးသက်ဆိုင်ကြောင်းဖြင့် ဆက်လက်ကန့်ကွက်တင်ပြလိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကိုယ်တိုင်အသီးသီး လာရောက်တင်ပြ ကန့်ကွက်ကြရန်နှင့် သတ်မှတ်ကာလအတွင်း လာရောက်တင်ပြနိုင်ခြင်းမရှိခဲ့ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ မြို့မြေဂရန်သစ်များရရှိရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကြည် LL.B တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၂၃၂)၊ နှင်းဆီလမ်း၊ ကွက်ပြင် (၃)မြောက်၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၈၅-၂၉၇၄၀၊ ၀၉-၂၀၄၄၁၀၃**




**တိုင်းဒေသကြီးအစိုးရအဖွဲ့**
**ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့**

**အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း**

၁။ အားကစားဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် (ငွေလုံးငွေရင်း)အသုံးစရိတ်ရန်ပုံငွေဖြင့် မြောင်းမြခရိုင်တွင် အောက်ပါအဆောက်အအုံများ အသစ်ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်ကုမ္ပဏီများသည် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါ ပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) အိမ်မဲမြို့အားကစားကွင်းနှင့်ပွဲကြည့်စင်တည်ဆောက်ခြင်း

(ခ) ပန်းတနော်မြို့နယ်အားကစားရုံ(ခ)အဆင့် (၁)ရုံတည်ဆောက်ခြင်း

၂။ ဆောက်လုပ်လိုသည့်ကုမ္ပဏီများသည် အားကစားဝန်ကြီးဌာနမှ သတ်မှတ်ပေးထားသော ဒီဇိုင်းပုံစံနှင့်ပါရှိရမည့် အခြေခံအဆောက်အအုံအတိုင်း တွက်ချက်၍ အသေးစိတ်ရေးဆွဲတင်ပြရန် ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းမည့်ကုမ္ပဏီများအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်ရန်နှင့် Profile တင်ပြရပါမည်။

၄။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ၅-၉-၂၀၁၄ရက်မှ စတင်ရောင်းချပါမည်။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၁၉-၉-၂၀၁၄ရက် ၁၆း၃၀နာရီ နောက်ဆုံးတင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါဖွင့်မည့်ရက်ကို တင်ဒါတင်သွင်းသူများထံ ဆက်သွယ်အကြောင်းကြားသွားမည် ဖြစ်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် သိရှိလိုသည့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ ဖုန်း-၀၄၂-၂၁၀၁၃သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)နှင့် တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနတွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ဌာနသတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအစား | အရေအတွက် |
|---|---|---|
| (၁) | ZENNER(Germany Origin) အမျိုးအစား ¾ " Ø ရေမီတာ | ၃၅၀၀ လုံး |
| (၂) | ခွေးအဆိပ်ဆေး (Strychnine Hydrochloride) | 50 Kg |

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၁၆-၉-၂၀၁၄ ရက် ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၂၀၀၀(ကျပ်နှစ်ထောင်တိတိ)နှုန်းဖြင့် မြို့တော်ခန်းမ(ပထမထပ်) ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**ပစ္စည်းဝယ်ယူရေးအဖွဲ့**

**ဖခင်အမည်မှန်**

အင်းစိန်မြို့နယ်၊ အထက(၂) တက္ကသိုလ်ဝင်တန်းနှင့်သတ္တမတန်းတို့တွင် ပညာသင်ကြားနေသော မောင်ခိုင်သန့်နောင်နှင့် မရွှေရည်ဖြိုးတို့၏ ဖခင်အမည်မှန်မှာ ဦးစိန်ကြီးညို ၁၂/ကမရ(နိုင်)၀၃၁၅၈၇ ဖြစ်ပါသည်။

**ဦးစိန်ကြီးညို**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၄ခ/၆၂၇၀၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ကလေး)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ်၃၀ယ/၈၇၈၈ Yixiang 110 ယာဉ်လက်ဝယ်ရှိသူ ဦးလှမြင့် ၉/သစန(နိုင်)၁၂၅၁၄၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန (မိတ္ထီလာခရိုင်)**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ်(၂၃ယ/၆၁၈၁၆)Kenbo-125ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်နီမေကျော် ၈/မကန(နိုင်)၂၀၅၅၇၄က (ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး(မကွေး)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ



# ကျောက်မဲမြို့နယ်လုံးဆိုင်ရာ ယဉ်ကျေးမှုကျောင်းများ နှစ်ပတ်လည်နေ့ကျင်းပ

**ကျောက်မဲ စက်တင်ဘာ ၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ်အတွင်းရှိ တနင်္ဂနွေ ဗုဒ္ဓဓမ္မယဉ်ကျေးမှုကျောင်းများ၏ မြို့နယ်လုံးဆိုင်ရာ နှစ်ပတ်လည်နေ့ အခမ်းအနားကို ကျောက်မဲမြို့ကျက်သရေဆောင်ခန်းမ၌ ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ဗုဒ္ဓဓမ္မယဉ်ကျေးမှု ကျောင်းပေါင်း ၁၈ ကျောင်းတို့၏ လှူပ်ရှားမှုမှတ်တမ်း ဓာတ်ပုံပြခန်းများ၊ ဗုဒ္ဓဝင်ပြခန်းများ၊ ဟောပြောပွဲ၊ ဆုပေးပွဲ၊ ပဒေသာကပွဲ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

နှစ်ပတ်လည်နေ့ အခမ်းအနားကို မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်သံဃနာယက အဖွဲ့ဝင် ဆရာတော်ကြီးများ၊ ကျောင်းပေါင်း ၁၈ ကျောင်းတို့မှ ပင့်သံဃာတော် ၂၂ ပါးတို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မြို့နယ်လုံးဆိုင်ရာ ဗုဒ္ဓဓမ္မယဉ်ကျေးမှု ကျောင်းတော်ကြီးကြပ်ရေးကော်မတီ နာယက ဆရာကြီး ဦးကျော်မိုး၊ ဥက္ကဋ္ဌ ဦးစိုးထွန်း၊ အတွင်းရေးမှူး ဦးလှထွန်းနှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများက ဘာသာရေးအသိစိတ်ရှိပြီး ယဉ်ကျေးလိမ္မာစေရန် စေတနာထက်သန်စွာဖြင့် သင်ကြားပို့ချပေးခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း၊ အလှူရှင်များအား ဂုဏ်ပြုလွှာများကို လည်းကောင်း ချီးမြှင့်ပေးအပ်ကြသည်။

ဆက်လက်၍ ဟောပြောပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်၊ ကျောင်းတော်များကြီးကြပ်ရေး ကော်မတီနာယက ဆရာကြီး ဦးကျော်မိုး တို့က ဂုဏ်ပြုစကားများ ပြောကြားပြီး မန္တလေးမြို့ဓမ္မရံသီကျောင်းမှ နာယကဆရာတော်က ကျောင်းသား ကျောင်းသူများအား ဗုဒ္ဓဓမ္မယဉ်ကျေးလိမ္မာဆိုင်ရာနှင့် ပတ်သက်ပြီး ဟောပြောပို့ချသည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ယဉ်ကျေးလိမ္မာ ပြန့်ပွားရေးကျောင်းတော်များကော်မတီ(ဗဟို) ဥက္ကဋ္ဌထံမှ ပေးပို့လာသော သဝဏ်လွှာကို ဗဟိုကော်မတီဝင်ဆရာကြီး ဦးစံငြိမ်း (ပြင်ဦးလွင်)က ဖတ်ကြားသည်။

နှစ်ပတ်လည်နေ့ အခမ်းအနားသို့ မြို့နယ်သံဃနာယကနှင့် ကျောင်းတိုက် ၁၈၃ ကျောင်းမှ ဆရာတော်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ယဉ်ကျေးမှုကျောင်း ၁၈ ကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူ နှစ်ထောင်ကျော် တက်ရောက်ကြောင်း သိရသည်။

**မောင်မောင်**

# ရမည်းသင်းမြို့နယ်၌ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်ဓာတ်အားလိုင်းများ ဖွင့်လှစ်

**ရမည်းသင်း စက်တင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် မြို့နယ်လုံးကျွတ် လျှပ်စစ်မီးလင်းရေးစီမံချက်အရ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းသော ထီးလှိုင်ကျေးရွာ၊ ဉသျှစ်ကုန်းကျေးရွာ၊ အင်ကြင်းကန်ကျေးရွာနှင့် စီပင်ကျေးရွာများတွင် လျှပ်စစ်မီးဖွင့်ပွဲကို ဩဂုတ် ၃၀ ရက်က ကျင်းပခဲ့သည်။ ဖွင့်ပွဲများသို့ တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးကျော်မြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးဇော်ဝင်း၊ တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း တိုင်းအင်ဂျင်နီယာမှူးဦးလှထွန်း၊ ခရိုင်အုပ်ချုပ်ရေးမှူးဦးအောင်မြင့်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်မြက်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာသူကျေးရွာသားများ တက်ရောက်ကြသည်။

ထီးလှိုင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလင်းရေးလျှပ်စစ်ဓာတ်အားလိုင်းဖွင့်ပွဲတွင် တိုင်းဒေသကြီးလျှပ်စစ်နှင့်စက်မှုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်သမဝါယမဦးစီးအရာရှိဦးဇော်လင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လျှပ်စစ်အင်ဂျင်နီယာက လျှပ်စစ်ဓာတ်အားလိုင်း စက်ခလုတ်ကိုနှိပ်၍ ဓာတ်အားစတင်ဖြန့်ဖြူးပေးသည်။ ထို့နောက် တိုင်းလျှပ်စစ်နှင့်စက်မှုဝန်ကြီးက အမှာစကားပြောကြားပြီး လျှပ်စစ်မီးလင်းရေးကော်မတီဝင်များက အထိမ်းအမှတ်အလံများကို တာဝန်ရှိသူများအား ပေးအပ်ခဲ့သည်။ ထို့နောက် ဉသျှစ်ကုန်းကျေးရွာ၊ အင်ကြင်းကန်ကျေးရွာနှင့် စီပင်ကျေးရွာများရှိ ထရန်စဖော်မာ ဖွင့်ပွဲများသို့ တိုင်းဒေသကြီးလျှပ်စစ်နှင့်စက်မှုဝန်ကြီးနှင့် အဖွဲ့က ဆက်လက်တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ဇော်ဝင်းအောင်(ရမည်းသင်း)**



# ဒိုက်များပိတ်ဆို့မှုကြောင့် ရေယာဉ်များသွားလာမှု အခက်အခဲများ ကြုံတွေ့

**သနပ်ပင် စက်တင်ဘာ ၄**

သနပ်ပင်မြို့နယ်ရှိ မင်းရွာကျေးရွာနှင့် ကုက္ကိုကျေးရွာတို့သို့ ဆက်သွယ်ဖောက်လုပ်ထားသော ရေနုတ်မြောင်းအတွင်း လယ်ယာမြေများအတွင်းမှ တောင်သူများ ဆွဲဖယ်မျှောထုတ်လိုက်သော ဒိုက်၊ မြက်ရိုင်းများ ရေစီးဖြင့် မျောပါပြီး မင်းရွာ-ကုက္ကိုတန်းတံတား၌ ပိတ်ဆို့နေသဖြင့် ရေနုတ်မြောင်းအတွင်း သွားလာနေသော ကျေးရွာအုပ်စုပေါင်း ၂၀ ခန့်မှ မော်တော်ရေယာဉ်များ စက်တင်ဘာ ၂ ရက်က သွားလာမှုအခက်အခဲများ ကြုံတွေ့နေကြောင်း သိရသည်။

"နှစ်စဉ်လိုလို အခုလို တောင်သူတွေ လယ်မြေအတွင်းက ဒိုက်၊ မြက်ရိုင်းတွေ ဆွဲဖယ်မျှောတဲ့အခါတိုင်း ရေလမ်းကြောင်းပိတ်ဆို့မှု ကြုံတွေ့ရတယ်။ နေ့ရောညပါ မျောပါနေတဲ့အတွက် ရေလမ်းကြောင်းပိတ်ဆို့မှုအပြင် ဒိုက်၊ မြက်ရိုင်းတွေပတ်ပြီး စက်လှေပန်ကာ၊ ရှပ်တံတို့ ကျိုးပဲ့ပြတ်ထွက်တာတွေလည်းဖြစ်တယ်။ လောလောဆယ်တော့ အမြန်ဆုံးသွားလို့ရအောင် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးတွေနဲ့ တိုင်ပင်ပြီး ရေလမ်းကြောင်းပွင့်အောင် ရှင်းလင်းမှုတွေလုပ်ပါမယ်"ဟု ကွင်းလိုင်းမော်တော်ရေယာဉ် အတွင်းရေးမှူး ဦးရေချမ်းက ပြောကြားသည်။

"ပဲခူး-စစ်တောင်း တူးမြောင်းနဲ့ ရေနုတ်မြောင်းတွေအတွင်း မိမိတို့လယ်ထဲက ဒိုက်တွေ မမျှောဖို့ ကိုယ့်လယ်ကန်သင်းမှာ ငုတ်တိုင်စိုက်ပြီး ချည်ထားဖို့ သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးတွေက တစ်ဆင့် တောင်သူတွေကို အသိပေးစာ နှစ်ကြိမ်ထုတ်ပြန်ထားပြီးပြီ။ တောင်သူတွေ လိုက်နာမှု အားနည်းနေသေးတယ်"ဟု သနပ်ပင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းက ပြောကြားသည်။

**ရဲထွဋ်(မင်းရွာ)**


**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**
**ရုံးချုပ်**
**နေပြည်တော်**

**ပရိဘောဂပစ္စည်းများ ဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်မှ အောက်ဖော်ပြပါ အရွယ်အစားပါ ပရိဘောဂပစ္စည်း (၁၀)မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်-

**စဉ် ပစ္စည်းအမျိုးအမည်**
(၁) Cabinet (4 Drawers)
(၂) Cabinet (Simple)
(၃) ဖိုင်တင်စင် (Leeco/taiyo/standard)
(၄) Computer table (Leeco)
(၅) Aluminium Ladder
(၆) သံဖိုင်တင်စင် (6' × 3' × 18") ၄ ဆင့်
(၇) YC.2004 (2.4)m Master Table
(၈) YC.2055(2)m Master Table
(၉) Computer table (Twin)
(၁၀) ဆုံလည်ကုလားထိုင် (A 010)
(၁၁) ဆုံလည်ကုလားထိုင် (A 61)
(၁၂) Locker 18 Holes
(၁၃) ဆုံလည်ကုလားထိုင် (A 015-1)

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၂-၉-၂၀၁၄ရက် ၁၄း၀၀ နာရီတွင် နောက်ဆုံးထား၍ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်သို့ တင်ဒါစည်းကမ်းများနှင့်အညီ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၄၄၈၉၊ ၀၆၇-၄၀၄၅၁၆**



**ဇမ္ဗူသီရိအထူးကုဆေးရုံကြီး**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

ဇမ္ဗူသီရိအထူးကုဆေးရုံကြီး နေပြည်တော်တွင် အသုံးပြုရန်လိုအပ်သော မျက်စိကုသမှုဌာနသုံးစက်ပစ္စည်းများ၊ ဆီးနှင့်ကျောက်ကပ်ဆိုင်ရာစက်ပစ္စည်းများနှင့် Online UPS Battery တို့ကို ဝယ်ယူလိုပါသည်။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းများကို ၈-၉-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ အုပ်ချုပ်မှုဌာနတွင် ရယူနိုင်ပြီး ၁၅-၉-၂၀၁၄ရက် ညနေ ၃း၀၀ နာရီနောက်ဆုံးထား၍ လျှောက်ထားရမည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇- ၅၅၀၁၅၁၊ ၀၆၇-၅၅၀၁၅၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**ဇမ္ဗူသီရိအထူးကုဆေးရုံကြီး**



**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ စက်ရုံများအတွက် လိုအပ်သော အောက်ဖော်ပြပါ စက်အရန်ပစ္စည်းများအား စက်ရုံအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Lubricant | 50 Items |
| (ခ) | V-Belt | 1 Lots |
| (ဂ) | Pig Iron | 520 Tons |
| (ဃ) | Steel Scrap | 200 Tons |
| (င) | Spare Parts | 12 Items |

၂။ တင်ဒါအား ၄-၉-၂၀၁၄ရက်တွင် စတင်ခေါ်ယူပြီး တင်ဒါပိတ်ရက်မှာ ၃-၁၀-၂၀၁၄ ရက် ညနေ ၁၅း၃၀ နာရီဖြစ်ပါသည်။ တင်ဒါပုံစံများအား အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ ထုတ်လုပ်ရေးဌာန၊ ရုံးအမှတ် ၄၁၊ နေပြည်တော်တွင် ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းပြီး တင်ဒါများလာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံတရားဝင်ဝယ်ယူထားသူများထံမှ တင်ဒါကိုသာလက်ခံပါမည်။

**(အသေးစိတ်သိလိုပါက စုံစမ်းရန်ဖုန်း-၀၆၇-၄၀၈၃၆၀)**

**အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း**



**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၂ဃ/၅၉၇၄၄ ယာဉ်လက်ဝယ်ရှိသူ ဦးအေးဇော် ၉/ရမသ(နိုင်) ၁၀၅၉၃၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ရမည်းသင်း)**



**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ဆ/၅၇၉၄ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# တောင်ငူပညာရေးကောလိပ်တွင် အင်္ဂလိပ်ဘာသာစကားမြှင့်တင်သင်တန်းဖွင့်

**တောင်ငူ စက်တင်ဘာ ၄**

ပညာရေးဝန်ကြီးဌာန ပညာရေးကောလိပ်များရှိ ဆရာ ဆရာမများ၏ အင်္ဂလိပ်ဘာသာစကားမြှင့်တင်ရေး လုပ်ငန်းစီမံချက်အရ အင်္ဂလိပ်ဘာသာစကားမြှင့်တင်ရေး သင်တန်းဖွင့်ပွဲကို တောင်ငူပညာရေးကောလိပ် သီရိရတနာခန်းမ၌ စက်တင်ဘာ ၁ ရက်က ကျင်းပခဲ့သည်။

သင်တန်းကို ပညာရေးဝန်ကြီးဌာနနှင့် ဗြိတိသျှကောင်စီတို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ သင်တန်းဖွင့်ပွဲတွင် တောင်ငူပညာရေးကောလိပ် ကျောင်းအုပ်ကြီး ဒေါ်ကြူကြူက ပညာရေးကောလိပ်များတွင် ဆရာ ဆရာမများ၏ အင်္ဂလိပ်ဘာသာစကားမြှင့်တင်ရေး လုပ်ငန်းစီမံချက်အရ သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ဆရာ ဆရာမများ အင်္ဂလိပ်ဘာသာ စွမ်းရည်မြှင့်တင်ပေးခြင်းဖြင့် တစ်ဆင့်ပြန်လည်သင်ကြားမည့် ကျောင်းသားကျောင်းသူများလည်း ပိုမိုတော်သော၊ အင်္ဂလိပ်ဘာသာကျွမ်းကျင်သော ကျောင်းသားများဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ဗြိတိသျှကောင်စီမှ ပြည်ပပညာရှင်နှစ်ဦးက လုပ်ငန်းစီမံချက်၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ သင်တန်းသို့ တက်ရောက်မည့် ဆရာ ဆရာမများက တစ်ဦးချင်း မိတ်ဆက်စကားပြောကြားခဲ့သည်။

အဆိုပါ အင်္ဂလိပ်ဘာသာစကားမြှင့်တင်ရေးသင်တန်းသို့ တောင်ငူပညာရေးကောလိပ်မှ သင်ကြားရေး ဆရာ ဆရာမ ၆၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ နှစ်နှစ်ဖြစ်ကြောင်း သိရသည်။



**မောင်ရွှေဝင်း(ပြည်)**



ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ပြန်လည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်မည့် မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်ရှိ လယ်ကိုင်းရုပ်စုံကျောင်းကြီးကို ဩဂုတ် ၂၅ ရက်က မြင်တွေ့ရစဉ်။ (၃၄၈)

# မူဆယ်မြို့ လူကုန်ကူးမှုတားဆီးရေးအဖွဲ့မှ ပြန်လည်ပေးပို့သူများ နေရပ်သို့ရောက်ရှိ

**ဆော စက်တင်ဘာ ၄**

တစ်ဖက်နိုင်ငံသို့ တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်မည့် ဂန့်ဂေါခရိုင် ဆောမြို့နယ် ကျောက်ထုမြို့နယ်(ခွဲ) ကျောက်လိပ်ကျေးရွာမှ အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီး ခုနစ်ဦးတို့အား မူဆယ်မြို့ လူကုန်ကူးမှုတားဆီးရေးအဖွဲ့ကတားဆီးပြီး နေရပ်သို့ ပြန်လည်ပို့ဆောင်ခဲ့ရာ သက်ဆိုင်ရာ တာဝန်ရှိသူများ၏ အဆင့်ဆင့်ပို့ဆောင်မှုဖြင့် ၎င်းတို့၏ ကျေးရွာသို့ စက်တင်ဘာ ၂ ရက်တွင် ကောင်းမွန်စွာ ပြန်လည်ရောက်ရှိကြကြောင်း သိရသည်။

ထိုသို့ပို့ဆောင်ပေးကြရာတွင် ပေါက်မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မိုးနှင့်အဖွဲ့က ဆောမြို့နယ် ကျောက်ထုမြို့နယ်(ခွဲ) အုပ်ချုပ်ရေးမှူး ဦးလွင်မောင်မောင်၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေသန့်တို့နှင့် တာဝန်ရှိသူများထံ လွှဲပြောင်းအပ်နှံရာ ကျောက်ထုမြို့နယ်(ခွဲ)အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က အားပေးစကားပြောကြားပြီး ကျောက်လိပ်ကျေးရွာအထိ ပို့ဆောင်၍ မိဘအုပ်ထိန်းသူများထံ အပ်နှံခဲ့ကြောင်း သိရသည်။ **(၁၀၁)**

# ဝန်ထမ်းများ လုပ်ငန်းခွင်စွမ်းဆောင်ရည်မြှင့် သင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းအမှတ်စဉ် (၅/၂၀၁၄)ကို ပုသိမ်ခရိုင် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနရုံးခန်းမ၌ ဩဂုတ် ၃၀ ရက်က ဖွင့်လှစ်ခဲ့သည်။

ဖွင့်ပွဲတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူး ဒေါက်တာစိုးသိမ်းက "နိုင်ငံတော်၏ တတိယအဆင့်ပြုပြင်ပြောင်းလဲရေးကို ဝန်ထမ်းများလိုက်နာဆောင်ရွက်ရာတွင် မိမိတို့၏ စိတ်ဓာတ်များကို အဓိကပြောင်းလဲရမှာဖြစ်တယ်" ဟု အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ပုသိမ်ခရိုင်ရှိ ခရိုင်ဦးစီးမှူးများ၊ မြို့နယ်ဦးစီးမှူးများနှင့် သင်တန်းသား ၅၉ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(၁၈၅)**

# အဓမ္မမှုလျော့နည်းပပျောက်ရေး ပညာပေးဟောပြော

**ဒိုက်ဦး စက်တင်ဘာ ၄**

အဓမ္မမှုလျော့နည်းပပျောက်ရေး ပညာပေးဟောပြောပွဲကို ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဒိုက်ဦးမြို့နယ် အထက(၂)ကျောင်းတွင် ဩဂုတ် ၃၀ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် အထက(၂) ကျောင်းအုပ်ဆရာကြီး ဦးလှကျော်က မူလတန်းအရွယ်ကလေးများအား လူပြတ်လပ်သောနေရာသို့ တစ်ယောက်တည်း မလွှတ်မိစေရန်၊ သွေးဆောင်ဖြားယောင်းမှုအား မယုံကြည်ကြရန်တို့ကို ဆရာ ဆရာမများက အသိပေးပြောကြားထားရန်လိုကြောင်း၊ မိဘများကလည်း မိမိနေအိမ်အတွင်းရှိစဉ် ခြံဝင်းတံခါးများကို ဂရုစိုက်၍ပိတ်ရန်လိုကြောင်း၊ လူစိမ်းများဝင်လျှင် ပတ်ဝန်းကျင်သို့ အော်ဟစ်အကူအညီတောင်းရန်၊ လယ်တဲနှင့်လယ်ကွင်းများ၌ မိမိသားသမီးများအား တစ်ယောက်တည်း မထားကြရန်နှင့် NGO အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများက ဖြန့်ဝေသည့် ပညာပေးလက်ကမ်းစာစောင်များနှင့် ဇာတ်လမ်းခွေများကို ကြည့်ရှုကြရန်လိုကြောင်း ဟောပြောခဲ့ပြီး ဟောပြောပွဲသို့ မူလတန်းကျောင်းသားမိဘများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ငွေးစု(iprd)**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၃၈)အကြီးစားစက်ရုံ(မလွန်)အတွက် အောက်ဖော်ပြပါ ပစ္စည်းများအား စက်ရုံအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
| --- | --- | --- |
| (က) | Component Parts For 3 Wheel Road Roller | 41 Items |
| (ခ) | Auxillary Materials For 3 Wheel Road Roller | 15 Items |

၂။ တင်ဒါအား ၄-၉-၂၀၁၄ရက်တွင် စတင်ခေါ်ယူပြီး တင်ဒါပိတ်ရက်မှာ ၁၅-၉-၂၀၁၄ ရက် ၁၅း၃၀ နာရီဖြစ်ပါသည်။ တင်ဒါပုံစံများအား အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ ထုတ်လုပ်ရေးဌာန၊ ရုံးအမှတ် ၄၁၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပြီး တင်ဒါများလာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံတရားဝင် ဝယ်ယူထားသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။

**(အသေးစိတ်သိလိုပါက စုံစမ်းရန် ဖုန်း-၀၆၇-၄၀၈၃၆၀)**

**အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း**

## ဖခင်အမည်မှန်

ပျော်ဘွယ်မြို့၊ အထက(၂) ပန်းစုံ တက္ကသိုလ်ဝင်တန်း(C)မှ မစုနန္ဒာဝင်း၏ ဖခင်အမည်မှန်မှာ ဦးကျော်မိုးနိုင် ၉/ပဘန(နိုင်)၁၂၂၉၇၁ ဖြစ်ပါကြောင်း။

## အမည်မှန်

မူဆယ်မြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်စိုင်းဆိုင်မိန်း ၏ အမည်မှန်မှာ မောင်စိုင်းဆိုင်မှိုင်းဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးစိုင်းအိုက်ဆော ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မူဆယ်မြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(က)မှ မနန်းခမ်းနွံ ၁၃/မဆတ(နိုင်)၀၀၀၃၉၄ ၏ ဖခင်အမည်မှန်မှာ ဦးစိုင်းထွန်းဖြစ်ပါကြောင်း။

**ဦးစိုင်းထွန်း**

## အမည်မှန်

မူဆယ်မြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(ခ)မှ ဦးအိုက်ကွမ်း၏သမီး မနန်းရှင်ငွေး၏ အမည်မှန်မှာ မနန်းခင်ငွေး ၁၃/မဆတ(နိုင်)၀၆၁၁၀၂ ဖြစ်ပါကြောင်း။

## ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် (လေလံ ၁/၂၀၁၄)

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ကြီးတွင် ဖိနပ်အပ်နှံမှုထိန်းသိမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ပါသဖြင့် လုပ်ငန်းလုပ်ကိုင်လိုသူများသည် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၇ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၃၀နာရီတွင် ဂေါပကအဖွဲ့ရုံး၌ ဈေးပြိုင် လေလံဆွဲနိုင်ကြောင်း ကြေညာအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဂေါပကအဖွဲ့**
**ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်**
**ဖုန်း-၂၉၂၁၆၉၊ ၂၀၁၇၆၄**

## ငှားလိုသည်

**နေရာ(၁)** - စစ/၂/၇+၁၈၊ ၅၈ လမ်းမေးတင် အရှေ့ဘက်လှည့်၊ မျက်နှာဖွင့်အကျယ်ပေ ၈၀၊ အနောက်အရှည်ပေ ၆၀၊ အာစီပတ်ကားနှစ်ထပ်၊ မြေအောက်ခန်းပါ၊ ခြံဝန်းကျယ်တိုက်အသစ်ပြီးစီးလုနီး၊ လူမနေသေး၊ ငှားရမ်းသူအကြိုက် ညှိနှိုင်း၍ ခန်းဖွဲ့အပြင်အဆင် ဆောင်ရွက်ပေးနိုင်ပါသည်။

**နေရာ(၂)** - ၄၆×၄၇လမ်းကြား၊ ခိုင်ရွှေဝါလမ်းပေါ်တင်၊ မြောက်ဘက်လှည့်၊ မြေကွက်အလွတ်၊ သံဆူးကြိုးကာရံပြီး၊ မျက်နှာဖွင့်အကျယ်ပေ ၈၀၊ အနောက်အရှည်ပေ၁၂၀၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့

**ဆက်သွယ်ရန်- ကိုကျော်ကျော်(အမျိုးသားနှင့်ကျော်ကမ္ဘာကားမှန်လုပ်ငန်း)**
**ဖုန်း-၀၉-၂၀၆၀၂၅၉၊ ၀၉-၃၃၈၃၅၅၄၂၊ ၀၂-၃၃၃၁၆**

## ဟိုတယ်လုပ်ငန်းရှင်ကြီးများနှင့် အကျိုးတူလုပ်ငန်းပူးပေါင်းလုပ်ဆောင်လိုသူများအတွက် သတင်းကောင်း

မန္တလေးမြို့၊ ကျုံးမြို့ရိုးအနီး၊ ဈေးချိုတော်အနီး၊ ၈၁ လမ်း၊ ၂၄×၂၅လမ်းကြား၊ အောင်မြေသာစံမြို့နယ်တွင် တည်ရှိပြီး မြို့လယ်ကောင် နေရာကောင်း မျက်နှာဖွင့်အကျယ် ၃၇ပေ၊ နောက်အရှည်ပေ၇၀ရှိ မြေပေါ်တွင်ဟိုတယ်လုပ်ငန်းအကျိုးတူနှစ်ရှည်လုပ်ဆောင်ရန် ဖိတ်ခေါ်ပါသည်။ လက်ရှိ နံကပ်အဆောက်အအုံဟောင်းကို ဖယ်ရှားပြီး အဆောက်အအုံမှစတင်၍ အကျိုးတူ လုပ်ဆောင်ရန် အမြန်ဆက်သွယ်နိုင်ပါသည်။

**ဆက်သွယ်ရန် ။ ။ ကိုကျော်ကျော် (အမျိုးသားနှင့်ကျော်ကမ္ဘာကားမှန်လုပ်ငန်း)**

**ဖုန်း-၀၉-၂၀၆၀၂၅၉၊ ၀၉-၃၃၈၃၅၅၄၂၊ ၀၂-၃၃၃၁၆**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈/၉၅၆၁၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဃ/၅၆၉၁၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

# ဘိုးတော်အောင်မင်းခေါင်ထွက်ပွဲ ကျင်းပသည့်ကာလအတွင်း ယာဉ်စည်းကမ်းထိန်းသိမ်းပေးရန် ပုပ္ပားဒေသခံများ ဆန္ဒရှိနေ

**ကျောက်ပန်းတောင်း စက်တင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ်တွင် (၆၂)ကြိမ်မြောက် ဘိုးတော်အောင်မင်းခေါင် ထွက်ပွဲအောင်ပွဲကျင်းပရန် တောင်ကလပ်ဒေသခံများအနေဖြင့် ရောက်ရှိလာမည့် ဧည့်သည်များအတွက် နေရာထိုင်ခင်းပြင်ဆင်ခြင်း၊ ဈေးဆိုင်ခန်းများ ပြင်ဆင်ဆောက်လုပ်ခြင်းများ ဆောင်ရွက်လျက်ရှိနေကြသကဲ့သို့ ယာဉ်စည်းကမ်းများ စနစ်တကျ ထိန်းသိမ်းပေးရန်လည်း ဒေသခံများက ဆန္ဒရှိကြကြောင်း သိရသည်။

ဘိုးတော်ထွက်ပွဲရက်တွင် အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာကြမည့် ဧည့်သည်များ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးကို တောင်ကလပ် ဂေါပကအဖွဲ့နှင့်သက်ဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သော်လည်း ယာဉ်ထိခိုက်မှုအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် ကြံ့ခိုင်မှုအားနည်းသည့် မော်တော်ယာဉ်များ၊ ထော်လာဂျီများနှင့် သုံးဘီးဆိုင်ကယ်များကို တောင်ကလပ်အထိ တက်ရောက်ခွင့်မပေးဘဲ ပုပ္ပားမြို့တွင်သာ စည်းကမ်းတကျရပ်နားထားမှုသာ ယာဉ်အန္တရာယ်ကင်းရှင်းနိုင်ကြောင်း ဒေသခံများက အကြံပြုပြောကြားကြသည်။

"လာကြတာကတော့ နေရာအစုံ၊ ဒေသအစုံပါပဲဗျာ။ သူ့ယုံကြည်ကိုးကွယ်မှုနဲ့သူဆိုတော့ စည်စည်ကားကား မဖြစ်တဲ့နှစ်ရယ်လို့မရှိပါဘူး။ နာဂစ်ဖြစ်တဲ့နှစ်ကဆို စည်စည်ကားကားဖြစ်မယ်မထင်တာကို သူ့အချိန်ကျ တဖွဲဖွဲရောက်လာကြတာပဲ။ အဲဒီနှစ်ကလည်း ဧရာဝတီတိုင်းဒေသကြီးက ဒေးဒရဲတို့၊ လပွတ္တာတို့ဘက်ကလည်းလာကြတာပါပဲ။ တစ်နှစ်ထက်တစ်နှစ် ပိုပိုပြီးစည်ကားလာပါတယ်။ မနှစ်က သူတို့ကတိပေးပြီး အဓိဋ္ဌာန်ပြုထားခဲ့တဲ့အတိုင်း ဒီနှစ်မှာလာပြီး ကန်တော့ပွဲဆက်ကြ၊ ဝတ်လဲတော်ဆက်ကြပေါ့။ ဒီရက်ပိုင်းအတွင်းမှာ ဒေသခံဈေးသည်တွေကတော့ အရောင်းအဝယ်ကောင်းကြတာပေါ့။ ဆိုင်ခန်းငှားစားတဲ့သူတွေ၊ အိမ်ခန်းငှားတဲ့သူတွေ အလုပ်ဖြစ်ကြတာပေါ့ဗျာ"ဟု ပုပ္ပားတောင်ကလပ် ဂေါပကအဖွဲ့မှ ဦးအောင်ညိုက ပြောသည်။

ယခုနှစ် ဘိုးတော်ထွက်ပွဲကာလ စက်တင်ဘာ ၆ ရက်(တော်သလင်းလဆန်း ၁၃ ရက်)တွင် တောင်ကလပ်ပေါ်ရှိ အောင်ဓမ္မာရုံရေစက်ချပွဲနှင့် ပင့်သံဃာ ၆၂ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကိုပါ ကျင်းပသွားမည်ဖြစ်ပြီး စက်တင်ဘာ ၇ ရက်တွင် နတ်စင်တောင်ဆရာတော်ဘုရားက ခုနစ်ရက်သားသမီးများအား အယုတ်အလတ်အမြတ်မရွေး စတုဒိသာ ကျွေးမွေးလှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

(၆၂)ကြိမ်မြောက် အဘဘိုးမင်းခေါင်ထွက်ပွဲအောင်ပွဲကို ဘိုးတော်သာသနာပြုရာ အောင်မြေဖြစ်သည့် ပုပ္ပားရွှေဂူချောင် တောင်ကလပ်တွင် နှစ်စဉ် တော်သလင်းလပြည့်ကျော် ၂ ရက်နေ့ရောက်တိုင်း အနယ်နယ်အရပ်ရပ်မှ သက်ဝင်ယုံကြည်သူများ စည်ကားသိုက်မြိုက်စွာကျင်းပလေ့ရှိကြောင်း သိရသည်။

အဆိုပါ ထွက်ပွဲနေ့မတိုင်မီ တစ်ပတ်ခန့်အလိုမှပင် အဘဘိုးမင်းခေါင်အား ယုံကြည်သက်ဝင်သူများက နေရာစုံ၊ ဒေသစုံမှ ရောက်ရှိလာကြရာ ဒေသခံဈေးသည်များ၊ အိမ်ခန်း၊ ဆိုင်ခန်းငှားရမ်းသူများအနေဖြင့် ဝင်ငွေတိုးပွားသည့်ကာလဖြစ်ကြောင်း သိရသည်။ **နေအောင်**



ဆိုင်ခန်းများဖွင့်လှစ်ရန် ပြင်ဆင်နေသည့် ပုပ္ပားတောင်ခြေရပ်ကွက်တစ်ခု။

> ကြံ့ခိုင်မှုအားနည်းသည့် မော်တော်ယာဉ်များကို တောင်ကလပ်အထိ တက်ရောက်ခွင့်မပေးဘဲ ပုပ္ပားမြို့တွင်သာ စည်းကမ်းတကျရပ်. . .

## သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂရုဓမ္မအခါတော်နေ့ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၃**

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ ၁၃၇၆ခုနှစ် တော်သလင်းလပြည့် ဂရုဓမ္မအခါတော်နေ့ မင်္ဂလာအခမ်းအနားကို စက်တင်ဘာ ၈ ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ကမ္ဘာအေးစေတီတော် အာရုံခံတန်ဆောင်း အပေါ်ထပ်၌ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်း ၂၁ သင်းတို့မှ အသင်းသား အသင်းသူများဖြင့် အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ **ကိုချစ်**

## သံတောင်ကြီးမြို့နယ်အထက ပညာရည်ချွန်ဆုပေး

**သံတောင်ကြီး စက်တင်ဘာ ၄**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် သပြေညွန့်အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးအပ်ပွဲကို ဩဂုတ် ၃၁ ရက်က ကျောင်းခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲတွင် သံတောင်ကြီးမြို့နယ် ဘောဂလိမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ဦး ၊ ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဦးနှင့် ကျောင်းအကျိုးဆောင်ဥက္ကဋ္ဌ ဦးမောင်မောင်ဌေးတို့က ဂုဏ်ပြုအမှာစကားပြောကြားပြီး ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၊ ဂုဏ်ထူးရရှိအောင်သင်ကြားပေးသည့် ဆရာ ဆရာမများ၊ ခုနစ်နှစ်ဆက်တိုက် ပထမဆုရကျောင်းသူ မစိုးသန္တာလင်းနှင့် သူငယ်တန်းမှ နဝမတန်းအထိ ထူးချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဦး၊ အလှူရှင်များနှင့် ကျောင်းအကျိုးဆောင်ကော်မတီဝင်များက ဆုများပေးအပ်ခဲ့ကြသည်။ **ဖြိုး-မြင့်ဦး**

## ဝန်ထမ်းသားသမီးများ ပညာသင်ကြေးထောက်ပံ့

**ရန်ကုန် စက်တင်ဘာ ၄**

ဗဟန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂ ရက်က ကျင်းပသည်။

ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲတွင် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်များသို့တက်ရောက်နေသော ဝန်ထမ်းများ၏သားသမီး ၁၄ ဦးအတွက် ငွေကျပ် ၁၂၀၀၀၀နှင့် ငွေကျပ် ၃၈၅၀၀ တန်ဖိုးရှိ ကျောင်းသုံးပစ္စည်းများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းစိန်နှင့် မြို့နယ်မိသားစုစည်းကမ်းထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝင်းတို့က ပေးအပ်ခဲ့သည်။ ထောက်ပံ့ကြေးပေးအပ်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ ဝန်ထမ်းများ၏ သားသမီးများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(၀၃၃)**


**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**
**(ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကျေးရွာမီးလင်းရေးဆောင်ရွက်နိုင်ရန်အတွက် ၃၃ကေဗွီ၊ ၁၁ ကေဗွီ ဓာတ်အားလိုင်းများ၊ ခွဲရုံများအသစ်တည်ဆောက်ခြင်းအတွက် လိုင်းပစ္စည်းနှင့် ခွဲရုံ ဆက်စပ်ပစ္စည်းများအား Package တစ်ခုစီခွဲကာ မြန်မာကျပ်ငွေ Kyat ဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၅-၉-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၅-၉-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် ၅၃၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၁၂၈၄၊ ၀၆၇-၄၃၁၂၈၅၊ ဖက်စ်-၀၆၇-၄၃၁၁၈၅**

**အများသိစေရန်ကြေညာချက်**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်တိုက်ခန်းအား လက်ရှိအမည်ပေါက်ထံမှ ဝယ်ယူ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| | ဦးဘိုနီ ၁၂/မဂတ(နိုင်)၀၁၆၆၇၄ (မှ) | ဒေါ်သိန်းသိန်းရီ ၅/မရန(နိုင်)၀၁၂၇၇၃ | တိုက်အမှတ် F၊ အခန်းအမှတ် (၀၅-၁)၊ ပုလဲကွန်ဒိုအိမ်ရာ၊ဗဟန်းမြို့နယ် |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

**သာသနာရေးဝန်ကြီးဌာန**
**ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဓမ္မပါလကုန်းမြေ၊ စွယ်တော်မြတ်စေတီတော်အနီး**
**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်**
**၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ဒီပလိုမာ (၁)နှစ်သင်တန်းတက်ရောက်ခွင့်**

**လျှောက်လွှာများခေါ်ယူခြင်း**

၁။ **အရည်အချင်းသတ်မှတ်ချက်**
(က) ပြည်တွင်းလျှောက်လွှာရှင်များ
(၁) ရဟန်းတော်များ ဓမ္မာစရိယတန်းအောင်မြင်ပြီးဖြစ်ရမည်။
(၂) သာသနာ့နွယ်ဝင်သီလရှင်များ၊ လူပုဂ္ဂိုလ်များ (ကျား/မ)တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိရမည်။
(၃) အင်္ဂလိပ်စာ အရေးအဖတ်၊ အပြော ကျွမ်းကျင်ရမည်။
(ခ) ပြည်ပလျှောက်လွှာရှင်များ
(၁) နိုင်ငံခြားသား ရဟန်းတော်၊ သီလရှင်၊ အမျိုးသား၊ အမျိုးသမီးများသည် သတ်မှတ်ထားသည့် အထက်တန်းအဆင့် (Matriculation) မြန်မာနိုင်ငံတွင် ကျင်းပသော အခြေခံပညာအထက်တန်း (သို့မဟုတ်) တက္ကသိုလ်ဝင်တန်းနှင့် အဆင့်တူစာမေးပွဲ အောင်မြင်သူဖြစ်ရမည်။
(၂) အင်္ဂလိပ်စာအရေးအဖတ်၊ အပြော ကျွမ်းကျင်ရမည်။
(ပြည်တွင်း၊ ပြည်ပလျှောက်လွှာရှင်များသည် ပညာအရည်အချင်း အောင်လက်မှတ်မူရင်းများကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရန်)။
၂။ အသက်ကန့်သတ်ချက်
လျှောက်ထားသူသည် အသက် (၁၈)နှစ်မှ (၄၅)နှစ်အတွင်း ရှိသူဖြစ်ရမည်။
၃။ ဝင်ခွင့်စာမေးပွဲ (ရေးဖြေ၊ နှုတ်ဖြေ)
(က) အင်္ဂလိပ်ဘာသာဖြင့် ဖြေဆိုရမည့်မေးခွန်းလွှာများ
(၁) တက္ကသိုလ်ဝင်ခွင့်အဆင့်ရှိ အင်္ဂလိပ်ဘာသာမေးခွန်းလွှာ၊
(၂) အခြေခံဗုဒ္ဓဘာသာ ဗဟုသုတမေးခွန်းလွှာ၊
(ခ) အင်္ဂလိပ်ဘာသာဖြင့် လူတွေ့ဖြေဆိုခြင်း။
၄။ **ဝင်ခွင့်လျှောက်လွှာပိတ်ရက်** -၁၅-၁၂-၂၀၁၄ရက်
၅။ **ဝင်ခွင့်စာမေးပွဲကျင်းပမည့်ရက်** -၉-၁-၂၀၁၅ရက်
၆။ **တက္ကသိုလ်စတင်ဖွင့်လှစ်မည့်ရက်**-၂၀၁၅ခုနှစ် ဇွန်လပထမပတ်
၇။ ဒီပလိုမာ(၁)နှစ်သင်တန်း အောင်မြင်ပြီးသူသည် B.A. (B.Dh.) ဘွဲ့ (၂)နှစ်သင်တန်း ဆက်လက်တက်ရောက်ရန် လျှောက်ထားနိုင်ပါသည်။
၈။ ပြည်ပသင်တန်းသားများ ပညာဆည်းပူးနေစဉ် ကာလတစ်လျှောက် ပညာရေးနှင့် နေထိုင်စားသောက်ရေးတို့ကို တက္ကသိုလ်က တာဝန်ယူပေးမည်။
၉။ ဆက်သွယ်စုံစမ်းရန် တယ်လီဖုန်းအမှတ်များ
ဖုန်း-၆၅၀၇၁၂၊ ၆၅၀၇၁၃၊ ၆၅၂၆၂၉
Fax -၀၉၅-၁၆၅၀၇၀၀

**ညီညီအောင်**
**မော်ကွန်းထိန်း**

**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးဦးစီးဌာန**
**အထွေထွေရောဂါကုဆေးရုံကြီး၊ ဟသ်ာတမြို့**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကျန်းမာရေးဦးစီးဌာန၊ ခုတင်(၂၀၀)ဆံ့ ဟသ်ာတပြည်သူ့ဆေးရုံကြီး၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဆေးကုသမှုခံယူနေသော လူနာများအတွက် လိုအပ်သော FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများကို မြန်မာကျပ်ငွေနှင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၈-၉-၂၀၁၄ ရက်
**တင်ဒါပုံစံဝယ်ယူရန်နှင့် တင်သွင်းရန်နေရာ** - ဆေးရုံအုပ်ကြီးရုံး၊ ပြည်သူ့ဆေးရုံကြီး၊ ဟသ်ာတမြို့
**တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့် ရက်နှင့်အချိန်** - ၇-၁၀-၂၀၁၄ ရက်

၂။ တင်ဒါပုံစံစည်းမျဉ်း၊ စည်းကမ်းချက်များနှင့် ဆေးနှင့်ဆေးပစ္စည်းစာရင်းအသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ဟသ်ာတ ဖုန်း-၀၄၄-၂၁၀၉၆သို့ ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ဟသ်ာတပြည်သူ့ဆေးရုံကြီး**

# ငြိမ်းချမ်းကြွယ်ဝစည်ပင်သည့် ရခိုင်ပြည်နယ်တည်ထောင်နိုင်ရေး ရည်မှန်းချက်ထားဆောင်ရွက်သွားမည်



ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မင်းပြားမြို့ စမ္ဘာလေကျေးရွာကယ်ဆယ်ရေးစခန်းတွင် နေထိုင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။ (သတင်းစဉ်)

**စစ်တွေ စက်တင်ဘာ ၄**

စစ်တွေမြို့၌ ရောက်ရှိနေသော ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယ သမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စု ဝန်ကြီး ဦးခင်ရီ၊ ဒေါက်တာသန်းအောင်၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများ၊ INGO အဖွဲ့များ၊ တာဝန်ရှိသူများ နှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ အရေးပေါ် ပေါင်းစပ်ရေး စင်တာ(ECC) ရုံးသို့ရောက်ရှိပြီး အစည်း အဝေးခန်းမ၌ ရခိုင်ပြည်နယ်အတွင်း ရောက်ရှိနေသော ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်း (၂၃) ဖွဲ့မှ တာဝန် ရှိသူများနှင့် တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်လင်းဒွေး၊ နိုင်ငံတကာအဖွဲ့အစည်း များနှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီဝင် များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အရေးပေါ်ပေါင်းစပ် ရေးကော်မတီဖွဲ့စည်းထားရှိမှု၊ ကော်မတီအနေဖြင့် ကုလ သမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပွင့်လင်းမြင်သာမှုရှိရှိ ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေ များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း က ယခုကဲ့သို့ အချိန်ကာလကြာမြင့်စွာ လာရောက်လုပ်ကိုင် လျက်ရှိသည့် ကုလသမဂ္ဂအေဂျင်စီများနှင့် နိုင်ငံတကာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများအားလုံးကို အစိုးရ အဖွဲ့ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊

ရခိုင်ပြည်နယ် ပဋိပက္ခဖြစ်ပွားခဲ့သည်မှာ နှစ်နှစ် ကျော် ကြာခဲ့ပြီဖြစ်ကြောင်း၊ ကနဦးက သာမန်ပြစ်မှုတစ်ခု သာဖြစ်ခဲ့ပြီး *စာမျက်နှာ ၉ ကော်လံ ၁* ✻

**ယနေ့ » မာတိကာ**

အနောက်အာဖရိက၌ အီဘိုလာ ကူးစက်မှုကြောင့် ၁၉၀၀ သေဆုံး
စာ » ၄

အေးဆုပြည့်အောင် ကဲ့ကော်တစ်ထောင်
ဆောင်းပါး
စာ » ၆

လျှပ်စစ်အန္တရာယ်မဖြစ်စေရေး ဓာတ်ကြိုးထိန်းများတပ်ဆင်
စာ » ၁၃

**ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

## JFL ညွန့်ပေါင်းအသင်းနှင့် ခြေစမ်းပွဲအတွက် မြန်မာယူ-၂၃ အသင်း စတင်လေ့ကျင့်

သတင်း-ညီမြတ်သော်တာ

ရန်ကုန် စက်တင်ဘာ ၄

**ဂျပန်နိုင်ငံမှ JFL ညွှန့်ပေါင်းအသင်းနှင့် ခြေစမ်းပွဲကစားရန်အတွက် မြန်မာ ယူ-၂၃ အသင်းသည် ယနေ့နံနက်ပိုင်းမှစ၍ လေ့ကျင့်မှုများ စတင် ပြုလုပ်လျက်ရှိသည်။**

ခြေစမ်းပွဲကစားမည့် မြန်မာ ယူ-၂၃ အသင်းကို မူလက ကစား သမား ၂၅ ဦး ဖြင့် ဖွဲ့စည်းခဲ့သော်လည်း ကစားသမားအချို့ အပြောင်းအလဲ ဖြစ်ပေါ်ခဲ့ပြီး လက်ရှိတွင် ၂၄ ဦးဖြင့် သာ လေ့ကျင့်လျက်ရှိသည်။ ယခု ရွေးချယ်လိုက်သော ကစားသမားများ တွင် ယူ-၂၃ အသင်းနှင့် လက်ရွေးစင် အသင်း၌ ရွေးချယ်ခံရဖူးသည့် ရန်အောင်လင်း(ဂိုး)၊ ထူးထူးအောင်၊ ရန်နိုင်ထွေးနှင့် ချစ်စုမိုးတို့သာ ပါဝင် လာပြီး မျက်နှာသစ်ကစားသမား အများစုပါဝင်လာသည့် မြန်မာယူ-၂၃ အသင်းနှင့် JFL ညွှန့်ပေါင်းအသင်း တို့၏ ခြေစမ်းပွဲကို စက်တင်ဘာ ၁၀ ရက်တွင် သုဝဏ္ဏကွင်း၌ ကျင်းပ သွားမည်ဖြစ်သည်။

ခြေစမ်းပွဲကစားမည့် မြန်မာ ယူ-၂၃ အသင်းတွင် နည်းပြချုပ်- ဦးကြည်လွင်(မကွေး)၊ လက်ထောက် နည်းပြ ဦးဇော်ဝင်းထွန်း(မကွေး)နှင့် ဦးကျော်လွင်(နေပြည်တော်)၊ ဂိုး နည်းပြ ဦးအောင်သက် (ဟံသာဝတီ)၊ ကစားသမားများအဖြစ် **ဂိုးသမား**-ရန် အောင်လင်း(ဟံသာဝတီ)၊ ချမ်းငြိမ်း ကျော်(ဧရာဝတီ)၊ **နောက်တန်း**- နေဇော်အောင် (နေပြည်တော်)၊ ဇော်ဝင်း(ရန်ကုန်)၊ ဝေယံ(မကွေး)၊ ဝါးရယ်(မနောမြေ)၊ တလွန်ဟုပါထန်း (ချင်း)၊ ဝင်းဇင်ဦး(ဇေယျာရွှေမြေ)၊ ကျော်ဇင်လွင်(မကွေး)၊ သိန်းနိုင်ဦး *စာမျက်နှာ ၅ ကော်လံ ၅* ❐



ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ဒေါပုံမြို့နယ် ဆက်သွယ်ထားသော ငမိုးရိပ်ချောင်းကူး သံပေါင် တံတား(သာကေတတံတားဟောင်း)ကို တွေ့ရစဉ်။

## မင်္ဂလာတောင်ညွန့်နှင့် ဒေါပုံမြို့နယ်တို့ဆက်သွယ်မည့် ကားလမ်းကူးတံတားသစ်တစ်စင်း တည်ဆောက်မည်

သတင်း
မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ
တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် စက်တင်ဘာ ၄**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ဒေါပုံ မြို့နယ်တို့ကိုဆက်သွယ်မည့် တံတားသစ်တစ်စင်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက မကြာမီ တည်ဆောက်တော့မည်ဖြစ်သည်။ မော်တော်ယာဉ် သွားလာမှုကျပ်တည်းနေခြင်းကို အထိုက်အလျောက် ဖြေလျှော့ပေးနိုင်မည်ဖြစ်သည်။

"အခုတည်ဆောက်မယ့် တံတားသစ်က အရင်တံတား ဟောင်းအနီးမှာပဲ တည်ဆောက်မှာပါ။ တံတားအဟောင်း က မော်တော်ယာဉ် အသုံးပြုလို့မရအောင်ဖြစ်နေလို့ တံတားအသစ်တည်ဆောက်ရခြင်းဖြစ်ပါတယ်။ မကြာမီ မှာ *စာမျက်နှာ ၃ ကော်လံ ၁* ◆




mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS
R/488

FOREVER TOP Travel & Tours

Hotel 140,000

Discount (5+1) (FOC) = 10 Pax

3 Oct 2014 / 5 Oct 2014

Special Promotion FOREVER TOP

## နိုဝင်ဘာ ဗုဒ္ဓဂယာ ဘုရားဖူး အဖွဲ့

GAYA Office- Rajapur Buddha Gaya Pin-824231, Mobile: +918292790371

## ဗုဒ္ဓဂယာဘုရားဖူး အကျိုးဆောင်လုပ်ငန်း

2014

2014- Sep -28

Oct -4,5,11,18,19,25,26

Nov -1,2,8,9,15,16,22,23,29,30

Dec -6,7,13,14,20,21,27,28

## မြင်းခြံရှက်ဆေးလုံး

ဆီး - ပျော့စီ - အကြောအချဉ် အဆောင်းဆုံးဆေး

Dawei Beauty

Dawei Beauty Travels & Tours နှင့် ပျော်ရွှင်ဖွယ်ရာ Promotion ခရီးစဉ်များ သွားကြရအောင်......

| | | | |
|---|---|---|---|
| ထားဝယ်-မောင်းမကန်ကမ်းခြေ-ကန်ရွာကုန်း | 12 Sep / 4 Oct | ဘန်ကောက် - ပတ္တရား - အယုဒ္ဓယ | 12 Sep / 6 Oct |
| ထားဝယ်-မောင်းမကန်ကမ်းခြေ-ရှင်ကိုးရှင် | 12 Sep / 4 Oct | ဘန်ကောက် - ဖြူကူရား - Shopping | 20 Sep / 10 Oct |
| | | စင်ကာပူ - မလေးရှား | 12 Sep / 8 Oct |
| ဂွေး-ပုသိမ်ကော် လေးမျက်နှာ-ပြည်ပိတ်ပြည် | 12 Sep / 7 Oct | စင်ကာပူ | 12 Sep / 8 Oct |
| | | ဗီယက်နမ် - ဟနွိုင်း - ဟာလောင်း | 20 Sep / 9 Oct |
| မော်လမြိုင်-ဘားအံ-ကျိုက်ထီးရိုး-ဟင်္သာ | 12 Sep / 7 Oct | ဟောင်ကောင် - မကာအို - ကွမ်ကျိုး - ကျူဟိုင်း | 12 Sep / 6 Oct |

Tour Office : No.136/ C-1, Anawyahtar Road, 10th - Quarter, Botahtaung Township, Yangon., Myanmar.
Ph: 01 294326, 01 396683, 09 254022272, 09 255723554 Fax: 01 294326

## ရောင်းမည်

09 5001920, 09 421081000

## ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးထားခြင်း

ယာဉ်အမှတ် ၄စ/၃၃၂၈ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် အသိပေးအပ်ပါသည်။

ယာဉ်ပိုင်ရှင်
ဖုန်း-၀၁-၅၄၅၃၉၅

## ရေနံ့သာ ခင်မောင်ထွေး ဖောင်ဒေးရှင်း

TAY NANT THAR KHIN MAUNG HTWE FOUNDATION

ရေနံ့သာခင်မောင်ထွေး ဖောင်ဒေးရှင်းမှ တက္ကသိုလ်ဝင်တန်းကို ထူးချွန်စွာအောင်မြင်ပြီး တက္ကသိုလ်ပညာဆက်လက်သင်ကြားရန် ငွေကြေးအခက်အခဲရှိသူ ကျောင်းသား(ငါးဦး)အား ဘွဲ့ရသည်အထိ ပညာသင်ထောက်ပံ့ကြေးကို ပေးအပ်မည်ဖြစ်ပါသဖြင့်မြန်မာနိုင်ငံတဝှမ်းမှ ပညာသင်ထောက်ပံ့ကြေးရယူလိုသူများ ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

၁။ တက္ကသိုလ်ဝင်တန်းအောင်မှတ်(၄၅၀)နှင့်အထက် ရရှိသူဖြစ်ရမည်။
၂။ မိခင်(သို့)ဖခင် မရှိသူနှင့် မိဘနှစ်ပါးစလုံးမရှိသူများကို ဦးစားပေးရွေးချယ်ပါမည်။
၃။ ကျေးလက်တောရွာတွင် နေထိုင်သူကို ဦးစားပေးရွေးချယ်မည်။
၄။ ကိုယ်တိုင်ရေး လျှောက်လွှာ(၁)စောင်(အမှတ်စာရင်းပူးတွဲတင်ပြရမည်။)
၅။ မိမိနေထိုင်သောအိမ်ရှေ့တွင် ရိုက်ကူးထားသော ပတ်စပို့ဓါတ်ပုံ(၁)၊ ပတ်စ်ပို့ဓါတ်ပုံ(၁)ပုံ၊ လျှောက်လွှာနှင့် ပူးတွဲတင်ပြရမည်။
၆။ မိမိရပ်ကွက် ကျေးရွာအတွင်းရှိ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းမှ ဆရာတော်တစ်ပါး၏ ထင်ရှားစွာခံပါးကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်ပါရမည်။
၇။ တက္ကသိုလ်ပညာ ဆက်လက်သင်ကြားရန် မိမိတွင် ငွေကြေးအခက်အခဲဖြစ်ပေါ်နေကြောင်း A4 (၂)မျက်နှာခန့် ပြည့်စုံကျနစွာ မိမိကိုယ်တိုင်ရေးသား၍ လျှောက်လွှာနှင့်ပူးတွဲတင်ပြရမည်။
၈။ လျှောက်လွှာများကို ၃၀-၁၀-၂၀၁၄ နောက်ဆုံးထား၍ မှတ်ပုံတင်စာဖြင့် အမှတ်(၂၉/ဘီ) ရွှေညီထပ်၊ တောင်မြင့်မြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ရှိ ရေနံ့သာထရေးဒင်းကုမ္ပဏီရုံးခန်းသို့ပေးပို့ရမည်။
၉။ လျှောက်လွှာရှင်များထဲမှ ပဏာမရွေးချယ်သူများကို ကွင်းဆင်းစစ်ဆေးပြီး အမှန်တကယ်လိုအပ်သူများကို သာ ထောက်ပံ့ကြေးပေးအပ်ပါမည်။

ရေနံ့သာ ခင်မောင်ထွေး ဖောင်ဒေးရှင်း
အမှတ်(၂၉/ဘီ)ရွှေညီထပ်၊ တောင်မြင့်မြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ခရေပင်ရိပ်မွန်အိမ်ရာ၊ တိုက် Row House၊ အခန်း $R_3$-C ကို မူလအမည်ပေါက်ပိုင်ရှင် ဦးကြည်လှိုင် ၁၂/အစန(နိုင်)၀၂၇၅၀၁ ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဒေါ်ညွှန့်ညွှန့်ဌေး ၁၂/မဂဒ(နိုင်)၀၂၄၃၉၃က ပိုင်ရှင်အမည် ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/ရှေ့၊ မြေကွက်အမှတ် ၁၂၇၄/ခ၊ မြေကွက်တည်နေရာအမှတ် ၁၂၇၄/ခ၊ အောင်သုခ ၂၆ လမ်း၊ ၆/ရှေ့ရပ်ကွက်၊ သာကေတမြို့နယ် (ဦးတင်ဗိုလ်ထွေး) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးတင်ဗိုလ်ထွေး MMO-၃၀၆၁၄၆ ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၂၇၉၅/၁၃ ရရှိသူ ဦးကျော်ကျော်နိုင် ၁၂/သကတ(နိုင်)၀၁၈၀၁၆က အိမ်ဆောက်ရန် မြေပုံကူးလျှောက်ထားရာ မြေစာရင်းမှတ်ချက်ရှိ ၁၉၉၈ ခုနှစ်တွင် ဦးတင်ဗိုလ်ထွေးက အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးခြင်းနှင့် ပတ်သက်၍ ယင်းမြေပုံမူရင်း ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြလာသဖြင့် ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## တက္ကသိုလ်ဝင်တန်း ပညာဒါန အစီ

၂၀၁၄-၁၅ ပညာသင်နှစ် (၁၀-တန်း) တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့် မည်သူမဆို တက်ရောက်နိုင်သည်။
ဘာသာရပ်တစ်ခုချင်း ဝါရင့်ဆရာ/ဆရာမကြီးများ သင်ကြားပို့ချမည်။

**၁ ပတ် ၆ ရက်တက်၊ (၅) လပြတ်သင်တန်း**

ပို့ချချက်၊ မှတ်စု အပြည့်အစုံပံ့ပိုးမည်၊ မည်သည့်အခကြေးငွေမှပေးရန်မလို

အောက်တိုဘာ(၁)ရက်နေ့ သင်တန်းစမည်။ သင်တန်းဝင်ခွင့်ပုံစံလက်ခံပြီ။

သင်တန်းတည်နေရာ | သင်တန်းအချိန် နေ့လယ် ၁၊၃၀ မှ ညနေ ၆၊၀၀ နာရီ

ကျိုက်လီယာမွတ်စလင်မ်သာသနာ့ရန်ပုံငွေအဖွဲ့မှ ဦးစီးသော အစ္စလာမ့်သုခရိပ်သာ
အမှတ်(၁)၊ သုခလမ်း၊ ခ-ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

## PIONEER ရိုဘိုင်းဖုန်းသင်တန်းကျောင်း

HARDWARE 106000 KS — 150000 SOFTWARE 100000 KS — 150000

နယ်ကျောင်းသားများ အတွက် အဆောင်ရှိပါသည်

## ဖူ-ဇွ-ကောင် သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေး

ရန်ကုန်မြို့နှင့်မန္တလေးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိလိုက်ပါပြီ။

မြန်မာ့အလင်း




၂၀၁၄ခုနှစ်၊ စက်တင်ဘာ ၅ ရက်၊ သောကြာနေ့။

ပြည်တွင်းရေးရာ

## မြစ်သံလွင်ဦးမှာလ ဖူးပွင့်ကာသန္ဓေတည်

စာ - ၃



လူမှုစီးပွား

## မိတ္ထီလာ ကန်ကူးတံတားသစ် ၂၀၁၅ ခု မတ်လအတွင်း အပြီးတည်ဆောက်မည်

စာ - ၆





# ရွှန်းနီမှတစ်ပါး အခြားမရှိ

စာ - ၇

ဘောလုံးမှာအတွေ့အကြုံဆိုတာ အသက်အပိုင်းအခြားနဲ့မဆိုင်ဘူး။ အသက်အရွယ်ကြီးရင့်တိုင်း အတွေ့အကြုံ ပိုများမယ်လို့ မဆိုနိုင်ဘူး။ အဓိကကတော့ ဖြတ်သန်းမှုအခြေအနေ။ အဲဒါနဲ့ ချင့်ချိန်ကြည့်ရင် ရွှန်းနီရဲ့နိုင်ငံတကာပွဲ အတွေ့အကြုံကိုလက်ရှိရွေးထားတဲ့အင်္ဂလန်ကစားသမားတွေတစ်ယောက်မှ မမီဘူး။

## ချန်ပီယံလိဂ်နှင့် အင်္ဂလန်ကလပ်များရဲ့ အလားအလာ

စာ - ၂



"ဝ" အထူးဒေသ

# မြစ်သံလွင်ဦးမှာလ ဖူးပွင့်ကာသနေ့တည်

**တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး**

"တိုင်းပြည် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီဆိုသကဲ့သို့ တစ်ခုနှင့်တစ်ခုခွဲခြား၍ မရအောင်အမှီသဟဲပြုနေပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တည်ငြိမ်အေးချမ်းရေးအတွက် အဓိကလိုအပ်ချက်သည် တရားဥပဒေစိုးမိုးရေးနှင့်လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေးဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးသည် စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့်ကိစ္စ ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရန် ဥပဒေအရ အရေးယူရုံနှင့် မလုံလောက်ဘဲ ဥပဒေကို သိရှိနားလည်အောင် လေးစားလိုက်နာအောင် ကျောင်းသားဘဝကပင် စာသင်ကျောင်းများ၌ အသိပညာပေးသည့် လေ့ကျင့်သင်ကြားမှုများကို အခြေခံမှစ၍ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း" ဩဂုတ်လ ၂၂ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် ပထမလေးလပတ် အစည်းအဝေး၊ တတိယနေ့၌ နိုင်ငံတော်သမ္မတကြီးက လမ်းညွှန်မိန့်ကြားခဲ့သည်။

**"ဝ" အထူးဒေသ(၂)၊ SSA (ဝမ်ဟိုင်း)၊ မိုင်းလားအထူးဒေသ (၄)**

နိုင်ငံတော်သမ္မတကြီးသည် ဩဂုတ်လ ၂၅ ရက်နေ့တွင် "ဝ" အထူးဒေသ(၂)၊ SSA (ဝမ်ဟိုင်း)အဖွဲ့၊ မိုင်းလားအထူးဒေသ(၄) အဖွဲ့မှ တာဝန်ရှိသူများကို တွေ့ဆုံခဲ့သည်။ နိုင်ငံတော်သမ္မတက "မိမိတို့သည် မွေးဖွားကြီးပြင်းရာဒေသအပေါ်မူတည်ပြီး ယဉ်ကျေးမှု၊ ဓလေ့ထုံးစံစသည်တို့တွင် ကွဲပြားခြားနားမှုများရှိနိုင်သော်လည်း တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ပြီး တိုင်းပြည်တစ်ခုအတွင်းတွင် မွေးဖွားကြီးပြင်းခဲ့သူများဖြစ်သည့်အတွက် နိုင်ငံချစ်စိတ်၊ ဒို့တာဝန်အရေးသုံးပါးကိုဦးထိပ်ထားသည့် စိတ်များတွင် တူညီကြကြောင်း၊ ယနေ့ပြည်သူများ၏ ဆန္ဒဖြစ်သည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုသည့် အချက်နှစ်ရပ်ကို ဖြည့်ဆည်းပေးရန် မိမိတို့အားလုံးတွင် တာဝန်ရှိကြောင်း၊တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဆက်စပ်နေသည်ကို ပြီးခဲ့သည့်(၂၅)နှစ်တာကာလအတွင်း "ဝ" အထူးဒေသနှင့် မိုင်းလားအထူးဒေသတို့၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လေ့လာလျှင် တွေ့နိုင်ကြောင်း၊ မိမိတို့၏ပြဿနာများကို တွေ့ဆုံဆွေးနွေးညှိနှိုင်းသည့် နည်းလမ်းဖြင့်သာ ဖြေရှင်းရမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပြီး နိုင်ငံရေးဆွေးနွေးမှုများ စတင်သည်နှင့် တစ်ပြိုင်နက်ပညာရေး၊ ကျန်းမာရေး၊ ပြန်လည်ထူထောင်ရေး စသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ တပ်မတော်ကလည်း ပြည်ထောင်စုအစိုးရ၏မူဝါဒအတိုင်း ငြိမ်းချမ်းရေးကို မဖြစ်မနေအကောင်အထည်ဖော်ရန် ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း၊ မိမိတို့အားလုံး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံယုံ ကြည်ကြည်ဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း" ဖြင့်ပြောကြားခဲ့သည်။

တက်ရောက်လာသော တိုင်းရင်းသားခေါင်းဆောင်များကလည်း နိုင်ငံတော် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို လိုက်နာစောင့်ထိန်းမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးရရှိရန်အတွက် ဆွေးနွေးညှိနှိုင်းဖြေရှင်းသည့် နည်းလမ်းကို သာကျင့်သုံးရန် သန္နိဋ္ဌာန်ချမှတ်ထားကြောင်း ထပ်လောင်း ကတိပြုပြောကြားခဲ့သည်။



၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော မိုင်းလားဒေသ ကျိုင်းရဲတံတား။

**နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တရားဥပဒေစိုးမိုးရေး**

နယ်မြေဒေသတစ်ခု တည်ငြိမ်အေးချမ်းမှုရှိမှသာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပေးနိုင်မည်။ ဆောင်ရွက်ခွင့်ရမည်။ ၎င်းပြင် ဖွံ့ဖြိုးစပြုလာပြီဖြစ်သောနယ်စပ်ဒေသများ၌ တရားဥပဒေစိုးမိုးရေးကို အထောက်အကူပြုမည့် အခြေခံကောင်းများ တွေ့မြင်လာရပြီဖြစ်သည်။ "ဝ" ဒေသ ပန်ဆန်းမြို့၌ မြို့ပြစည်ပင်ဖွံ့ဖြိုးလာမှုနှင့်အတူ မီတာ(၃၀) အကျယ်လမ်းမကြီးများခင်းခြင်း၊ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ စည်းကမ်းတကျမောင်းနှင်ရန် ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များချထားဆောင်ရွက်ခြင်း၊ မြို့ပတ်ပတ်လည်၌ ရော်ဘာစိုက်ခင်းကြီးများ၊ သစ်ပင်တောအုပ်များ ညို့ညို့မှိုင်းမှိုင်းဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ရရှိနေပြီဖြစ်ခြင်း၊ "ဝ" ဒေသမှ တိုင်းရင်းသားလေးများ မြန်မာစာ၊ မြန်မာစကားကို ပိုမိုနားလည်တတ်မြောက်အောင် သင်ယူနိုင်ရေးအတွက် နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြ တောင်းခံလာခြင်းတို့သည် "ဝ" အထူးဒေသ(၂)၏ ကောင်းမွန်သော လုပ်ဆောင်ချက်များပင်ဖြစ်ပါသည်။ ပန်ဆန်း၌ထမင်းဆိုင်နာမည်ကို "ဇိမ်ရှိရှိစားသောက်ဆိုင်"ဟု ရေးထားတာ တွေ့ခဲ့ဖူးသည်။ ဈေးဆိုင် ဆိုင်းဘုတ်များကို ရေးတတ်သလို ရေးထားစေဦးတော့၊ ပန်ဆန်းလိုနေရာမျိုး၊ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်လိုနေရာမျိုးတွေမှ မြန်မာစာ၊ မြန်မာစကား အလေးထားသင်ကြား၊ ရေးသားမှုများတွေ့နေရခြင်းကလည်း ကောင်းသော အလေ့အကျင့် တစ်ခုပါပေ။

> "တိုင်းရင်းသားခေါင်းဆောင်များကလည်း နိုင်ငံတော်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ထိန်းသိမ်းစောင့်ရှောက်သွားမည် ဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို လိုက်နာစောင့်ထိန်းမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးရရှိရန်အတွက် ဆွေးနွေးညှိနှိုင်းဖြေရှင်းသည့်နည်းလမ်းကိုသာကျင့်သုံးရန် သန္နိဋ္ဌာန်ချမှတ်ထား"



SSA (ဝမ်ဟိုင်း)တပ်ဖွဲ့ဝင်များအတွက် နေအိမ်များ ဆောက်လုပ်ပေးစဉ်။

**တန့်ယန်း၊ ဆင်ကျော့နှင့် ဝမ်ဟိုင်း**

SSA ဟု အသံကြားလိုက်သည်နှင့် ကျွန်တော့်စိတ်အစဉ်က တားမရဆီးမရ တန့်ယန်းဒေသသို့ ပြန်ရောက်ရောက်သွားတတ်သည်။ ခလရ (၃၃)၊ ရန်အောင်မြင်ခန်းမ၊ မိုင်းကောင်နှင့် ဆယ်ဟီ/ကတောင်ဒေသများ၊ မိုင်းရှူးနှင့်ဆက်စပ်ဧရိယာ ဂျေ-၈၄မျဉ်း၊ လွယ်ဆေးတောင်ကြော၊ ထိုမှတစ်ဆင့် မိုင်းရယ်၊ ကျောက်မဲ၊ သီပေါ၊ နမ့်ဆန်ခွင်အထိ မျော၍မျော၍သွားသည်မှာ အတောမသတ်နိုင်တော့။ လွန်ခဲ့သည့်(၂၄)နှစ်ခန့် ဦးဆေးထင်၏ဇနီးဖြစ်သူနှင့်အဖွဲ့ ပန်ဆန်းမှပြန်လည်ထွက်ခွာလာသည်ကို တာကော်အက်ကူးတို့ဆိပ်မှစောင့်ကြို၍ တန့်ယန်းသို့ခေါ်လာပေးပြီး ထိုနေ့ညက ရန်အောင်မြင်ရိပ်သာတွင် ဦးဆေးထင်၊ ဦးစိုင်းနောင့်၊ တပ်မဟာမှူး ယားပေအပါအဝင် SSAအဖွဲ့များ၊ တန့်ယန်းအခြေချစစ်ဗျူဟာမှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးစောဘိုးသာ၊ တပ်ရင်းမှူးဒုတိယဗိုလ်မှူးကြီး တင်အေးနှင့်အရာရှိများ ရင်းနှီးခင်မင်စွာ ညစာစားခဲ့ကြသည်ကို သတိအရဆုံးဖြစ်သည်။ ထိုစဉ်က သံလွင်မြစ်ကို ပွန်တွန်ကူးတို့ဖောင်ဖြင့် ဖြတ်ကူးကြရသည်။ (တာကော်အက်တံတားကြီးက ၁၉၉၇ ခုနှစ်ကျမှ ဖွင့်လှစ်ခဲ့ခြင်းဖြစ်၏) SSA အဖွဲ့အတွက် သီပေါနှင့် ဆင်ကျော့ဒေသတွင် ဆင်ကျော့ဆေးရုံအပါအဝင် နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ ယခုအခါ ဝမ်ဟိုင်းဒေသတွင် SSA တပ်ဖွဲ့ဝင် မိသားစုများအတွက် ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်၌ နေအိမ်(၅၀)လုံး တည်ဆောက်ပေးခဲ့သည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်း လျာထားဆောင်ရွက်ပေးလျက်ရှိသည်။

**သံလွင်ဦးမှာဖူးတဲ့ပန်း**

မြန်မာ့ရုပ်မြင်သံကြားမှ ဝန်ထမ်းများဖြစ်သော စန်းစန်းလှိုင်၊ ခင်အေးပွင့်နှင့်အေးအေးမြင့် တို့အကူအညီဖြင့် မိုင်းလားဒေသဖွံ့ဖြိုးရေးဆိုင်ရာ ရုပ်မြင်သံကြားအစီအစဉ်တစ်ခုကို ၁၉၉၈ ခုနှစ်တွင် ကျွန်တော်တည်းဖြတ်ထုတ်လွှင့်ခဲ့ဖူးပါသည်။ ဆရာမြင်းမူမောင်နိုင်မိုးရေးဖွဲ့ပေးသော ကဗျာခေါင်းစဉ်အတိုင်း သံလွင်ဦးမှာဖူးတဲ့ပန်းဟု အမည်ပေးခဲ့သည်။ ကိုစံဝင်းတို့ရိုက်ကူးထုတ်လုပ်သော နယ်စပ်ဖွံ့ဖြိုးရေးအစီအစဉ်များလောက်တော့ အရုပ်တွေကအားမရှိ၊ အဆင်မပြေ။ ရှိတာနှင့်ဖြစ်အောင်လုပ်ရသည်မို့ ညီမငယ်ခင်အေးပွင့်က ကျွန်တော်တို့ ရုပ်မြင်သံကြားအစီအစဉ်အား ကြံ့ခိုင်ကျန်းမာ ပြည်မြန်မာ အစီအစဉ်ထက်တော့သာမှာပါဟု ဩဘာပေးခဲ့ဖူးသည်။ သို့သော် ထိုကာလလောက်ကတည်းက မိုင်းလားသည် နယ်စပ်ဒေသများကြားမှာ ထင်ရှားသည့် မိုင်းလားဖြစ်ခဲ့ပြီ။ မြို့ပြဖွံ့ဖြိုးစည်ပင်မှုက အံ့မခန်းဖြစ်လာခဲ့သည်။ ဘိန်းစိုက်ပျိုးမှုပပျောက်သည့်ဒေသအဖြစ် ကမ္ဘာသိကြေညာနိုင်ခဲ့သည်။ မိုင်းလားဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်ကပံ့ပိုးပေးလျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သန်းပေါင်း ၃၀၉၉ ဒသမ ၇၀ သန်း၊ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်တွင် ၁၅၈၀သန်း လျာထားဆောင်ရွက်ပေးခဲ့သည်။

**ရာသက်ပန်ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းရေး**

ဟသ်ာတဦးမြင့်ငွေရေးဖွဲ့သီကုံးပြီး ယဉ်ဝေယံထွန်းသီဆိုထားသည့် ပြည်ထောင်စုကြီးအေးချမ်းပါစေသီချင်းသည် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာထဲမှာ နတလသင်္ကြန်ပွဲပေါင်းများစွာ ကျင်းပပြုလုပ်ခဲ့စဉ်က နယ်စပ်ဒေသတိုင်းရင်းသူများ အဓိကဖျော်ဖြေတင်ဆက်ခဲ့သောသီချင်းဖြစ်သည်။ ယင်းနောက် ရာသက်ပန်ပြည်ထောင်စုကြီးအေးချမ်းပါစေဆိုသည့် သီချင်းသစ်တစ်ပုဒ်ကို ဆရာဦးမြင့်ငွေက ထပ်မံရေးစပ်ပေးခဲ့သည်။

ယနေ့နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားအဖွဲ့အစည်းများ တွေ့ဆုံညှိနှိုင်းဆွေးနွေးအကောင်အထည်ဖော်ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၏ အန္တိမရည်မှန်းချက်သည် ရာသက်ပန်ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းရေးပင်ဖြစ်သည်။ တစ်နည်းဆိုရသော် ပြည်သူအားလုံး နှစ်ပေါင်းများစွာ မျှော်လင့်တောင့်တလျက်ရှိသည့် ဆန္ဒလည်း ဖြစ်ပေသည်။

» မြင့်စိုး(နတလ) «

မန္တလေးတိုင်းဒေသကြီး

# မိတ္ထီလာ ကန်ကူးတံတားသစ် ၂၀၁၅ ခု မတ်လအတွင်း အပြီးတည်ဆောက်မည်

မိတ္ထီလာမြို့ မြို့မ(၄)ရပ်ကွက်နှင့် နန်းတော်ကုန်းရပ်ကွက်သို့ ဆက်သွယ်ထားသည့် မိတ္ထီလာတောင်ကန်ပေါ်တွင် မိတ္ထီလာ-ကျောက်ပန်းတောင်းသွား ကန်ကူးတံတားကို လွန်ခဲ့သော နှစ်ပေါင်း ၄၀ ကျော်က တည်ဆောက်ခဲ့သည်။ ကန်ကူးတံတားမှာ ပေ ၂၀၀ ရှိပြီး အနောက်ချဉ်းကပ်လမ်းမှာ ပေ ၇၀၀ခန့် ရှိသည်။ မူလကန်ကူးတံတားမှာ ယာဉ်အသွားအလာများခြင်း၊ အထက (၁)ကျောင်းလွှတ်ချိန်တွင် ယာဉ်ကြောပိတ်ဆို့ပြီး ယာဉ်အန္တရာယ်ကျရောက်နိုင်သဖြင့် ကန်ကူးတံတားသစ်တစ်စင်းဆောက်လုပ်ရန် လိုအပ်လာသဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့ (၁၄) က တာဝန်ယူ၍ မူလကန်ကူးတံတား၏တောင်ဘက်ကပ်လျက်တွင် အကျယ် ၂၅ ပေ၊ အရှည် ၂၀၆ပေ၊ လူသွားလမ်း ၄ ပေရှိ သံကူကွန်ကရစ်တံတားအသစ်ကြီးကို စတင်တည်ဆောက်နေပြီဖြစ်သည်။

မိတ္ထီလာကန်ကူးတံတားအသစ် တည်ဆောက်ရေးလုပ်ငန်းသို့ ဩဂုတ် ၃၁ ရက်က ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းတင့်၊ တံတားအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဆွေ၊ လမ်းအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ကျော်၊ မန္တလေးတိုင်းအင်ဂျင်နီယာမှူးကြီး ဦးအောင်စိုးနှင့်အဖွဲ့ဝင်များရောက်ရှိလာပြီး မိတ္ထီလာကန်ကူးတံတားတည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးကြသည်။ မိတ္ထီလာကန်ကူးတံတားတည်ဆောက်မှု အခြေအနေများကို မိတ္ထီလာကန်ကူးတံတားတည်ဆောက်ရေး ဒုတိယအင်ဂျင်နီယာမှူး ဦးသိန်းအောင်က ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။ ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် မိတ္ထီလာကန်ကူးတံတားသစ်တည်ဆောက်နေမှုကို ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီး မိတ္ထီလာကန်ကူးတံတားသစ်ကြီးကို ၂၀၁၅ ခုနှစ် မတ်လအတွင်း အပြီးဆောက်ရန် မှာကြားခဲ့သည်။

မိတ္ထီလာ ကန်ကူးတံတားအဟောင်းနှင့် ကန်ကူးတံတားအသစ်တို့ပေါင်းစပ်ပြီး တံတားလမ်းအကျယ် ၄၈ ပေကျယ်ဝန်းပြီး လေးလမ်းသွားအဖြစ်အသုံးပြုနိုင်ကာ တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်သည်။ မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းသည် BOT စနစ်ဖြစ်၍ တံတားအသစ်အနောက်ဘက် ချဉ်းကပ်လမ်းကို မြတ်နိုးသူကုမ္ပဏီက ချဉ်းကပ်လမ်းအကျယ် ၂၃ ပေ၊ အလျားပေ ၆၆၀ ကို တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်။



တည်ဆောက်ရေးအတွက် ကန်အတွင်းတွင် ဘိုးပိုင်ရိုက်ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်နေရာ ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။ မိတ္ထီလာကန်ကူးတံတားသစ်ကြီးကို ပြည်ထောင်စုငွေလုံးငွေရင်း ခွင့်ပြုငွေ ကျပ်သန်း ၆၀၀ အကုန်အကျခံ၍ တည်ဆောက်သွားမည်ဖြစ်သည်။ တံတားကုန်ကျငွေများကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က အချိန်မီထုတ်ပေးသွားမည်ဖြစ်ပြီး တံတားသစ်ကြီးကို ၂၀၁၅ ခု မတ်လအတွင်း အပြီးတည်ဆောက်ရန် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က မှာကြားခဲ့သည်။ မိတ္ထီလာတောင်ကန်အတွင်း မူလတံတား၏ တောင်ဘက်ရှိ စည်ပင်သာယာရေးရေပေးစက်ရုံနှင့် မောင်နှမခုနစ်ဖော်နတ်နန်းတို့ကို သက်ဆိုင်ရာမှ ရွှေ့ပြောင်းသွားမည်ဖြစ်သည်။ ထို့အပြင် မူလတံတားတောင်ဘက်တွင် သွယ်တန်းထားသည့် ရေဆိုးထုတ်မြောင်းကိုလည်း မူလတံတားဟောင်း၏ မြောက်ဘက်တွင် ပြောင်းရွှေ့တပ်ဆင်ပေးသွားမည်ဖြစ်သည်။

မိတ္ထီလာမြို့ ကန်ကူးတံတားအသစ် ပြီးစီးပါက ယာဉ်အန္တရာယ်ကင်းရှင်းပြီး အသွားလမ်း၊ အပြန်လမ်းအဖြစ် သတ်မှတ်ထားမည်ဖြစ်၍ ယာဉ်ကြောပိတ်ဆို့မှုကင်းရှင်းစွာ လွယ်လင့်တကူ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်သဖြင့် မြို့သူမြို့သားများ ဝမ်းသာပျော်ရွှင်နေကြသည်။

တင်လှိုင်(မိတ္ထီလာ)

ပဲခူးတိုင်းဒေသကြီး

# ဝါးစီမံအုပ်ချုပ်မှုဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေး

မြန်မာနိုင်ငံတွင် ပေါကြွယ်ဝစွာထုတ်ယူနိုင်ဆဲဖြစ်သော သဘာဝဝါးတောများ စနစ်တကျ စီမံအုပ်ချုပ် ထုတ်လုပ်ခြင်းနှင့်တန်ဖိုးမြင့်ဝါးထုတ်ကုန်ပစ္စည်းထုတ်လုပ်၍ ဈေးကွက်နယ်ပယ်ချဲ့ထွင်နိုင်ရေးသို့ရည်ရွယ်လျက် "ဝါးစီမံအုပ်ချုပ်မှုဖွံ့ဖြိုးတိုးတက်မှု အလုပ်ရုံဆွေးနွေးပွဲ"ကို သစ်တောဦးစီးဌာန စီစဉ်မှုဖြင့် ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့ ဆရာစံခန်းမ၌ စက်တင်ဘာ ၁ ရက် နံနက် ၈ နာရီခွဲက ကျင်းပကြောင်း သိရသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ပဲခူးတိုင်းဒေသကြီးအစိုးရ သစ်တောနှင့်သတ္တုဝန်ကြီးဌာနဝန်ကြီး ဦးကျော်ဌေး တက်ရောက်အမှာစကားပြောကြားသည်။ ထို့နောက် သစ်တောတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာစန်းဝင်း၊ သစ်တောဦးစီးဌာနသဘာဝတောနှင့်စိုက်ခင်းလုပ်ငန်းဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်၊ သစ်တောသုတေသနဦးစီးဌာနညွှန်ကြားရေးမှူး ဦးဇော်ဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာနညွှန်ကြားရေးမှူး ဦးသန်းစိုး၊ လူနှင့်သစ်တောဗဟိုဌာန (REPOSTC)၊ ဌာနေကိုယ်စားလှယ် ဒေါက်တာမောင်မောင်သန်းတို့က ဦးဆောင်ပေါင်းစပ်ညှိနှိုင်းသူတို့အဖြစ်ဆွေးနွေးကြပြီး ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနဝန်ထမ်းများ၊ မြန်မာနိုင်ငံဝါးနှင့်ကြိမ် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ ဒေသခံဝါးလုပ်ငန်းရှင်များနှင့် ဝါးခုတ်လုပ်သားများ၊ အလှစုံနယ်ပယ်မှစိတ်ဝင်စားသူများ စုစုပေါင်း ၉၀ ခန့် တက်ရောက်ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

ထွန်းလှိုင်

"ရေသန့်နည်းပညာ၏ ဦးဆောင်ကုမ္ပဏီ"
SUPREME WATER DOCTOR GROUP
( A member of Supreme Group of Companies )
"WATER DOCTOR မှ ဆောက်ဖော်ပြပါ လုပ်ငန်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။"
- ... International Standard နှင့်အညီ Treatment ပြုလုပ်ပြီး ... Public Drain များသို့ ... Waste Water Treatment ပြုလုပ်ခြင်း။
- ... Process Water၊ Boiler Water၊ Cold Storage Water အစရှိသည့် Industrial Water Treatment ပြုလုပ်ခြင်း။
- ... Potable & Drinking Water Treatment ပြုလုပ်ခြင်း။
- ... Water Treatment များပြုလုပ်ခြင်း။
- ... Potable Water Treatment ပြုလုပ်ခြင်း။
- Residential သုံး ... 
- Ozonation ၊Chlorination အစရှိသည့် Disinfection System များ။
- Electro Deionization ၊Reverse Osmosis ၊ Ultra Purification အစရှိသည့် Treatment System များ။
- ... (၁) ... (၁၀၀၀) မှ (၅၀၀၀၀) အထိ ထုတ်လုပ်နိုင်သော ... 
- ... Fully Automatic Packaging Line များ။
- PET ... PET Injection Machines နှင့် Blow Moulding Machines များ။
- ... 
" ... WATER DOCTOR နှင့် ဆက်သွယ်ပါ "
Supreme Water Doctor Office
No. 19/C, Nawaday Garden, Yangon-Pathein Road, Hlaing Thar Yar Township, Yangon, Myanmar.
Hot Line : 0943153306, 095067442, 09450059302~3
Tel : + 95 1 689718~9, 689376~7~8
Fax : + 951685237
Email : waterdr@suprme-companies.com
Website : http://www.supremewaterdr.com

# WBO ခရူဇာဝိတ်တန်းချန်ပီယံခါးပတ် မားကိုစ်ဟက်ခ် (၁၃)ကြိမ်မြောက် ကာကွယ်နိုင်ခဲ့

**ကမ္ဘာ့လက်ဝှေ့အဖွဲ့ (WBO) ၏ ခရူဇာဝိတ်တန်း ချန်ပီယံ ခါးပတ်ပိုင်ရှင် မားကိုစ်ဟက်ခ်သည် ချန်ပီယံခါးပတ် ကာကွယ်ပွဲအဖြစ် စိန်ခေါ်သူ အီတလီနိုင်ငံသား မီကိုလာဟက်တီနှင့် ပြီးခဲ့သည့် ဩဂုတ်လ ၃၀ ရက် က ဂျာမနီနိုင်ငံ ဟာလီမြို့၌ ထိုးသတ်ခဲ့ရာ အမှတ်ဖြင့် အနိုင်ရရှိပြီး ချန်ပီယံ ခါးပတ်ကို ကာကွယ်နိုင်ခဲ့သည်။**

ဆားဘီးယားနိုင်ငံတွင် မွေးဖွားခဲ့ပြီး ဂျာမနီနိုင်ငံသားအဖြစ် ခံယူထားသူ မားကိုစ်ဟက်ခ် (၂၉နှစ်)သည် လာဟက်တီနှင့် ထိုးသတ်ခဲ့သည့် ချန်ပီယံခါးပတ် ကာကွယ်ပွဲ၌ ၁၁၆-၁၁၂ မှတ်၊ ၁၁၆-၁၁၂ မှတ်၊ ၁၁၈-၁၁၀ မှတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ပရော်ဖက်ရှင်နယ် လက်ဝှေ့သမား သက်တမ်းအတွင်း စုစုပေါင်း ၄၁ ပွဲ ထိုးသတ်ခဲ့ရာတွင် ၃၈ ပွဲ နိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးနိမ့်ပြီး ၂၆ ပွဲ၌ အလဲထိုးနိုင်ခဲ့သူ မားကိုစ်ဟက်ခ်သည် ၂၀၀၉ ခုနှစ် ဩဂုတ်လ ၂၉ ရက်တွင် အာဂျင်တီးနားနိုင်ငံသား ဗစ်တာအီမီလီယိုရာမီရက်ဇ်အား အနိုင်ယူပြီး WBO ခရူဇာဝိတ်တန်း ချန်ပီယံခါးပတ်ပိုင်ရှင်ဖြစ်လာခဲ့သူ ဖြစ်သည်။

မားကိုစ်ဟက်ခ်သည် WBO ခရူဇာဝိတ်တန်း ချန်ပီယံခါးပတ်ရရှိပြီးနောက် အဆိုပါချန်ပီယံခါးပတ် ကာကွယ်ပွဲအဖြစ် (၁၃)ကြိမ် ထိုးသတ်ခဲ့ပြီး ချန်ပီယံခါးပတ်ကို အောင်မြင်စွာ ကာကွယ်နိုင်ခဲ့သူဖြစ်သည်။ မားကိုစ်ဟက်ခ်သည် ချန်ပီယံခါးပတ်အား(၁၃)ကြိမ် ကာကွယ်နိုင်ခဲ့ခြင်းကြောင့် ယခင်က WBO ခရူဇာဝိတ်တန်း ချန်ပီယံခါးပတ်ကို (၁၃)ကြိမ် ကာကွယ်ပြီးအကြိမ်အများဆုံး ကာကွယ်နိုင်သူအဖြစ် စံချိန်တင်ထားသူ ဗြိတိန်လက်ဝှေ့သမားဟောင်း ဂျွန်နီနယ်လ်ဆင်၏ စံချိန်နှင့် တူညီသွားခဲ့ပြီဖြစ်သည်။

လာဟက်တီနှင့် ထိုးသတ်ခဲ့သည့် ပွဲအပြီးတွင် မားကိုစ်ဟက်ခ်က "ကျွန်တော့်ရဲ့ ပြိုင်ဘက်ကို လေးစားပါတယ်။ ဒါပေမယ့် ကျွန်တော်ဟာ ဒီပွဲမှာ ထိုက်တန်စွာ အနိုင်ရရှိခဲ့တာပါ"ဟု ပြောသွားသည်။

မားကိုစ်ဟက်ခ်နှင့် လာဟက်တီတို့ပွဲတွင် ခုနစ်ချီမြောက်၌ မားကိုစ်ဟက်ခ်၏ လက်သီးချက်ကြောင့် လာဟက်တီ၏ ညာဘက်မျက်လုံးအောက်တွင် ကွဲသွားခဲ့ရပြီး အဆိုပါအချီ၌ပင် မားကိုစ်ဟက်ခ်၏ ထိုးသတ်ချက်ကြောင့် လာဟက်တီ လဲကျခဲ့ရသည်။ သို့သော်လည်း လာဟက်တီလဲကျသွားချိန်တွင် ခုနစ်ချီမြောက် ပြီးဆုံးကြောင်း အချက်ပေး ခေါင်းလောင်းထိုးခဲ့ခြင်းကြောင့် မားကိုစ်ဟက်ခ်သည် အလဲထိုးအနိုင်ရမည့် အခွင့်အရေးကို လက်လွှတ်ခဲ့ရသည်။ မားကိုစ်ဟက်ခ်သည် WBA ဟဲဗီးဝိတ်ချန်ပီယံခါးပတ်အတွက် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်တွင် အဆိုပါခါးပတ်ပိုင်ရှင် ရုရှားနိုင်ငံသား ပိုဗက်ကင်အား စိန်ခေါ်ထိုးသတ်ခဲ့သော်လည်း အရေးနိမ့်ခဲ့ရသည်။ ■

မားကိုစ်ဟက်ခ်သည် ၂၀၀၉ ခုနှစ် ဩဂုတ်လ ၂၉ ရက်တွင် အာဂျင်တီးနားနိုင်ငံသား ဗစ်တာအီမီလီယိုရာမီရက်ဇ်အား အနိုင်ယူပြီး WBO ခရူဇာဝိတ်တန်း ချန်ပီယံခါးပတ်ပိုင်ရှင်ဖြစ်လာ။



# ၂၀၁၄ ခုနှစ် Tour of Britain စက်ဘီးပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ဝီဂင်စ် ပါဝင်ယှဉ်ပြိုင်မည်

ထက်အောင်



၂၀၁၄ ခုနှစ် Tour of Britain စက်ဘီးပြိုင်ပွဲတွင် Team Sky စက်ဘီးအသင်းမှ ပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင် ခြောက်ဦးစာရင်း၌ ဗြိတိန်နိုင်ငံသား စက်ဘီးသမား ဆာဘရက်ဒလေဝီဂင်စ် ပါဝင်လာခြင်းကြောင့် ဝီဂင်စ်အနေဖြင့် ၂၀၁၃ ခုနှစ် Tour of Britain စက်ဘီး ပြိုင်ပွဲတွင်ရရှိထားသည့် ချန်ပီယံဆုကို ယခုနှစ်ပြိုင်ပွဲ၌ ကာကွယ်ခွင့်ရရှိမည် ဖြစ်သည်။

အဆင့် (၈) ဆင့်ဖြင့် ကျင်းပမည့် ၂၀၁၄ ခုနှစ် Tour of Britain စက်ဘီးပြိုင်ပွဲကို လာမည့်စက်တင်ဘာ ၇ ရက် တွင် လီဗာပူးမြို့မှ စတင်မည်ဖြစ်ပြီး စက်တင်ဘာ ၁၄ ရက်တွင် လန်ဒန်၌ အဆုံးသတ်မည်ဖြစ်သည်။

ဝီဂင်စ်က "Tour of Britain စက်ဘီးပြိုင်ပွဲဟာ ကျွန်တော့်အတွက် တကယ့်ကိုကောင်းမွန်တဲ့ ပြိုင်ပွဲတစ်ပွဲဖြစ်ပါတယ်။ ဒီပြိုင်ပွဲကို ချန်ပီယံဆု ကာကွယ်သူတစ်ဦးအနေနဲ့ ပါဝင်ခွင့်ရရှိတာကလည်း ဂုဏ်ယူစရာပါ။ ဒီပြိုင်ပွဲဟာ ခက်ခဲတဲ့ပြိုင်ပွဲတစ်ခုဖြစ်ပါတယ်။ ဒါပေမယ့် ပရိသတ်တွေရဲ့အားပေးမှုကတော့ မယုံကြည်နိုင်လောက်အောင် ကောင်းမွန်တယ်"ဟု ပြောသွားသည်။

ယခုနှစ် Tour of Britain စက်ဘီးပြိုင်ပွဲတွင် ဝီဂင်စ်က ချန်ပီယံဆုကို ကာကွယ်နိုင်လိမ့်မည်ဟု ရေပန်းစားလျက်ရှိသော်လည်း Tinkoff-Saxo အသင်းမှ အသက် ၃၀ အရွယ်နီကို လပ်စ်ရိုချီနှင့် အကြိတ်အနယ် ယှဉ်ပြိုင်ရလိမ့်မည်ဟု ထင်ကြေးပေးမှုများလည်း ထွက်ပေါ်လျက်ရှိသည်။ နီကိုလပ်စ်ရိုချီသည်လာမည့် နှစ်အတွင်း Team Sky အသင်းသို့ ပြောင်းရွှေ့ရန် ဆက်သွယ်ခြင်းခံနေရသူဖြစ်သည်။

အသက် ၃၄ နှစ်အရွယ်ရှိ ဝီဂင်စ်သည် အစောပိုင်းက စပိန်နိုင်ငံတွင် ဩဂုတ်လ ၂၃ ရက်၌ စတင်ကျင်းပခဲ့ပြီး စက်တင်ဘာ ၁၄ ရက်တွင် ပြီးဆုံးမည့် Vuelta a Espana စက်ဘီးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် စီစဉ်ခဲ့သည်။ သို့သော်လည်း အဆိုပါပြိုင်ပွဲတွင် Team Sky စက်ဘီးအသင်းမှ ခရစ်ဖိုမီ ပါဝင်ယှဉ် ပြိုင်ခဲ့ခြင်းကြောင့် ဝီဂင်စ်သည် Tour of Britain စက်ဘီးပြိုင်ပွဲတွင် ပါဝင် ယှဉ်ပြိုင်ရန် ပြောင်းလဲစီစဉ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ဝီဂင်စ်သည် ၂၀၁၄ ခုနှစ် ဓနသဟာယနိုင်ငံများ အားကစားပြိုင်ပွဲ၌ အင်္ဂလန်စက်ဘီးအသင်းတွင် ပါဝင်ခဲ့ပြီး မီတာ ၄၀၀၀ အသင်းလိုက်ပြိုင်ပွဲတွင် ငွေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့သည်။ ■

ခြင်္သေ့ညီနောင် အကြောအားတိုးဆေး
TMR 011337(0115)